ကြေးမုံ
*The Mirror Daily*
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက် စနေနေ့။ Saturday, 10 June 2017 (၇၉၅၁)

# ရှေးဟောင်းအဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အွန်တိုရီယိုပြည်နယ်မှ စေတနာ့ဝန်ထမ်းများ မြန်မာနိုင်ငံသို့ လာရောက်ရေးတို့ကို

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘုရင်ခံချုပ် မစ္စတာဒေးဗစ်ဂျွန်စတန်၊ ဝန်ကြီးချုပ် မစ္စကက်သရင်းဝင်းတို့ ဆွေးနွေး

**အော်တာဝါ ဇွန် ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာဒေးဗစ်ဂျွန်စတန်တို့ ဇွန် ၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အော်တာဝါမြို့ရှိ ဘုရင်ခံချုပ်နေအိမ် Rideau ခန်းမ၌ တွေ့ဆုံခဲ့ကြသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ပညာရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Andaz Ottawa Market ဟိုတယ်၌ ဖက်ဒရယ်နိုင်ငံများဖိုရမ်မှ စီစဉ်ကျင်းပသည့် ကနေဒါနိုင်ငံ၏ဖက်ဒရယ်စနစ်တွင် တပ်မတော်၏အခန်းကဏ္ဍ၊ တပ်ဘက်၊ အရပ်ဘက်ဆက်ဆံရေး၊ ကနေဒါရဲတပ်ဖွဲ့၏အခန်းကဏ္ဍ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဖက်ဒရယ်လေ့လာရေးခရီးစဉ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်**

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုရွန်တိုမြို့ကွင်းပါခ့်၌ အွန်တိုရီယိုပြည်နယ်ဝန်ကြီးချုပ် မစ္စကက်သရင်းဝင်းနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူမျိုးစုများအကြား သဟဇာတဖြစ်စွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ကနေဒါနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများ မျှဝေသွားရေး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာဒေးဗစ်ဂျွန်စတန်တို့ တွေ့ဆုံစဉ်။



# သက်တမ်း နှစ်ပေါင်းငါးသန်းရှိ အဓိကသဲကြောကြီးကို သဘာဝဓာတ်ငွေ့လုံလောက်ရေးအတွက် စတင်တူးဖော်

**ရန်ကုန် ဇွန် ၉**

လုပ်ကွက်အမှတ် Block A – 6 ရေနက်ပိုင်းတွင် ပထမအကြိမ် အကဲဖြတ်တွင်းအဖြစ် (ပြည်သစ်-၁) တွင်းကို ဇွန် ၈ ရက်တွင် စတင်တူးဖော်ရန်အတွက် တူးဖော်ခြင်းအခမ်းအနား (Ceremonial Spud-in)ကို ကျင်းပခဲ့ကြောင်း သိရသည်။

ယခုတူးဖော်သည့် ပြည်သစ်-၁ ကို ရေအနက် ၆၅၇၈ ပေ (၂၀၀၅ မီတာ) ခန့်တွင် တွင်းအနက်ပေ ၁၅၄၂၀ (မီတာ ၄၇၀၀)ခန့်အထိ တူးဖော်မည်ဖြစ်ပြီး နှစ်ပေါင်းငါးသန်းခန့်သက်တမ်းရှိ အဓိကသဲကြောများ၏ သဘာဝဓာတ်ငွေ့ထုထည်ပမာဏနှင့် အလားအလာကို အကဲဖြတ်ရန်ဖြစ်ကြောင်း၊ ရခိုင်ကမ်းလွန်လုပ်ကွက် A- 6 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရန် MPRL E & P Pte., Ltd. သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားနိုင်သည့် PSC စာချုပ်တစ်ခုကို

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖




ကြေးမုံ


# မြန်မာလုပ်သားတို့၏ ကျွမ်းကျင်မှုမြှင့်တင်ရေး

ကျွမ်းကျင်မှုအဆင့်အတန်း မြင့်မြင့်မားမား လိုအပ်ခြင်းမရှိဟူသော ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ပြည်ပအလုပ်သမားတို့အား ခန့်ထားအသုံးပြုခြင်းတို့ရှိနေသည်ကို ကြားသိရပါသည်။ သက်ဆိုင်ရာလုပ်ငန်းရှင်တို့က မြန်မာအလုပ်သမားများ၌ လိုအပ်သောကျွမ်းကျင်မှုမပြည့်စုံ၍ ဤကဲ့သို့ ခန့်ထားအသုံးပြုရခြင်းဖြစ်သည်ဟု ရှင်းလင်းပါသည်။ မြန်မာအလုပ်သမားတို့၏ ကျွမ်းကျင်မှုအဆင့်အတန်း မြှင့်တင်ရန်လိုအပ်ပုံကို တင်ပြလိုရင်းဖြစ်ပါသည်။ ထို့အပြင် အာဆီယံစီးပွားရေးရပ်မြို့ (ASEAN Economic Community-AEC) ကို ကျင့်သုံးအကောင်အထည်ဖော်ပါက အာဆီယံကျွမ်းကျင်လုပ်သားတို့သည် အာဆီယံတစ်နိုင်ငံမှ နှစ်သက်ရာ တခြားအာဆီယံနိုင်ငံသို့ လွတ်လွတ်လပ်လပ် ရွှေ့ပြောင်းလုပ်ပိုင်ခွင့်ရှိသည်ဖြစ်၍ မြန်မာလုပ်သားတို့၏ ကျွမ်းကျင်မှုအဆင့်အတန်းမြှင့်တင်ရေးကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေ၌ ကျွမ်းကျင်မှုဆိုင်ရာ သက်မွေးကဏ္ဍလုပ်ငန်းစဉ်များ အရည်အသွေးအာမခံချက် မူဘောင်တည်ထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တီးမားဆက်ဖောင်ဒေးရှင်း စင်ကာပူပိုလီတက္ကနစ်နှင့် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းသည် တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်ဖော်ဆောင်လိုက်ခြင်းဖြစ်ပါသည်။ သက်မွေးကဏ္ဍ လုပ်ငန်းစဉ်များတွင် အရည်အသွေးအာမခံချက် မူဘောင်တစ်ခုထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ' သက်မှတ်ပြဌာန်းရေးအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာန အပါအဝင် ပုဂ္ဂလိကကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။

အထက်၌ ရည်ညွှန်းဖော်ပြခဲ့သည့် နားလည်မှုစာချွန်လွှာရေးထိုးမှုသည် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ထိရောက်ထက်မြက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဌာန်းရေးအဖွဲ့သည် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော စံချိန်စံညွှန်းတို့ကို သတ်မှတ်ရမည်သာမက ဤစံချိန်စံညွှန်းတို့အား ဖြစ်မြောက်စေမည့် သင်ရိုးညွှန်းတမ်းတို့ကိုလည်း ရေးဆွဲပြဌာန်းရမည်ဖြစ်ပါသည်။ ထို့အပြင် သင်တန်းကျောင်းများကိုလည်း စနစ်တကျ မှတ်ပုံတင်၍ သတ်မှတ်ကျွမ်းကျင်မှုတို့ကို ပြုစုပျိုးထောင်ပေးနိုင်ခြင်းရှိ၊ မရှိကိုလည်း စစ်ဆေးအကဲဖြတ်ရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သော လေ့ကျင့်ရေးနည်းပြနှင့် စစ်ဆေးရေးမှူးတို့ ခန့်ထားစိစစ်ခြင်းကိုလည်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဌာန်းရေးအဖွဲ့က တာဝန်ယူကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု'စံ'သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်တို့ကို သုံးသပ်ကြည့်ရုံမျှဖြင့် ယခုလက်မှတ်ရေးထိုးလိုက်သော နားလည်မှုစာချွန်လွှာက တိုင်းပြည်အတွက် မည်သို့ မည်ပုံ အကျိုးပြုမည်ကို ချက်ချင်းသိမြင်သွားမည်ဖြစ်ပါသည်။ ဤနားလည်မှုစာချွန်လွှာအရ ခန့်အပ်မည့် သင်တန်းနည်းပြတို့သည် အာဆီယံစံချိန်မီ ဆရာများဖြစ်သည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အာမခံပြောကြားခဲ့ခြင်းကြောင့် မဝေးကွာလှသော အနာဂတ်ကာလ၌ မြန်မာကျွမ်းကျင်လုပ်သားတို့ကို အရှိန်အဟုန်မြင့် မွေးထုတ်နိုင်တော့မည်ဖြစ်ကြောင်း ဝမ်းမြောက်စွာ တင်ပြအပ်ပါသည်။ ။

# မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၉**

မြန်မာပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာကျောင်းသားများ အနေဖြင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၊ ပညာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် သင်တန်းများကို ကောင်းမွန်မှန်ကန်စွာ ရွေးချယ်နိုင်စေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute(TTI)နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ-၂၀၁၇ (International Education Fair Myanmar- 2017) ဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ H.E.Mr.Roland Kobia (Ambassador of European Union in Myanmar)၊ TTI မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ Metro Computer Myanmar Co.,Ltd မှ ဒါရိုက်တာ Takashi Kawasaki နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများ၊ နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာ သင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သော သင်တန်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို စုံလင်စွာ ပြသထားသည်။

၎င်းပြင် ပြပွဲကာလအတွင်း လူငယ်ကျောင်းသားများကို သင့်တော်သည့် ပညာရေး လမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို အကြံပြုပေးခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်ပြီး အထူးသဖြင့် Pre School မှသည် 100% Fully Scholarships ပေးမည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် အခွင့်အလမ်း ရရှိမည်။ ထို့ပြင် ဥရောပသမဂ္ဂမှ ချီးမြှင့်မည့် Erasmus Mundus ဘွဲ့လွန်ပညာ သင်ဆုအကြောင်း ဟောပြောပွဲ၊ ဥရောပသမဂ္ဂနှင့် ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိများ၊ ဥရောပသမဂ္ဂမှ အထူးလက်ဆောင်များပေးအပ်မည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် 'Education & Career Talk Show' ခေါင်းစဉ်ဖြင့် ဦးခင်မောင်ညို (ဘောဂဗေဒ)၊ CVT-Myanmar မှ CEO ဒေါ်ခင်မြတ်စန္ဒာနှင့် TTI မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေတို့က လည်းကောင်း၊ ဇွန် ၁၁ ရက် မွန်းလွဲ ၁နာရီခွဲတွင် ဒေါက်တာမြင့်ဦး (GP)က Scholarship Opportunities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို သက်ဆိုင်ရာ ပညာရေးကျောင်းများမှ ပညာရှင်များကလည်းကောင်း နေ့စဉ် ပညာရပ်အလိုက် ဆွေးနွေးဟောပြောသွားမည်ဖြစ်ပြီး နေ့စဉ် မိုဘိုင်းဟန်းဆက်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်သွားမည်ဖြစ်ရာ ပြပွဲကို ဇွန် ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၀၈၆၀၀ | - | ၉၀၈၆၀၀ |
| မန္တလေး(ရွှေဈေး) | ၉၀၈၆၀၀ | - | ၉၀၈၆၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၈၃၀/၈၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၁၀ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၀၀/၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၂၀/၆၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၅. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉. ၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉. ၇၉၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၂၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၂. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၄၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁. ၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၀. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
သတင်းထောက်မှူး - ဦးဌေးအောင်
theminor.npt@gmail.com
www.facebook.com/themirrordaily



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အွန်တိုရီယို ပြည်နယ်ဝန်ကြီးချုပ် မစ္စကက်သလင်းဝင်းတို့ တွေ့ဆုံစဉ်။

**❂ ရှေ့ဟောင်းအဆောက်အအုံမှ**

လူငယ်များအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရေးအတွက် နှစ်နိုင်ငံအကြား ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အပြန်အလှန် စေလွှတ်ရေး၊ အွန်တိုရီယို ပြည်နယ်မှ စေတနာ့ဝန်ထမ်းများ မြန်မာနိုင်ငံသို့ လာရောက်ရေးတို့နှင့်စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လိုအပ်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ကူညီဖြည့်ဆည်းပေးရန် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ပင်းတယ ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့ သို့ရောက်ရှိကြသည်။


ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အစည်းအဝေးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်သူ ၏လိုအပ်ချက်များ သိမြင်စေဖို့ ပြည်သူနှင့်နီးစပ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များကို ဖြည့် ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ လူတိုင်းတန်းတူ အခွင့်အရေးရရှိပြီး လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးတည်သော ကိုယ်ဝန်ဆောင်မှသည် သက်ကြီး ရွယ်အိုအထိ အာမခံချက်ရှိသည့် လူမှုကာကွယ်စောင့် ရှောက်ရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကလည်း ဒေသလိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုမြေ ဘိုးဘွားရိပ်သာသို့သွားရောက်ပြီး ဘိုးဘွားများကို ရင်းရင်း နှီးနှီးအားပေးစကားပြောကြားကာ အလှူငွေများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း ဒေသခံ မသန်စွမ်းသုံးဦးကလျှောက်ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် အလုပ်ခန့်အပ် လွှာများကိုပေးအပ်ပြီး ရွှေဥမင်လိုဏ်ဂူဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဇွန် ၇ ရက်က ဖြစ်ပွားခဲ့သော တပ်မတော်လေယာဉ် (Y-8 200F အမျိုးအစား၊ လေယာဉ်အမှတ် - ၅၈၂၀) မတော်တဆမှုဖြစ်စဉ်တွင် ကွယ်လွန်သွားခဲ့သော တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် စာနာကူညီမှုအနေဖြင့် CB Bank မှ ကျပ်သိန်း ၃၀၀ ကို ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း (စစ်ဆင်ရေး အထူးအဖွဲ့မှူး၊ ကာကွယ်ရေးဝန်ကြီးဌာန)ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် ရှုံးနိမ့်

**ရန်ကုန် ဇွန် ၉**

အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ရန် စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူကလပ် နီဂါတာအသင်းနှင့် ယနေ့ညနေပိုင်းက Jurong East ကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကျော်ဇင်ထက် (ဂိုး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွဋ်၊ သိန်းသန်းဝင်း၊ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ မောင်မောင်လွင်၊ စည်သူအောင်၊ အောင်သူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ပြီး နီဂါတာအသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံကောင်းမွန်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း ကျော်ကိုကိုအသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးမှစ၍ မြန်မာအသင်းသည် ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒုတိယပိုင်းတွင် နီဂါတာအသင်း ခံစစ်ပိုင်းကို ထင်သလောက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ ၇၁ မိနစ်တွင် နီဂါတာအသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘော ကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကျော်ဇင်ထက်အစား ပြည့်ဖြိုးအောင်၊ ရန်အောင်ကျော်အစား မျိုးကိုထွန်း၊ မောင်မောင်လွင်အစား ဆောင်လမန်၊ ကျော်ကိုကိုအစား သန်းပိုင်၊ဆောင်လမန်အစား ရန်နိုင်ဦးတို့ကို လူစားလဲကစားခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူ နိုင်ငံတွင်ခြေစမ်းပွဲနှစ်ပွဲကစားရာ စင်ကာပူလက်ရွေးစင်အသင်းနှင့် ကွင်းပိတ်ခြေစမ်းပွဲတွင် တစ်ဂိုးစီ သရေကျခဲ့ပြီး ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။ **ဖိုးသော်ဇင်**

**❖ ရွှေဖုံးမှ**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ ကုမ္ပဏီသည် ၂၀၁၂ ခုနှစ် မတ်လမှစတင်ပြီး ပြည်သာရှာဖွေရေးတွင်းများကို တူးဖော်ခဲ့ရာ ပြည်သာရှာဖွေရေးတွင်း (Pyi Thar – 1) မှတစ်ဆင့် သဘာဝဓာတ်ငွေ့တွေ့ရှိသည်ဟု ကြေညာနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် လုပ်ကွက် A-6 တွင် ဒုတိယရှာဖွေရေးတွင်း အဖြစ် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရွှေရည်ထွန်း - ၁ ကို တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောကြီးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ရွှေရည်ထွန်း - ၁ တွင်းသည် မြန်မာနိုင်ငံ၏ ရေအနက်ဆုံး ရှာဖွေရေးတွင်း အဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဤပြည်သစ်အကဲဖြတ်တွင်း - ၁ ကို အောင်မြင်စွာ တူးဖော်နိုင်ပါက နောင်တွင် သဘာဝဓာတ်ငွေ့ကို ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့်အပြင် ပြည်ပပို့ကုန် အဖြစ် ဖြန့်ဖြူးရောင်းချပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နယ်သာလန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လုပ်ကိုင်ရန် စိတ်ဝင်စား

**နေပြည်တော် ဇွန် ၉**

နယ်သာလန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေများ အတည်ပြု ရေးဆွဲပြီးဖြစ်သဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်ရေးကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်တစား စိတ်အားထက်သန်မှုရှိကြောင်း မြန်မာ- နယ်သာလန် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ ဆွေးနွေးပွဲမှ သိရသည်။

မြန်မာ- နယ်သာလန် နှစ်နိုင်ငံကြား စီးပွားရေးလုပ်ငန်း များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ဇွန် ၈ ရက်က ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ပြုလုပ် ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Wouter Jungens ဦးဆောင်သော နယ်သာလန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ ကုန်သည် စက်မှုအသင်းချုပ်တို့ပူးပေါင်းကာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

နယ်သာလန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံတွင် ကုန်သွယ်ရေးကဏ္ဍနှင့် ရင်းနှီး မြှုပ်နှံမှုကဏ္ဍတို့တွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်တစား စိတ်အားထက်သန်မှုရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Wouter Jungens က ပြောသည်။

နယ်သာလန်နိုင်ငံမှ ခေတ်မီနည်းပညာများဖြင့် အောင်မြင်လျက်ရှိသည့် IT Software နှင့် Hardward ဝန်ဆောင်မှုလုပ်ငန်း၊ ရေကြောင်းဝန်ဆောင်မှုလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ် ငန်း၊ ရေသန့်စင်စနစ်နှင့် စက်ပစ္စည်းလုပ်ငန်း၊ ဓာတ်လှေ ကားတပ်ဆင်ခြင်းလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ နို့နှင့် နို့ထွက် ပစ္စည်းလုပ်ငန်း၊ တိရစ္ဆာန်အစာအာဟာရလုပ်ငန်း၊ ပုံနှိပ် လုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ပရိဘောဂလုပ်ငန်း၊ ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း များ ပါဝင်ပြီး မြန်မာနိုင်ငံမှ စိတ်ဝင်စားသော လုပ်ငန်း ရှင်များကလည်း တစ်ဦးချင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော်ရှိပြီး မြန်မာနိုင်ငံ တွင် နယ်သာလန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုမှာ နံပါတ် ၉ အဆင့်တွင်ရှိကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၏ ပြောကြားချက်အရ သိရသည်။

**(ဝဝ၁)**

ကြေးမုံ



# ဗြိတိန်ရွေးကောက်ပွဲ၌ အာဏာရကွန်ဆာဗေးတစ်ပါတီ ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရေး ဝန်ကြီးချုပ်မေ ပြင်ဆင်ပြီ

**လန်ဒန် ဇွန် ၉**

ဗြိတိန်နိုင်ငံ၌ ဇွန် ၈ ရက်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ မည်သည့်နိုင်ငံရေးပါတီကမျှ အမတ်နေရာအများစုကို ဆုပ်ဆုပ်ပိုင်ပိုင် မရရှိခြင်းကြောင့် လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီသည် ညွန့်ပေါင်းအစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရလိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် လိုအပ်သော လွှတ်တော်အမတ် ၃၂၆ နေရာကို မည်သည့်ပါတီကမျှ မရသဖြင့် ဗြိတိန်လွှတ်တော်မှ ညွန့်ပေါင်းလွှတ်တော်တစ်ရပ် ဖြစ်လာမည်ဖြစ်သည်။

အာဏာရကွန်ဆာဗေးတစ် ပါတီခေါင်းဆောင် ဝန်ကြီးချုပ် ထရေစာမေသည် မြောက်အိုင်ယာလန် ဒီမိုကရက်တစ် ယူနီယံနစ်ပါတီအမည်ရှိ ပါတီငယ်တစ်ခုနှင့် အတူ ပူးပေါင်းကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းရန်ပြင်ဆင်လျက်ရှိသည်။

အာဏာရ ကွန်ဆာဗေးတစ်များသည် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်မရခဲ့သဖြင့် ညွန့်ပေါင်းဖွဲ့စည်းမည်ဖြစ်ကြောင်း ဒေါင်းနင်းလမ်းရှိ စံအိမ်တော်တွင် ဝန်ကြီးချုပ် မေက ပြောကြားသည်။

ဝန်ကြီးချုပ်မေသည် ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ဩဇာလွှမ်းမိုးနိုင်စေရန် ရည်ရွယ်လျက် အထွေထွေရွေးကောက်ပွဲကို အချိန်စော၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဇွန် ၉ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၆ မိနစ်တွင် ထုတ်ပြန်သော ရွေးကောက်ပွဲရလဒ်အရ ကွန်ဆာဗေးတစ် ပါတီက အမတ်နေရာ ၃၁၈ နေရာ၊ လေဘာပါတီက ၂၆၁ နေရာ၊ စကော့တလန် အမျိုးသားပါတီက ၃၅ နေရာ၊ လစ်ဘရယ်ဒီမိုကရက်က ၁၂ နေရာ၊ ဒီမိုကရက်တစ် ယူနီယံနစ်ပါတီက ၁၀ နေရာ အသီးသီး ရရှိခဲ့သည်ဆို၏။

၂၀၁၀ ပြည့်နှစ်ကလည်း ကွန်ဆာဗေးတစ်ပါတီသည် လစ်ဘရယ်ဒီမိုကရက်ပါတီနှင့် ပူးပေါင်းကာ အစိုးရဖွဲ့စည်းခဲ့ရသည်။ ထိုစဉ်က ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် ဒေးဗစ်ကင်မရွန်းက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။

ဝန်ကြီးချုပ်မေသည် ဇွန် ၉ ရက်တွင် အဲလိဇဘက်ဘုရင်မကြီးအား တွေ့ဆုံကာ အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် ခွင့်ပြုချက်တောင်းခံခဲ့သည်။ **ရိုက်တာ။**





## ဗီယက်နမ်နိုင်ငံမြို့တော် ဟိုချီမင်းတွင် ရဟတ်ယာဉ်ငှားရမ်းပြီး လိုရာခရီးသို့ သွားရောက်နိုင်

**ဟိုချီမင်း ဇွန် ၉**

ဗီယက်နမ်နိုင်ငံမြို့တော် ဟိုချီမင်းတွင် နိုင်ငံပိုင်ရဟတ်ယာဉ်ကုမ္ပဏီတစ်ခုက မြို့တော်အတွင်း ခရီးသည်များ၏လိုရာခရီးသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဟိုချီမင်းမြို့တော်ရှိ ၁၆၄ မီတာ မြင့်မားသော Times Square မိုးမျှော်တိုက်၏ ခေါင်မိုးပေါ်မှ Tan Son Nhat နိုင်ငံတကာလေဆိပ် (သို့မဟုတ်) ခရီးသွားများ၏ လိုရာခရီးသို့ ခရီးသွားပြည်သူများအား ပို့ဆောင်ပေးမည်ဖြစ်ကြောင်း နိုင်ငံပိုင်ရဟတ်ယာဉ်ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ခရီးသွားပြည်သူများအား လိုက်ပါပို့ဆောင်ရာတွင် ကုမ္ပဏီအနေဖြင့် အဲဘတ်စ် ရဟတ်ယာဉ်ကုမ္ပဏီမှ ထုတ်လုပ်သည့် EC-155 B1 ရဟတ်ယာဉ်အမျိုးအစားကို အသုံးပြုမည်ဖြစ်သည်။ ယင်းရဟတ်ယာဉ်သည် လေယာဉ်မောင်း နှစ်ဦးနှင့် ခရီးသွား ၁၂ ဦးလိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

မြို့တော်ဟိုချီမင်းတွင် ရဟတ်ယာဉ်အငှားပို့ဆောင်မှုအပြင် အရေးပေါ်မီးငြိမ်းသတ်ရေးကဲ့သို့သော အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည့် ရဟတ်ယာဉ် ရပ်နားရန်နေရာပါရှိသော မိုးမျှော်တိုက် ၁၀ လုံးခန့်ရှိသည်ဟု မီးသတ်တပ်ဖွဲ့ဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ ရဟတ်ယာဉ်ကုမ္ပဏီက နိုင်ငံ၏မြောက်ဘက်ပိုင်းရှိ စီရင်စုအများအပြားတွင် လူခြောက်ဦး(သို့မဟုတ်) ခုနစ်ဦး အုပ်စုတစ်စုအတွက် တစ်နာရီလျှင် အမေရိကန်ဒေါ်လာ ၂၆၄၀ ဖြင့် ရဟတ်ယာဉ်များ ငှားရမ်းပို့ဆောင်ရေးဝန်ဆောင်မှုကို ၂၀၁၅ ခုနှစ်မှစပြီး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ။**

## ပါကစ္စတန်တွင် ပြန်ပေးဆွဲခံရသည့် တရုတ်ကျောင်းဆရာနှစ်ဦးကို အိုင်အက်စ်အဖွဲ့ သတ်ဖြတ်လိုက်ပြီဟုဆို

**ပေကျင်း ဇွန် ၉**

ပါကစ္စတန်နိုင်ငံတွင် ပြန်ပေးဆွဲခံရသော တရုတ်ကျောင်းဆရာနှစ်ဦးကို သတ်ဖြတ်လိုက်ပြီ ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ထုတ်ပြန်ကြေညာခြင်းကို တရုတ်နှင့် ပါကစ္စတန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ပါကစ္စတန်အာဏာပိုင်များထံမှ သတင်းအချက်အလက်များရရှိရန် တရုတ်အစိုးရက ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချောင်းယင်က ဆင်ဟွာသတင်းဌာနသို့ ယနေ့ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း ပါကစ္စတန် လုံခြုံရေးအရာရှိနှစ်ဦးက ပြောကြားကြသည်။

သတ်ဖြတ်ခံထားရသော အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၁၂ ဦး၏ ဓာတ်ပုံများကို ပါကစ္စတန်တပ်မတော်က ထုတ်ပြန်ပြီး နာရီအတန်ကြာတွင် အိုင်အက်စ်အဖွဲ့က တရုတ်ကျောင်းဆရာများကို သတ်ဖြတ်လိုက်ပြီဟု ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် အိုင်အက်စ် စစ်သွေးကြွများက အခြေစိုက်စခန်း တည်ဆောက်ရန် ကြိုးပမ်းမှုကို ပါကစ္စတန်စစ်ဘက်က ယခုရက်သတ္တပတ်အတွင်း စစ်ဆင်ရေးတစ်ရပ်ဖြင့် ဖြိုခွင်းခဲ့ရာတွင် အိုင်အက်စ်စစ်သွေးကြွများ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဓားစာခံများနှင့် သက်ဆိုင်နေသော သတင်းများကို မိမိတို့ရခဲ့ပြီး ၎င်းတို့အတွက် စိုးရိမ်သောကဖြစ်မိကြောင်း၊ ဖမ်းဆီးခံ ဓားစာခံများ လွတ်မြောက်ရေးအတွက် လွန်ခဲ့သည့်ရက်များအတွင်းက မိမိတို့ကြိုးပမ်းခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဓားစာခံအဖြစ် ပြန်ပေးဆွဲခံရသူ တရုတ်ကျောင်းဆရာ နှစ်ဦးမှာ ပုဂ္ဂလိကဘာသာစကားသင် ကျောင်းတစ်ကျောင်းမှဖြစ်သည်။ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ကွက်တာမြို့တွင် မေ ၂၄ ရက်က ၎င်းတို့လိုက်ပါလာသော မော်တော်ယာဉ်တစ်စီးကို ရဲများ အသွင်ဝတ်ဆင်ထားသော သေနတ်သမားများက ရပ်တန့်စေကာ ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်သော တရုတ်ကျောင်းဆရာနှစ်ဦးကို သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ဇွန် ၈ ရက် နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ။**





## ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေးလုပ်ဆောင်နိုင်ရန် ပြင်သစ်က ကမ္ဘာတစ်ဝန်းရှိပညာရှင်များကိုဆွဲဆောင်

**ပါရီ ဇွန် ၉**

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုထိန်းညှိရေး သဘောတူညီချက်မှ နုတ်ထွက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆုံးဖြတ်ခဲ့ပြီးနောက် နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပြင်သစ်သို့လာရောက်၍ လုပ်ကိုင်နိုင်ရန်ဆွဲဆောင်သည့် ဝက်ဘ်ဆိုက်တစ်ခုကို သမ္မတအီမင်နျူယယ်မေခရွန်က ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ရာသီဥတုပြောင်းလဲမှုပြဿနာနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်နေကြသည့် ကမ္ဘာ့နိုင်ငံအားလုံးမှ ပညာရှင်များ၊ သုတေသီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများစသည့် ပုဂ္ဂိုလ်များသည် ပြင်သစ်နိုင်ငံသို့လာရောက်၍ အခြေစိုက်နေထိုင်ကာ အလုပ်လုပ်ကိုင်နိုင်စေရန် ပြင်သစ်အစိုးရအဖွဲ့က အကူအညီပေးသွားမည်ဖြစ်ပြီး ပြင်သစ်သို့လာရောက်ကာ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ဆက်သွယ်နိုင်မည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်နေသည့် သတင်းအချက်အလက်များကို အဆိုပါဝက်ဘ်ဆိုက်တွင် တင်ထားပေးမည်ဆို၏။

**ရိုက်တာ။**

■

# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆဖြစ်စဉ်နှင့်ပတ်သက်၍ ဝမ်းနည်းကြောင်း အဆိုတင်သွင်း

**နေပြည်တော် ဇွန် ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းက တပ်မတော်သားများနှင့် မိသားစုများအတွက် သက်သာချောင်ချိရေးပို့ဆောင် ကြိုဆိုသော တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8-200 F အမျိုးအစား၊ လေယာဉ်အမှတ်-၅၈၂၀)သည် စစ်သည်၊ မိသားစု ၁၀၈ ဦး၊ လေယာဉ်အမှုထမ်း ၁၄ ဦး နှင့် ကုန်တန်ချိန် ၂ ဒသမ ၄ တန်ခန့် သယ်ဆောင်ကာ ဇွန်လ ၇ ရက် မွန်းလွဲ ၁ နာရီ ၆ မိနစ်က မြိတ်မြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာပြီး အမြင့်ပေ ၁၈၀၀၀ မှ ပျံသန်းနေစဉ် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ထားဝယ်မြို့၏ အနောက်တောင်ဘက် ၄၃ မိုင်ခန့်အရောက်တွင် ထားဝယ်လေဆိပ်နှင့် အဆက်အသွယ်ရရှိပြီးနောက်ပိုင်း ဆက်သွယ်မှုပြတ်တောက်သွားခဲ့သည့်အတွက် **တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8-200 F အမျိုးအစား၊ လေယာဉ်အမှတ်-၅၈၂၀) မတော်တဆဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ထပ်တူထပ်မျှပူဆွေးဝမ်းနည်းကြေကွဲရပါကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။ ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက နှစ်မိနစ် ငြိမ်သက်မေတ္တာပို့ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် အဆိုပြုတင်ပြထားသော ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်တို့နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် အဆိုပြုတင်ပြထားသော ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့အား လွှတ်တော်သို့ အမည်စာရင်းတင်ပြပြီး ကန့်ကွက်လိုသူရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၆/၂၀၁၇)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို က လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေသည် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများက အကောင်အထည်ဖော်ရန် ခက်ခဲသည့် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် အကျိုးကျေးဇူးများပြားပါကြောင်း၊ လုပ်ငန်းများ မဆောင်ရွက်မီ မဲဆန္ဒနယ်မြေအသီးသီးမှ ကျေးရွာများ၏ လုပ်ငန်းလိုအပ်ချက်များကို ခန့်မှန်းတွက်ချက်မှု၊ ခတ်ပုံအထောက်အထားများနှင့် စုစည်းပြီး အမှုတွဲပြုလုပ်ကာ ဦးစားပေးအဆင့်အလိုက် စုစည်းထားသင့်ပါကြောင်း၊ လုပ်ငန်းပြီးစီးမှုအတွက် မြို့နယ်ချုပ်စာရင်းအနေဖြင့် အစီရင်ခံစာနှင့်အတူ ဆောင်ရွက်ပြီးလုပ်ငန်း တစ်ခုချင်းစီတွင် ပါဝင်သည့် စာရင်းဇယား၊ တန်ဖိုးငွေ၊ ရှင်းတမ်းပြီးစီးမှုခတ်ပုံအထောက်အထားများနှင့်အတူ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ ပေးပို့အစီရင်ခံသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါက်တာကျော်ငွေ၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လေရှိုးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်နှင့် ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်တို့ကလည်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၆/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပေးပို့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူခဲ့ပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၆/၂၀၁၇) ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးသူဟိန်း၊ အေးအေးသန့်(သတင်းစဉ်)**

■



## Y-8 လေယာဉ်ပျက်ကျရာတွင် ပါရှိသွားသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်၌ ပါရှိသွားသည့် စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေများကို ကာကွယ်ရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ထောက်ပံ့ငွေများ လာရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ညနေ ၃ နာရီခွဲတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံယူသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ တို့ကို လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Y-8 လေယာဉ်ပျက်ကျခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာမှခေါင်းဆောင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8) ဖြစ်စဉ်နှင့်ပတ်သက်ပြီး သေဆုံးသူများနှင့်ပျောက်ဆုံးသူများ၏ မိသားစုဆွေမျိုးများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြောင်း နိုင်ငံတကာခေါင်းဆောင်များထံမှ နိုင်ငံတော်သမ္မတဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ထံသို့ပေးပို့ခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက သဝဏ်လွှာများပေးပို့ခြင်း၊ သတင်းထုတ်ပြန်ကြေညာခြင်းနှင့် ၎င်းတို့၏မိန့်ခွန်းများတွင် ထည့်သွင်းပြောကြားခြင်းများ ပြုလုပ်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းအထိ ဘရူနိုင်း၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ဗြိတိန်၊ ဘယ်လာရုစ်၊ ကနေဒါ၊ ချက်၊ ပြင်သစ်၊ အီးယူ၊ အစ္စရေး၊ နယ်သာလန်၊ ရုရှား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဆားဗီးယား၊ တူရကီ နှင့် ဇမ်ဘီယာနိုင်ငံတို့မှ ဝမ်းနည်းကြောင်း သဝဏ်လွှာများ၊ ထုတ်ပြန်ကြေညာချက်များ ပေးပို့/ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျက်ကျခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပါတီများ၊ အသင်းအဖွဲ့များထံမှ ဝမ်းနည်းကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ် (Y-8) ဖြစ်စဉ်နှင့်ပတ်သက်ပြီး သေဆုံးသူများနှင့် ပျောက်ဆုံးသူများ၏ မိသားစုဆွေမျိုးများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြောင်း ပါတီများ၊ အသင်းအဖွဲ့များက ကြေညာချက်၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအပါအဝင်ပါတီများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မီဒီယာအဖွဲ့အစည်းများကလည်း ဝမ်းနည်းကြောင်း ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးသွားသော အိမ်ထောင်စုများအား ထောက်ပံ့

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း ဇွန် ၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော အိမ်ခြေ ၁၉၁ အိမ်အတွက် ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် လာရောက်ထောက်ပံ့လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူပြီး (၁၆) ရပ်ကွက်ရှိ ထိခိုက်ပျက်စီးခဲ့သော အိမ်ထောင်စုများသို့ ဇွန် ၉ ရက်က ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မီးမီး(လှိုင်)**

# မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား အဆင့်မြင့်ဖန်သားမျှင်မီးအလင်းကပ်လှူပူဇော်ခြင်း ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၉**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အဆင့်မြင့်ဖန်သားမျှင်မီးအလင်းကပ်လှူပူဇော်ခြင်း ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ဘုရားကြီး၌ ကျင်းပရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးများက "ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာစ နိဗ္ဘယာ၊ သောကပ္ပတ္တာစ၊ နိသောကာ" အစရှိသော ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုဆုတောင်းမေတ္တာပေးပို့ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက ယခင်ထွန်းညှိကပ်လှူပူဇော်ထားသည့် လျှပ်စစ်မီးကို စက်ခလုတ်နှိပ်၍ ပိတ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဆင့်မြင့်ဖန်သားမျှင်မီးအလင်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပူဇော်ကြပြီး "ဇယန္တော ဗောဓိယာမူလေ" အစရှိသော အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။





ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကို မိုးကောင်းဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသာကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များ၊ အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားတော်မူပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အဆင့်မြင့်ဖန်သားမျှင်မီးအလင်းကပ်လှူပူဇော်ရခြင်းရည်ရွယ်ချက်ကို လျှောက်ထားတော်မူသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသာကျောင်းဆရာတော်က ရေစက်ချတရားချီးမြှင့်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ယင်းနောက် ဗုဒ္ဓစွယ်တော်ပြတိုက်အတွင်း ပြင်ပလှူဖွယ်ပစ္စည်းများပြခန်း (Foreign Contributions) ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်း

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

"ကျွန်တော်တို့အစိုးရအဖွဲ့ဟာ ရန်ကုန်မြို့ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနဲ့ ပတ်သက်ပြီး ကျေနပ်အားရမိပါတယ်။ တချို့လုပ်ဆောင်ချက်တွေဟာ အချိန်တိုအတွင်း အကောင်အထည်ပေါ်လာတာရှိသလို အချို့ကိစ္စတွေဟာ နှစ်အနည်းငယ်ကြာမှ အသီးအပွင့်တွေကို ခံစားရမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan ရေးဆွဲခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် JICA ၊ ပြင်သစ်ယဉ်ကျေးမှုဌာန စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိသည့်အပြင် စက်မှုဇုန်များအဆင့်မြှင့်တင်ရန်အတွက်လည်း လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချရန် ရည်ရွယ်ကာ ဇန်နဝါရီ ၁၆ ရက်က စတင်ပြောင်းလဲခဲ့သည့် Yangon Bus Service စနစ်ကို နိုင်ငံတကာအဆင့်မီဖြစ်အောင် လုပ်ဆောင်လျက်ရှိသည့်အပြင် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ငမိုးရိပ်ချောင်း စသည်တို့ကို အသုံးပြုကာ Yangon Water Bus ပြေးဆွဲရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြီးခဲ့သည့် တစ်နှစ်အတွင်း လယ်ယာကဏ္ဍနှင့် ပတ်သက်၍ ရေနုတ်မြောင်းများ၊ တာတမံများ၊ ရေထိန်းတံခါးများ ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ဆိုသည်။

ထို့ပြင် လယ်ယာကဏ္ဍတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က "ပြီးခဲ့တဲ့ တစ်နှစ်အတွင်း ရုပ်ထွေးဟောင်းနွမ်းနေတဲ့ ဓာတ်ကြိုးတွေ လဲလှယ်ခြင်း၊ မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံအသစ်တွေ တည်ဆောက်ခြင်း စတာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ပြည်သူတွေအတွက်သာမက စက်မှုဇုန်တွေနဲ့ သီလဝါ SEZ စက်မှုဇုန်ကိုလည်း လျှပ်စစ်မီးအပြည့်အဝပေးနိုင်အောင် လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ သာမက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအတွက် အဓိက လိုအပ်ချက်ဖြစ်နေသည့် လျှပ်စစ်မီး အပြည့်အဝပေးနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်စီမံကိန်းနှင့်အညီ လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစဉ်များအဖြစ် မြို့ပြနှင့် ကျေးလက်တို့တွင် လိုအပ်လျက်ရှိသည့် သောက်သုံးရေ ရရှိရေး၊ ရန်ကုန်မြစ်အတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်သွားရေး၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်အား အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ သီလဝါအထူးစီးပွားရေးစက်မှုဇုန်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရေး စသည်ဖြင့် စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရေးနှင့် ရန်ကုန်ဘူတာကြီး အဆင့်မြှင့်တင်မှုကို အဆင့်သုံးဆင့်ဖြစ်သော ရထားလမ်း၊ ကားပါကင်၊ Shopping Mall များနှင့် ကားလမ်းပါဝင်သည့် Design ပုံစံဖြင့် ဖော်ဆောင်သွားရေး၊ တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သူများကို စနစ်တကျစစ်တမ်းကောက်ယူကာ ပြောင်းရွှေ့နေရာချထားပေးရေးနှင့် လိုအပ်သည်များကို ကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး၊ ရန်ကုန်မြို့ တိုးချဲ့မြို့သစ် စီမံကိန်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ New Satellite Town များ ဖော်ဆောင်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရေး စသည်ဖြင့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အလားတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၃၀၀ ခွင့်ပြုခဲ့ရာ ခွင့်ပြုရန်ပုံငွေများဖြင့် သန်လျင်၊ သုံးခွ၊ ကော့မှူး၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ခုံးကျော်တံတားတည်ဆောက်မည့် ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ မြို့နယ် ၁၂ မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘတ်ဂျက်ခွဲဝေသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ရန်လိုအပ်လျက်ရှိသော တွံတေး၊ သုံးခွ၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့တွင် ကွန်ကရစ်လမ်းခင်းခြင်း၊ သောက်သုံးရေကန်တူးဖော်ခြင်း ၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ပြည်သူများ၏ နေထိုင်မှုအခက်အခဲကြောင့် ကျူးကျော်များ ဖြစ်ပေါ်လာရခြင်းကို ဖြေရှင်းနိုင်ရန်အတွက် အိမ်ရာဆောက်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ City Bank တွင် အဖွဲ့အစည်းများအတွက် ရင်းနှီးငွေကျပ် ၆၄ ဘီလီယံထည့်ဝင်၍ လည်းကောင်း၊ YBS စနစ်ဖြင့် မော်တော်ယာဉ် သယ်သူပို့ဆောင်ရေးအများပိုင်ကုမ္ပဏီတွင် ကျပ် ၇၀ ဘီလီယံဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်နှစ်တာဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဖေဇော်**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဆိုဗီယက်ခေတ် လူမျိုးအခြေပြုဖက်ဒရယ်နှင့် ပြိုကွဲမှုအန္တရာယ်

ရဲထွန်း(သီပေါ)

ဖက်ဒရယ်ဆိုသော ဝေါဟာရကို မြန်မာ့နိုင်ငံရေးတွင် တွင်တွင်ကျယ်ကျယ် ပြောဆိုခဲ့သည်မှာ ၁၉၆၀-၆၁ ခုနှစ် ဝန်းကျင်လောက်က ဖြစ်မည်ထင်ပါသည်။ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ရုံခန်းမဆောင်၌ ပထမအကြိမ် ဖက်ဒရယ်မူဆွေးနွေးပွဲကြီးကို စတင်ခဲ့ပြီး မတ် ၁ ရက်တွင် ဒုတိယအကြိမ်ဆွေးနွေးပွဲကို အဆိုပါ အသံလွှင့်ရုံမှာပင် ဆက်လက်ဆွေးနွေးခဲ့သည်။ ရည်ရွယ်ချက်မှာ ထိုစဉ်က တည်ဆဲ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ပြန်လည်အသစ်ရေးဆွဲရေးဖြစ်ပါသည်။ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဆုံးသော အဆိုပါ အခြေခံဥပဒေပုဒ်မ ၂၀၁ နှင့် ၂၀၂ တို့တွင် ပြည်နယ်များသည် အခြေခံဥပဒေအာဏာ သက်ရောက်ပြီး ၁၀ နှစ်နောက်ပိုင်းတွင် ခွဲထွက်လိုက ခွဲထွက်ခွင့်ပြုထားသည်။

သို့သော်လည်း ၁၉၆၂ ခုနှစ် မတ် ၂ ရက်တွင် တပ်မတော်က အာဏာ သိမ်းလိုက်သည့်အတွက် ဖက်ဒရယ်မူ ဆွေးနွေးပွဲများ ရပ်ဆိုင်းသွားခဲ့ပါတော့သည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေလည်း တစ်ပါတည်း ချုပ်ငြိမ်းသွားလေသည်။ ထို့နောက်ပိုင်းတွင်ကား ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကာ ပြောဆိုဆွေးနွေးခွင့်များ ပိတ်ပင်တားမြစ်သည့် ခေတ်ကြီးကို ဖြတ်သန်းခဲ့ကြရသဖြင့် ဖက်ဒရယ်အကြောင်း ထဲထဲဝင်ဝင် ပြောဆိုဆွေးနွေး သိမြင်ခွင့်မရခဲ့ကြတော့ချေ။ သို့ဖြစ်လေရာ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဆိုသည့် ဝေါဟာရနှင့် ဖက်ဒရယ်အကြောင်း လေ့လာပြောဆိုမှုများမှာ ထိုစဉ်မှစ၍ သေဆုံးသွားခဲ့သည်ဟု ဆိုနိုင်သည်။

နှစ်ပေါင်း ၅၀ ကျော်ကြာ သေဆုံးသွားခဲ့သော ဖက်ဒရယ်သည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့်အတူ ယခုအခါ ပြန်လည်ရှင်သန်ခွင့်ရခဲ့ပြန်ပါပြီ။ (၂၁)ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် ဖက်ဒရယ်အခြေခံဥပဒေဆိုင်ရာ အခြေခံမူများအကြောင်းကို ကျယ်ကျယ်လောင်လောင် ပြောဆိုဆွေးနွေးခွင့် ရလာကြပြန်ပါသည်။ ဤသည်မှာ ကောင်းသောကိစ္စဖြစ်ပြီး ဖက်ဒရယ် ဆွေးနွေးပွဲနှစ်ခု၏ အဓိကခြားနားချက်မှာ ၁၉၆၁ ခုနှစ် ဖက်ဒရယ်ဆွေးနွေးပွဲ ပြုလုပ်စဉ်က တပ်မတော်သားကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းမရှိသဖြင့် မတက်ရောက်နိုင်ခဲ့ကြခြင်းနှင့် ယခု (၂၁)ရာစု ပင်လုံညီလာခံတွင် တပ်မတော်သား ကိုယ်စားလှယ်များပါဝင်တက်ရောက်ခွင့်ရသည့်အပြင် တည်ဆဲ ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင် သို့မဟုတ် အသစ်ရေးဆွဲရေးမှာ တပ်မတော်၏ သဘောတူညီချက် မရလျှင်မဖြစ်သည့် အနေအထားအောက်တွင် ကျင်းပရခြင်း ဖြစ်ပါသည်။

### NLD အစိုးရ၏ ဒီမိုကရေစီဖက်ဒရယ်

NLD အစိုးရတက်လာပြီးနောက် (၂၁) ရာစုပင်လုံညီလာခံကျင်းပမည်။ ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုချီတက်မည်ဟု ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ကြေညာလိုက်သောအခါ ပင်လုံညီလာခံဟု နာမည်တပ်ရင် ခွဲထွက်ခွင့် ပါပေးရမည်ဆိုသော အသံများဆူညံလာခဲ့သည်။ ထင်မှတ်ထားသည့်အတိုင်းပင် ပထမအကြိမ် (၂၁) ရာစုပင်လုံညီလာခံ စတင်ကျင်းပသောအခါ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီအချို့ကပါ တိုင်းရင်းသား လူမျိုးများအလိုက် ကိုယ်စားပြုသည့် ပြည်နယ်ကိုယ်စီဖွဲ့၍ အားလုံးတန်းတူရေး အခြေခံမူဖြင့် ပူးပေါင်းတည်ဆောက်ကြမည့် ဆိုဗီယက်ခေတ်ပုံစံ ဖက်ဒရယ်စနစ် (Ethnofederalism)ကို တင်ပြလာကြသည်များရှိခဲ့သည်။

အကြောင်းမှာ ဖက်ဒရယ်ဝိညာဉ်သေဆုံးသွားသော ၁၉၆၂ ခုနှစ် တစ်ဝိုက်က မြန်မာနိုင်ငံရေးသမားတို့ အာရုံထားကြသည်မှာ ဆိုဗီယက်၏ လူမျိုးတိုင်း တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိရေး အခြေခံမူအောက်တွင် စိတ်တူ ကိုယ်တူပူးပေါင်းကာ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိသည့် ဖက်ဒရယ်ပုံစံဖြစ်သည်။ ၁၉၆၂ ခုနှစ် တစ်ဝိုက်က ဖက်ဒရယ်အရေး ဆွေးနွေးခဲ့သည့်ပုဂ္ဂိုလ်များမှာ ဒီမိုကရေစီ ကျင့်သုံးသော အမေရိကန်ဖက်ဒရယ်၊ ဂျာမနီဖက်ဒရယ်၊ ကနေဒါ ဖက်ဒရယ်စသည်တို့အပေါ် အာရုံမရောက်ချေ။ အကြောင်းမှာ အဆိုပါ နိုင်ငံများ၏ဖက်ဒရယ်စနစ်သည် လူမျိုးကိုအခြေမပြုသည့်အပြင် ခွဲထွက်ခွင့် လည်း မပါဝင်သည့်အတွက် ဖြစ်ပုံရလေသည်။

ယခုဒုတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံ ခြောက်ရက် ကျင်းပသောအခါ တွင် “နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့် အခါမျှ ခွဲမထွက်ရ” ဆိုသောပြဋ္ဌာန်းချက်နှင့်ပတ်သက်၍အငြင်းပွားမှုများဖြစ်ကြ ရသဖြင့် အဆိုပါအချက်နှင့် ဆက်စပ်ပတ်သက်နေသည့် အခြားအချက် ခုနစ်ချက် ကိုပါ အတည်မပြုနိုင်သေးဘဲ နောက်ပိုင်းမှဆွေးနွေးရန် ချန်ထားခဲ့ကြရသည်။

သို့ဖြစ်၍ ဆိုဗီယက်ခေတ်ဖက်ဒရယ်စနစ် “လူမျိုးအခြေပြုတန်းတူညီမျှသည့် သမ္မတနိုင်ငံများဖြင့် ဖွဲ့စည်းသော (Ethnofederalism)နှင့် (Right to secession)ခေါ် ခွဲထွက်ခွင့် အဆက်အစပ်ကိုလေ့လာကြည့်မိသည်။

### ဆိုဗီယက်ယူနီယံ၏ ဆိုရှယ်လစ်ဖက်ဒရယ်စနစ်

၁၉၁၇ ခုနှစ်တွင် မဟာအောက်တိုဘာတော်လှန်ရေးဖြင့် ဇာဘုရင်ကို ဖြုတ်ချခဲ့သော ဆိုဗီယက်ကွန်မြူနစ်ပါတီသည် ၁၉၂၂ ခုနှစ်တွင် ဆိုဗီယက် ယူနီယံကို တည်ထောင်လိုက်သည်။ ဆိုဗီယက်ယူနီယံသည် ဇာဘုရင်၏ ပဒေသရာဇ် အင်ပါယာကိုဆက်ခံပြီး စတုရန်းမိုင် ၈ ဒသမ ၆ သန်း (စတုရန်းကီလိုမီတာ ၂၂ ဒသမ ၄ သန်း) ကျယ်ဝန်းသည့် ကမ္ဘာ့အကြီးမားဆုံး သော တိုင်းပြည်ဖြစ်ခဲ့သည်။

ဆိုဗီယက်ယူနီယံကို သမ္မတနိုင်ငံ ၁၅ ခုဖြင့် ဖွဲ့စည်းထားပြီး ပါဝင်ဖွဲ့စည်း ထားသော နိုင်ငံများသည် တန်းတူညီမျှမှုရှိသည်။ ဆိုရှယ်လစ်ဖက်ဒရယ်စနစ် အခြေခံမူအရ လွတ်လပ်သော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် လူမျိုးပေါင်းစုံ ပါဝင် ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး ဖက်ဒရယ်စနစ်ကျင့်သုံးသည့် ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံများ၏ ပြည်ထောင်စုနိုင်ငံဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထား လေသည်။ စတင်ဖွဲ့စည်းသည့် စာချုပ် ( The treaty of the creation of USSR -1922 ) ပုဒ်မ ၂၆ တွင် ခွဲထွက်ခွင့်ရှိသည်ဟု အတိအလင်းဖော်ပြထား သည်။ တစ်ဖန် ၁၉၇၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ [၇၂] တွင်လည်း ခွဲထွက်ခွင့်ကို အသိအမှတ်ပြုထားလေသည်။

တည်ထောင်ပြီးသည်မှ ၁၉၈၅ ခုနှစ်များအထိ ပါတီစုံဒီမိုကရေစီစနစ်နှင့် လွတ်လပ်သည့် ရွေးကောက်ပွဲများကို ခွင့်ပြုခဲ့ခြင်းမရှိသဖြင့် အမျိုးသားရေး လှုပ်ရှားမှုများနှင့် ခွဲထွက်ရေးလှုပ်ရှားမှုများ ကြီးကြီးမားမား မပေါ်ခဲ့ချေ။

သို့သော်လည်း ၁၉၈၅ ခုနှစ် မီခေး ဂိုဘာချော့ဗ်အာဏာရလာပြီးနောက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအစီအစဉ် ပဲရယ်စတွိုက်ကာနှင့် ပွင့်လင်းမြင်သာရေး ပေါ်လစီဂလပ်စ်နော့တို့ကို ကျင့်သုံးခဲ့သည်။ ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီဗဟိုကော်မတီအစည်းအဝေးက နိုင်ငံရေးအာဏာကို ကွန်မြူနစ်ပါတီက လက်ဝါးကြီးအုပ်ထားမှုကို စွန့်လွှတ် ခဲ့ပြီး လွတ်လပ်သောရွေးကောက်ပွဲများကို ခွင့်ပြုခဲ့သည်။ ထိုနှစ်ထဲတွင်ပင် ဆိုဗီယက်ယူနီယံတစ်ဝန်းလုံးရှိ သမ္မတနိုင်ငံ ၁၅ ခုတွင် လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပခဲ့ရာ လစ်သူရေးနီးယား၊ အက်စ်တိုးနီးယားနှင့် လတ်ဗီးယား တို့ အပါအဝင် သမ္မတနိုင်ငံ ခြောက်ခုတွင် ကွန်မြူနစ်ပါတီက ရှုံးနိမ့်ခဲ့သည်။

ရွေးကောက်ပွဲအနိုင်ရလာသည့် လစ်သူရေးနီးယန်းပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုအဖွဲ့(ဆာယူဒစ်-Sajudis) ၏ ခေါင်းဆောင် ဗီတောတပ်စ်လင်န်ဗားဂျစ် ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြပြီးနောက် လွှတ်တော်က ၁၉၉၀ ခုနှစ် မတ် ၁၁ ရက်တွင် လွတ်လပ်ရေးကြေညာလေ သည်။ သူ့နောက်တွင် အခြားသော ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံများ ဖြစ်သည့် အက်စ်တိုးနီးယားက မတ် ၃၀ ရက်တွင်လည်းကောင်း၊ လတ်ဗီးယား က မေ ၄ ရက်တွင်လည်းကောင်း အသီးသီး လွတ်လပ်ရေးကြေညာခဲ့ကြ သည်။ အဆိုပါ သုံးနိုင်ငံမှာ ဆိုဗီယက်ယူနီယံစတင်ဖွဲ့စည်းစ ၁၉၂၂ ခုနှစ်က ပါဝင်ခဲ့ကြသော နိုင်ငံများမဟုတ်ကြဘဲ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ ခုနှစ် က ဆိုဗီယက်ယူနီယံက တိုက်ခိုက်သိမ်းပိုက်ခဲ့သော နိုင်ငံများဖြစ်ကြသောကြောင့် ခွဲထွက်သည်ဟု မကြေညာဘဲ လွတ်လပ်ပြီဟု ကြေညာခဲ့ခြင်းဖြစ်လေသည်။

၁၉၉၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ရုရှားဖက်ဒရေးရှင်း၏ သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဘောရစ်ယဲ့ဆင်က အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ကြောင်း ကြေညာခဲ့လေသည်။

### ပြိုကွဲမှုကို မတားဆီးနိုင်ကြပြီ

၁၉၉၁ ခုနှစ် ဩဂုတ်လအတွင်း ဂိုဘာချော့ဗ်၏ ပေါ်လစီများကြောင့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားမည်ကို မလိုလားသော ဆိုဗီယက် ပြည်ထောင်စု၏ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် KGB ထောက်လှမ်းရေးအကြီးအကဲတို့ခေါင်းဆောင်ကာ ဂိုဘာချော့ဗ်ထံမှ အာဏာ သိမ်းယူရန်ကြိုးစားကြသော်လည်း ပြည်သူလူထုနှင့် တပ်နီတော်က မထောက်ခံ သဖြင့် မအောင်မြင်ဘဲ ရှုံးနိမ့်သွားလေသည်။

၁၉၉၁ ခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလအတွင်း ဆိုဗီယက်သမ္မတနိုင်ငံ ၁၀ နိုင်ငံက ခွဲထွက်ကြောင်းကြေညာခဲ့ကြပြီး ဒီဇင်ဘာ ၁ ရက်တွင် နောက်ဆုံးကျန်နေသော ယူကရိန်းက ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့ရာ မဲပေးသူ ၉၀ ရာခိုင်နှုန်းက ဆိုဗီယက်ယူနီယံမှ ခွဲထွက်ရန်မဲပေးခဲ့ကြလေသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းလွှတ်တော်က ၁၉၂၂ ခုနှစ် ပြည်ထောင်စုစာချုပ်ပျက်ပြယ်ကြောင်း ကြေညာလိုက်ပြီး ဆိုဗီယက် ပြည်ထောင်စုလွှတ်တော်သို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းလွှတ်တော် ကိုယ်စားလှယ်အားလုံးကိုလည်း တာဝန်မှပြန်လည်ရုပ်သိမ်းလိုက်လေသည်။

သမ္မတနိုင်ငံပေါင်း ၁၅ ခု စုပေါင်း၍ ပြည်ထောင်စုအဖြစ် ဖွဲ့တည်ထားသည့် နိုင်ငံတစ်ခုတွင် အကြီးဆုံးသော ရုရှားဆိုဗီယက်ဆိုရှယ်လစ်ဖက်ဒရေးရှင်းက ခွဲထွက်လိုက်သည့်အချိန်ကတည်းက ပြိုကွဲတော့မည်ဆိုသည်ကို ခန့်မှန်းနိုင်ပါပြီ။ ပြည်ထောင်စု၏သမ္မတကြီးဖြစ်သော ဂိုဘာချော့ဖ်၏အာဏာမှာ မော်စကို မြို့တော်၏ အပြင်ဘက်နားသို့ပင် သက်ရောက်မှုမရှိတော့ချေ။

သို့ဖြစ်၍ ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ဆိုဗီယက်သမ္မတ ဂိုဘာချော့ဗ်သည် သမ္မတရာထူးကို စွန့်လွှတ်လိုက်ပြီး အာဏာအားလုံးကို ရုရှားဖက်ဒရေးရှင်းသမ္မတ ဘောရစ်ယဲ့ဆင်အား လွှဲအပ်လိုက်ကြောင်းကြေညာ ခဲ့လေသည်။

နှစ်ပေါင်း ၅၀ ကျော်ကြာ သေဆုံးသွားခဲ့သော ဖက်ဒရယ်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်အတူ ယခုအခါ ပြန်လည်ရှင်သန်ခွင့်ရခဲ့ပြန်ပါပြီ။ (၂၁)ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် ဖက်ဒရယ်အခြေခံဥပဒေဆိုင်ရာ အခြေခံမူများအကြောင်းကို ကျယ်ကျယ်လောင်လောင်ပြောဆိုဆွေးနွေးခွင့်ရလာကြပြန်ပါသည်။ ဤသည်မှာ ကောင်းသောကိစ္စဖြစ်ပြီး ဖက်ဒရယ်ဆွေးနွေးပွဲနှစ်ခု၏ အဓိကခြားနားချက်မှာ ၁၉၆၁ ခုနှစ် ဖက်ဒရယ်ဆွေးနွေးပွဲ ပြုလုပ်စဉ်က တပ်မတော်သား ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းမရှိသဖြင့် မတက်ရောက်နိုင်ခဲ့ကြခြင်း နှင့် ယခု (၂၁) ရာစုပင်လုံညီလာခံတွင် တပ်မတော်သားကိုယ်စားလှယ် များပါဝင်တက်ရောက်ခွင့်ရသည့်အပြင် တည်ဆဲ ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင် သို့မဟုတ် အသစ်ရေးဆွဲရေးမှာ တပ်မတော်၏ သဘောတူညီချက် မရလျှင်မဖြစ်သည့် အနေအထားအောက်တွင် ကျင်းပရခြင်းဖြစ်။

### ဘာကြောင့် ပြိုကွဲ

ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီးနောက် စီးပွားရေးအဆက်အသွယ်များ ပြတ်တောက်သွားကြပြီး ပြင်းထန်ဆိုးရွားသော စီးပွားရေးအကျပ်အတည်း ဆိုက်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုအဖွဲ့ဝင်ဟောင်း နိုင်ငံများသာမက အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံဟောင်းများတွင်ပါ လူနေမှုအဆင့်အတန်း နိမ့်ကျလျက် ကြီးမားသောကပ်ဘေးသင့်ခဲ့ကြသည်။ ဆင်းရဲကျပ်တည်းခြင်းမှာ ၁၉၃၀ ခုနှစ်များက ဖြစ်ပွားသော မဟာစီးပွားပျက်ကပ်ကြီးထက် ပိုမိုဆိုးရွား သည်။ ဆင်းရဲခြင်း၊ စီးပွားရေးအရ မညီမမျှဖြစ်ခြင်းတို့မှာ ၁၉၈၈-၈၉ ခုနှစ်မှ ၁၉၉၃-၉၅ ခုနှစ်တို့အကြားတွင် ပိုမိုပြင်းထန်သည်။ ၁၉၉၈ ခုနှစ် ရုရှား စီးပွားရေးကပ်ဘေးမကျမီကပင်လျှင် ရုရှား၏ဂျီဒီပီမှာ ၁၉၉၁ ခုနှစ် ပြည်ထောင်စု မပြိုကွဲမီ အရင်နှစ်များ၏ ထက်ဝက်သာရှိတော့သည်။

၂၀၁၄ ခုနှစ်ကပြုလုပ်ခဲ့သော လူထုစစ်တမ်းကောက်ယူမှုတစ်ခုတွင် ရုရှားနိုင်ငံသား ၅၇ ရာခိုင်နှုန်းက ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားမှုကို ဝမ်းနည်းကြောင်းဖော်ပြခဲ့ကြပြီး ၃၀ ရာခိုင်နှုန်းက ဝမ်းနည်းမှုမရှိကြောင်း ဖော်ပြခဲ့ကြသည်။ ရုရှားသက်ကြီးရွယ်အိုများက လူငယ်များထက် ပို၍တမ်းတ ကြသည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလက ယူကရိန်းတွင်ပြုလုပ်သော လူထု စစ်တမ်းကောက်ယူမှုတစ်ခုတွင် ၅၀ ရာခိုင်နှုန်းက ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲမှုကို ဝမ်းနည်းသည်ဟု တုံ့ပြန်ကြသည်။

ဆိုဗီယက်ယူနီယံပြိုကွဲသွားမှုတွင် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ အားပြိုင်မှုစသည့် အကြောင်းအချက်ပေါင်းများစွာရှိသော်လည်း ရုရှား ဖက်ဒရေးရှင်း၏ လက်ရှိသမ္မတ ပူတင်၏ မှတ်ချက်စကားမှာ စိတ်ဝင်စားဖွယ် ကောင်းသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောဆိုရာတွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုမှာ လီနင်၏ သမ္မတ နိုင်ငံများ ခွဲထွက်ခွင့်ရှိသည်ဆိုသည့် သဘောထားကြောင့်ဖြစ်ကြောင်း ပြစ်တင်ပြောကြား လေသည်။

၁၉၂၂ ခုနှစ်က ချုပ်ဆိုခဲ့သည့် (The treaty of the creation of USSR) ဆိုဗီယက်ပြည်ထောင်စုဖွဲ့စည်းခြင်းစာချုပ် နောက်ဆုံးပုဒ်မ ၂၆ တွင် သမ္မတနိုင်ငံများသည် ပြည်ထောင်စုမှ ခွဲထွက်ခွင့်ရှိသည်ဆိုထားပြီး နောက်ပိုင်း ရေးသားပြဋ္ဌာန်းသည့် ၁၉၂၄ ခုနှစ်၊ ၁၉၃၆ ခုနှစ်နှင့် ၁၉၇၇ ခုနှစ် ဆိုဗီယက် ယူနီယံအခြေခံဥပဒေများတွင်လည်း ခွဲထွက်ခွင့်ကို ဆက်လက်ထည့်သွင်းပြဋ္ဌာန်း ခဲ့ကြသည်ကို တွေ့ရလေသည်။

သမ္မတ ပူတင်၏ နိဂုံးချုပ်စကားကို ဖတ်လိုက်ရသောအခါ စာရေးသူတွင် မေးစရာမေးခွန်းနှစ်ခုရှိလာသည်။

ပထမတစ်ခုမှာ-

“လီနင်ခေတ်နောက်ပိုင်းလူများက အဘယ်ကြောင့် အဆိုပါခွဲထွက်ခွင့် ပြဋ္ဌာန်းချက်ကို စောစောစီးစီး မပြင်ဆင်ခဲ့ကြသနည်း” ဟူသည်နှင့်။

ဒုတိယတစ်ခုမှာ-

“မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် အခြေခံဥပဒေပါ ခွဲထွက်ခွင့်နှင့် ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲအပေါ် မည်သို့မှတ်ချက်ပေးလိုပါသလဲ” ဟူ၍။ ။

**ကိုးကား : Wikipedia**
**: Wikisource**

# ရွှေတိဂုံစေတီတော် နယုန်လပြည့်မဟာသမယအခါတော်နေ့ ကျင်းပ

**ရန်ကုန် ဇွန် ၉**

ရွှေတိဂုံစေတီတော် နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆွမ်းတော်ကြီးတင်လှူပူဇော်ကြပြီး ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပဋ္ဌမအကြိမ်မြောက် နယုန်လပြည့်မဟာသမယအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဝင်းနိုင်က ဇယမင်္ဂလာအနုမောဒနာ စာတမ်းအား လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဂုဏသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းစုရပ်မှစတင်၍ ဂေါပကအဖွဲ့ဝင်များက မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာခြင်းကို ဖော်ကျူးသော အခမ်းအနား အဆောင်အယောင်များဖြင့်အုပ်စုနှစ်စုခွဲ၍ စေတီတော်ကြီးအား လက်ဝဲရစ်၊ လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

မဟာသမယနေ့ဟု သတ်မှတ်ရခြင်းမှာ မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ငါးဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၈ ခုနှစ် နယုန်လတွင် ကပိလဝတ်ပြည်နှင့် ကောလိယပြည်မှ တောင်သူလယ်သမားများသည် ရောဟိဏီ မြစ်ရေကို ခွဲဝေသုံးစွဲရာ ညီညွတ်မှုတမှုမရှိဘဲ တိုင်းပြည်အချင်းချင်း စစ်ခင်းစစ်ပြိုင်သော အခြေအနေကို ရောက်ရှိလာသောကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ငြိမ်းချမ်းရေးတရားတော် ဟောကြားခဲ့သည့် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်ခဲ့ကြောင်း သိရသည်။

အလားတူ သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နယုန်လပြည့် မဟာသမယနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းသားအသင်းသူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရှိရသည်။

**(ဇော်မင်းလတ်)**

# မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၂/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)**
**မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမင်းကျော်လွင်ကို မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သီတဂူအဘိဓဇမဟာရဋ္ဌဂုရု ပူဇာကျင်းပ



**ရန်ကုန် ဇွန် ၉**

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူသော သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား သီတဂူအဘိဓဇမဟာရဋ္ဌဂုရု ပူဇာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သန္နိပါတခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂိသက ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် "ပဂ္ဂဏှေပဂ္ဂဟာရဟံ=ချီးမြှောက်ရန် ထိုက်တန်သူကို ချီးမြှောက်ရမည်"ဟူသော ကျမ်းဂန်ဒေသနာတော်နှင့် အညီ ဗုဒ္ဓမြတ်စွာ သာသနာတော်အကျိုးကို သယ်ပိုး ရွက်ဆောင်ခြင်း ဟူသော သာသနဟိတာဝဟဂုဏ်၊ စာပေကျမ်းဂန်များကို သင်ကြားပို့ချခြင်းဟူသော ဂန္ထဓုရာ ဝဟဂုဏ်၊ သမထဝိပဿနာ ဘာဝနာတရားများ ပွားများအားထုတ်ခြင်းဟူသော ဝိပဿနာဓုရာဝဟဂုဏ်၊ ဒါယကာ ဒါယိကာမတို့အား ယဉ်ကျေးလိမ္မာစေလျက် သာသနာစစ် သာသနာမှန်ကို သိနိုင်ကြစေရန် မေတ္တာကရုဏာ ရှေ့ထားကာ ဒေသနာအဝဝ ဩဝါဒအဖြာဖြာကို ဟောဖော်ညွှန်ပြ ဆိုဆုံးမခြင်းဖြင့် သာသနာပြုတော်မူသော ဓမ္မာနုဂ္ဂဟဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသည့်အတွက် သီတဂူဆရာတော်ကြီးအား "အဘိဓဇမဟာရဋ္ဌဂုရု"ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါကြောင်း လျှောက်ထားတင်ပြသည်။

ဆက်လက်၍ သီတဂူဆရာတော်၏ ထေရုပ္ပတ္တိကထာကို သီတဂူ-ကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်တိက္ခသာရကလည်းကောင်း၊ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မဝေဒဂူကျောင်းတိုက် နာယကဆရာတော် သာမဏေကျော်၊ သကျသီဟ ဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ သီတဂူအရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသက သီတဂူဂုဏပူဇာ ဂါထာတော်ဖြင့် လည်းကောင်း အသီးသီး လျှောက်ထားပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူး ပထမကျော် ဦးစံသင်းလှိုင်က ဂုဏာဘိတ္ထဝ မဟာထေရပူဇာ ဂါထာတော်များဖြင့်လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်နှင့် အဖွဲ့က ဂုဏပူဇာမင်္ဂလာရတု၊ တေးထပ်တို့ဖြင့်လည်းကောင်း ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက် ရွှေကျင်သာသနာပိုင် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ရေစက်သွန်းချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

သီတဂူဆရာတော် အလောင်းလျာကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် တပ်ရွာတွင် ခမည်းတော် ဦးမောင်ညို+မယ်တော် ဒေါ်သန်းတင်တို့က ၁၂၉၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။

၁၃၄၀ ခုနှစ်တွင် သီတဂူသာသနာပြုအဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့ပြီး ပြည်တွင်းသာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်တော် မူခဲ့သည်။

၁၃၄၃-၄၄ ခုနှစ်တွင် ဗာရာဏသီဆရာတော်နှင့်အတူ အာရှခြောက်နိုင်ငံသာသနာပြုခရီး၊ ဆရာတော် အရှင်သေဋ္ဌိလနှင့် အင်္ဂလန်နိုင်ငံသာသနာပြုခရီးတို့မှ စတင်ကာ ပြည်ပသာသနာပြုလုပ်ငန်းများ စတင်တော်မူခဲ့ရာ ယနေ့သက်တော်(၈၀) အဘိဓဇအရွယ်တော်ရောက်ခဲ့သည့် အချိန်အထိ နိုင်ငံပေါင်း ၅၀ ကျော်သို့ ကြွရောက် သာသနာပြုတော်မူခဲ့ပြီး နိုင်ငံတကာအစည်းအဝေးပေါင်း ၄၃ ခု တက်ရောက်ကာ မိန့်ခွန်းပြောကြားတော်မူခဲ့ပြီးဖြစ်သည်။

ယခုအခါ ဆရာတော်ကြီးသည် သီတဂူတက္ကသိုလ်များနှင့် သီတဂူသာသနာပြုအဖွဲ့ကြီး၏ အဓိပတိ၊ မလွန်ဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌ၊ ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ မဟာနာယက တာဝန်တို့ကို တွဲဖက်ဆောင်ရွက်တော်မူကာ တရားဟောတရားပြ၊ စာသင်စာချ သက်တော်(၈၀) ကျော်လွန်လာသည့် အရွယ်တိုင်အောင် သာသနာအကျိုးအတွက် ကြိုးပမ်းဆောင်ရွက် သာသနာပြုတော်မူလျက်ရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်း၌ စတုတ္ထအကြိမ်မြောက် မဟာသမယအခါတော်နေ့အခမ်းအနားကို ဇွန် ၉ ရက် နံနက်က ကျင်းပစဉ်။**

မျိုးသန့် (IPRD)

# တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၉**

Radio Frequency Identification (RFID)စနစ် အကောင်အထည်ဖော်နိုင်ရေးအကြံပေးကုမ္ပဏီ ငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး အကြံပေးကုမ္ပဏီ ငှားရမ်းခြင်းဆိုင်ရာ Request for Proposal (RFP) မူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့သည်။

RFID နှင့်စပ်လျဉ်း၍ အကြံပေးကုမ္ပဏီငှားရမ်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်အတွင်း နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းကြော်ငြာ၍ Expression of Intrest (EOI)ကမ်းလှမ်းခေါ်ယူခဲ့ရာ ကုမ္ပဏီ ၁၅ ခုမှ တင်သွင်းခဲ့ပြီး ပဏာမရွေးချယ်ခံရသည့် ကုမ္ပဏီငါးခု၏ အမည်စာရင်းကို ဧပြီလကုန်ပိုင်းက နိုင်ငံပိုင်သတင်းစာတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ RFP အဆင့် ယှဉ်ပြိုင်စိစစ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**RFID စနစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယာဉ်စီးရေတိုးတက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကိုဖြေရှင်းရန်၊ ယာဉ်များကို စစ်ဆေးကြပ်မတ်ရန်၊ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသည့် မော်တော်ယာဉ်များအား အလွယ်တကူစိစစ် ဖော်ထုတ်ဖမ်းဆီးနိုင်ရန်နှင့် တရားမဝင်မှတ်ပုံတင်မဲ့ယာဉ်များအား စစ်ဆေးထိန်းချုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်မည့် RFID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းအတွက် အကြံပေးကုမ္ပဏီငှားရမ်းခြင်းကို လာမည့်အောက်တိုဘာလကုန်အပြီး လျာထားရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

❍ **ကျောဖုံးမှ**

အလှပ်ကျေးရွာသည် ပေါင်မြို့နယ်အတွင်း တည်ရှိပြီး ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ဝင်ရောက်မှုကို တိုက်ရိုက်ခံစားနေရသောဒေသဖြစ်သည်။ နေ့စဉ် ဒီရေအတက်အကျ နှစ်ကြိမ်ရှိပြီး လစဉ် လပြည့်၊ လကွယ်ရက်များတွင် ဒီရေအတက်အကျကြမ်းကာ ဒီရေတက်ကြမ်းချိန်၊ မုန်တိုင်းတိုက်ခတ်ချိန်နှင့် တိုက်ဆိုင်ပါက လေတိုက်နှုန်း မိုင် ၅၀ အထက်ရှိကြောင်း သိရသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတသည် ကျိုက်မရောမြို့သို့ ရောက်ရှိကြပြီး ရွှေဟင်္သာခန်းမ၌ကျင်းပသည့် ပြန်လည်စွန့်လွှတ်မြေယာများ မူလတောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက သိမ်းဆည်းခံလယ်ယာမြေများ၊ အခြားမြေများကို မူလပိုင်ရှင်ပြည်သူများ လက်ဝယ်သို့ပြန်လည်ပေးအပ်နိုင်ရန် နိုင်ငံတော်အနေဖြင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ မြေယာကိစ္စသည် စာရွက်စာတမ်း၊ ပိုင်ဆိုင်မှုနှင့် ဥပဒေကြောင်းအရ ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရပြီး မှတ်တမ်းမှတ်ရာမပြည့်စုံမှုများကြောင့် လက်တွေ့ကိုင်တွယ်ဖြေရှင်းရာတွင် အချိန်ယူရပါကြောင်း၊

ယနေ့ပြန်လည်လုပ်ကိုင်ခွင့်ရရှိကြသည့် တောင်သူများအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပြီး အထွက်နှုန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပါကြောင်း၊

မူလပိုင်ရှင်တောင်သူများထံ လွှဲပြောင်းနိုင်ရန်အတွက် အစိုးရ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မြေယာဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ စေတနာထားကာ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ကိုင်ကြရန်လိုအပ်ပြီး တောင်သူများအနေဖြင့်လည်း လုပ်ငန်းစဉ်မှန်ကန်မြန်ဆန်စေရေး ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်စန်းဝင်းနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့က မူလတောင်သူများထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၏ စွန့်လွှတ်မြေဧရိယာ ၆၃၈ ဧက အနက်မှ ၄၄၂ ဧကကို တောင်သူလယ်သမား ၁၁၈ ဦးထံ ယာယီပုံစံ-၇ ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)ရုံးသို့ သွားရောက်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုလေ့လာသည်။

မော်လမြိုင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံးကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ရုံးဌာနဆိုင်ရာ ၁၀ ခုမှ ဝန်ထမ်းများဖြင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ **(သတင်းစဉ်)**



**ဇွန် ၉ ရက်က မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှို့ခံပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် အာရှသတင်းမီဒီယာထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာရှသတင်းမီဒီယာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာတို့ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

■

❐ **၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲမှ**

သယ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးမည်ဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောင်စာရင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ ခရိုင်အလိုက် သိရှိလိုပါက သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ မြို့နယ်အလိုက် သိရှိလိုပါက သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင်လည်းကောင်း ဇွန် ၁၇ ရက် နံနက် ၆ နာရီနောက်ပိုင်းတွင် စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် အောင်စာရင်း ထုတ်ပြန်မည့် ဇွန် ၁၇ ရက် နံနက် ၆ နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# YBS အတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ဝယ်ယူထားသော ယာဉ်သစ်အစီး ၂၆၀၀ ခန့် ထပ်တိုးရရှိလာမည်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်မြို့ရှိ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဝယ်ယူထားသော ဘတ်စ်ကားသစ်များနှင့် ပုဂ္ဂလိကယာဉ်လိုင်းကုမ္ပဏီတို့မှ ဝယ်ယူထားသော ဘတ်စ်ကားသစ်များအပါအဝင် ယခုလအတွင်း ယာဉ်သစ်အစီး ၂၆၀၀ ခန့်အထိ ရရှိလာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တရုတ်နိုင်ငံရှိ Yutong နှင့် Ankai ကား ကုမ္ပဏီတို့မှ ဝယ်ယူထားသည့် ဘတ်စ်ကားသစ်အစီး ၁၀၀၀ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီဖြစ်ပြီး ပုဂ္ဂလိက ကုမ္ပဏီဖြစ်သော Omni Focus ကုမ္ပဏီမှ ဝယ်ယူထားသော အစီး ၁၀၀၀ အနက် အစီး ၄၀၀ မှာလည်း ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အခြားသော ယာဉ်လိုင်းကုမ္ပဏီတို့မှ ဝယ်ထားသော ဘတ်စ်ကားသစ်များ အပါအဝင် ယာဉ်သစ်အစီး ၂၆၀၀ ခန့်အထိ ရှိလာမည်ဖြစ်သည့်အတွက် ဘတ်စ်ကားဟောင်းများနေရာတွင် အစားထိုးပြေးဆွဲနိုင်မည်ဖြစ်သည့်အပြင် လိုအပ်ချက်ရှိသော နေရာများတွင်လည်း လိုင်းသစ်များ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကာ ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"အခုအစိုးရက ဝယ်ထားတဲ့ ကားအစီး ၁၀၀၀ က ရောက်ရှိနေပါပြီ။ နောက်ပြီး Foton ကားသစ်တွေကလည်း အခု ၅၆ လိုင်းရယ်၊ ၂၀ ရယ်မှာ ပြေးဆွဲနေပါတယ်။ နောက်ထပ် လိုင်းသစ်တစ်ခုအနေနဲ့ Foton ကားသစ်တွေနဲ့ လှိုင်သာယာကို အခြေပြုပြီး ထပ်မံပြေးဆွဲပေးတော့မှာ ဖြစ်ပါတယ်။ Foton တွေကလည်း အစီး ၄၀၀ လောက် ရောက်နေပါပြီ။ ဒီလထဲမှာ ကားသစ်စုစုပေါင်း အစီး ၂၀၀၀ ကျော်လောက်ဖြစ်သွားပါမယ်။ ဒီကားတွေကို အမြန်ဆုံးပြေးဆွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ဘတ်စ်ကားသစ်များ ရောက်ရှိလာခြင်းနှင့်အတူ ၁၉၉၅ ခုနှစ်နှင့် ၁၉၉၅ မော်ဒယ်အောက်ယာဉ်ဟောင်းများ အပ်နှံမှုကို ဇွန် ၂၀ ရက် နောက်ဆုံးထား အပ်နှံရန် ညွှန်ကြားထားပြီး အပ်နှံယာဉ်များအတွက် လူစီးယာဉ်စလစ်ထုတ်ပေးမှုကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းအပြင် မြို့တွင်းယာဉ်လိုင်းများတွင် ပြေးဆွဲနေသော မီနီဘတ်စ်ယာဉ်လိုင်းများကိုလည်း မြို့တွင်းဝင်ရောက်ပြေးဆွဲခွင့်မပြုတော့ဘဲ စီးတီးဘတ်စ်ကြီးများဖြင့်သာ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ Brand New ယာဉ်သစ်များကိုသာ မြို့တွင်းပြေးဆွဲခွင့်ပြုမည်ဟု သိရသည်။ အနာဂတ် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ ဘတ်စ်ကားအခြေပြု သယ်ယူပို့ ဆောင်ရေးတွင် စီးတီးဘတ်စ်အသစ်များဖြင့်သာ တဖြည်းဖြည်းအစားထိုး ပြေးဆွဲသွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"၉၅ အောက် ဘတ်စ်ကားဟောင်းတွေကို အပ်နှံတာက တော်တော်များများ လုပ်ခဲ့ပြီးပါပြီ။ အခုဆိုရင် ဘတ်စ်ကားတချို့ကို ရောင်းဖို့လုပ်နေပြီး ကားတွေ ထပ်ဝယ်ယူဖို့ လုပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့က နောက်ပိုင်းမှာ ဈေးနှုန်းအရ သတ်မှတ်လွယ်ပြီး အများပိုင်ထူထောင်တဲ့အခါ တန်ဖိုးဖြတ်ရလွယ်အောင်၊ ပါဝင်ရ လွယ်အောင်လို့ ကိုရီးယားဘတ်စ်ကားတွေကို တစ်ပြေးညီ ဝယ်ယူနေပါတယ်။ ဒီကားတစ်မျိုးတည်း ပုံစံတူ သဘောမျိုးဝယ်ယူပြီး ပြေးဆွဲဖို့ လုပ်နေပါတယ်။ ဝန်ဆောင်မှုကို ဦးစားပေးရမယ့် အချိန်ရောက်လာတဲ့အခါ ပြည်သူလိုလားတဲ့ အပြောင်းအလဲကို ဆောင်ရွက်သွားရမှာပါ"ဟု ပုဂ္ဂလိက ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက ပြောသည်။

**(၀၀၁)**

# ကလေးအလုပ်သမားများအတွက် ဘေးအန္တရာယ်ရှိသည့်လုပ်ငန်းနှင့် လုပ်ငန်းခွင် စာရင်းထုတ်ပြန်နိုင်ရန် ရေးဆွဲဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ် (Myanmar Programme on the Elimination of Child Labour (My-PEC))အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ILO တို့ပူးပေါင်းကျင်းပသည့် ဇွန် ၁၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုနှစ် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ "ပဋိပက္ခများနှင့် ဘေးအန္တရာယ်များအတွင်းမှ ကလေးငယ်များအား ကလေးအလုပ်သမား မဖြစ်စေရေး တားဆီးကာကွယ်ပေး" ဖြစ်၍ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များကြောင့် ကလေးအလုပ်သမားများအပေါ် ကျရောက်မည့် ထိခိုက်သက်ရောက်မှုများကို အထူးအလေးပေးထားသည်ကို တွေ့မြင်နိုင်ကြောင်း ပဋိပက္ခများနှင့် ဘေးအန္တရာယ်များသည် မိသားစုဘဝများကို ဖျက်ဆီးနိုင်စွမ်းရှိပြီး လူအများအပြားသေဆုံးစေခြင်း၊ ဒုက္ခိတဖြစ်စေခြင်း၊ ထိခိုက်ဒဏ်ရာရစေခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်စေခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာများကို ထိခိုက်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုစသည်တို့ ဖြစ်စေသည့်အတွက် ကလေးအလုပ်သမားများ ဖြစ်စေရန်နှင့် လူကုန်ကူးသူများလက်တွင်း ကျရောက်စေရန် တွန်းပို့ပေးသကဲ့သို့ဖြစ်စေကြောင်း ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း အသိအမြင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းဖြစ်စဉ်များသည် ၎င်းတို့၏ မိသားစုလူမှုပတ်ဝန်းကျင်နှင့် နိုင်ငံတော်၏ အခြေအနေကောင်းများ ဖန်တီးပေးနိုင်မှုအပေါ် မူတည်နေကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကလေးအလုပ်သမားဖြစ်ရသည့် အဓိကအကြောင်းအရင်းများမှာ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုနှင့် အသိအမြင်နိမ့်ကျမှုတို့ကြောင့်ဖြစ်ကြောင်း၊ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးသည် မျက်မှောက်ကာလတွင် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ILO နှင့် ပူးပေါင်း၍ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးဆိုင်ရာ နည်းပညာရပ် လုပ်ငန်းအဖွဲ့ဖွဲ့စည်းပြီး ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ မူကြမ်းရေးဆွဲရေးကော်မတီဝင်များဖြင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ငါးနှစ်ကာလတို စီမံကိန်းများချမှတ်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးအလုပ်သမားများအတွက် ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းနှင့် လုပ်ငန်းခွင်စာရင်းထုတ်ပြန်နိုင်ရန် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးအလုပ်သမားအသုံးချမှု အဆုံးသတ်ရေးဆိုင်ရာဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့များ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများနှင့် ILO၊ UNICEF၊ INGOs၊ NGOs များနှင့် ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများအားလုံးက အလေးထားပူးပေါင်းအကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ILO မှ Mr.Rory Mungoven တို့က အမှာစကားပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရှိန်က ဝန်ကြီးဌာန၏ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆောင်ရွက်ချက်နှင့်ပတ်သက်၍ ထုတ်ပြန်ချက်ကိုဖတ်ကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားအတွင်း ပြသထားသည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေး အထိမ်းအမှတ်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အခမ်းအနားအတွင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ILO၊ UNICEF၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပဋိပက္ခများနှင့် ဘေးအန္တရာယ်များအတွင်းမှ ကလေးငယ်များအား ကလေးအလုပ်သမား မဖြစ်စေရေး တားဆီးကာကွယ်ပေးရေးဆိုင်ရာ စကားဝိုင်းကို ကျင်းပခဲ့သည်။

**(သီသီမင်း)**

# ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ်သတ်မှတ်ရေး စိစစ်နိုင်ရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၉**

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် အကျုံးဝင်သောဒေသများကို ဒေသစရိတ်ခံစားခွင့်ပြုခြင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခံစားခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီး/ပြည်နယ် နေပြည်တော်အဆင့်ကော်မတီများမှ တင်ပြလာသော ဒေသများကို စိစစ်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်အဆင့် စိစစ်ရေးကော်မတီများကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယခင်ကဝေးလံဒေသများကို အခြေခံအချက်ကြီး(၁၀)ချက်နှင့် စိစစ်ခဲ့ပြီး လူမှုရေးသင့်တင်သောဒေသ၊ လူမှုရေးခက်ခဲသောဒေသ၊ လူမှုရေးအခက်ခဲဆုံးဒေသဟူ၍ အုပ်စု(၃)စုခွဲခြားသတ်မှတ်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ အဖွဲ့ဝင်ဝန်ကြီးဌာနများ၏ အကြံပြုတင်ပြချက်များအတိုင်း ပြင်ဆင်ဖြည့်စွက်၍ အခြေခံအချက်ကြီး (၁၁)ချက်ကို စံနှုန်းအဖြစ်ထားရှိသတ်မှတ်ခဲ့ပါကြောင်း၊ ယခင်ဒေသစရိတ်ခံစားခွင့်ပြုထားသည့် မြို့ ၉၈ မြို့၊ ကျေးရွာအုပ်စု ၂၈၅၆ အုပ်စုရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဒေသစရိတ်များသတ်မှတ်ခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအနေအထားအပေါ်တွင် မူတည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံတည်ငြိမ်အေးချမ်းမှုပေါ် မူတည်၍ နှစ်နှစ်တစ်ကြိမ်ပြန်လည် သုံးသပ်ရန်လိုအပ်ပါကြောင်း၊ ဒေသစရိတ်ခံစားခွင့် သတ်မှတ်ခြင်းတိုးမြှင့်ရာတွင် လွယ်ကူသော်လည်း လျှော့ချရန်ဆိုသည့်အချက်မှာ ခက်ခဲနိုင်၍ စံနှုန်းသတ်မှတ်ရွေးချယ်မှုများသည် ခိုင်ခိုင်မာမာဖြစ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့်လည်း သက်ဆိုင်၍ အချက်အလက်များကို စနစ်တကျသေချာစွာ စိစစ်ပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့်ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးတင်မြင့်က တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်အဆင့်စိစစ်ရေးကော်မတီများမှ စိစစ်တင်ပြလာသည့် ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်သင့်သည့် မြို့နှင့်ကျေးရွာအုပ်စုများနှင့်ပတ်သက်၍ အသေးစိတ်နှိုင်းယှဉ် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်အဆင့်ကော်မတီများမှ တက်ရောက်လာသည့် ကောင်စီဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများက မိမိတို့ဒေသအလိုက် စိစစ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံမှ သီလဝါအထူးစီးပွားရေးစက်မှုဇုန်သို့ မီးသတ်ယာဉ်လေးစီးလှူဒါန်း

**ရန်ကုန် ဇွန် ၉**

မြန်မာ-ဂျပန် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ တောင်းဆိုမှုအရ ဂျပန်နိုင်ငံခရိုင်ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းတန်ဖိုးရှိ မီးသတ်ယာဉ်လေးစီးကို SPJD (The Society for Promotion of Japanese Diplomacy) က လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက သီလဝါအထူးစီးပွားရေစက်မှုဇုန်၌ ပြုလုပ်ခဲ့သည်။



Myanmar Japan Development Limited ဥက္ကဋ္ဌ ဦးသိန်းဟန်က "အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်လာရင် မီးဘေးအန္တရာယ် လုံခြုံမှုရှိရေးနဲ့ အကာအကွယ်ပေးရေးကိစ္စဟာ အလွန်အရေးကြီးတဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ မီးကိုစနစ်တကျ အကျိုးရှိအောင် သုံးစွဲနိုင်ခြင်းမရှိရင် မီးလောင်ပြီး ဆုံးရှုံးမှုတွေ ကြီးမားစွာဖြစ်ပေါ်နိုင်ပါတယ်။ မမျှော်လင့်ဘဲ မီးလောင်မှုတွေ ဖြစ်ပေါ်လာရင် မီးငြိမ်းသတ်နိုင်ရေး၊ ဆက်လက်မဖြစ်ပွားအောင် တားဆီးကာကွယ်နိုင်ရေးတို့အတွက် မီးသတ်ယာဉ်တွေနဲ့အတူ အသုံးပြုရမယ့် ပစ္စည်းကိရိယာတွေ အဆင်သင့်ဖြစ်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။ အခုလို အခြေအနေမျိုးမှာဂျပန်နိုင်ငံ SPJD က မီးသတ်ယာဉ်လေးစီးလာရောက်လှူဒါန်းမှုဟာ အခြေအနေအချိန်အခါနဲ့ ကိုက်ညီမှုရှိတဲ့အတွက် လှိုက်လှဲစွာကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများလာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရန်ရည်ရွယ်တည်ဆောက်ထားသော သီလဝါအထူးစီးပွားရေးဇုန်သည် ပထမဦးဆုံးတည်ထောင်စဉ်မှာပင် အောင်မြင်မှုရရှိသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သည်။ မီးသတ်ယာဉ်များနှင့် ပစ္စည်းကိရိယာများကို စနစ်တကျကိုင်တွယ်၍ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရန်နှင့် ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် MJTD မှ ဝန်ထမ်းများ၊ သန်လျင်နှင့်ကျောက်တန်းမြို့နယ်မှ ဌာနေမီးသတ်တပ်ဖွဲ့ဝင်များအား ငါးရက်ကြာသင်တန်းပေးထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နီလာကျော်က "သီလဝါ အထူးစီးပွားရေးဇုန်ဟာ သန်လျင်နဲ့ ကျောက်တန်းမြို့နယ်အတွင်း တည်ရှိပြီး သန်လျင်နဲ့ ကျောက်တန်းမှာ မီးသတ်စခန်းတွေရှိပါတယ်။ အခုသီလဝါ SEZ မှာ မီးသတ်စခန်းတစ်ခုရှိလာတဲ့အတွက် သီလဝါဇုန်အတွက်သာမကဘဲ သန်လျင်၊ ကျောက်တန်းမြို့နယ်နှစ်ခုလုံး အားဖြည့်ရာရောက်ပါတယ်။ ဒီမီးသတ်ကားနဲ့ ဆက်စပ်တဲ့ ပစ္စည်းအားလုံးကို မီးသတ်ဦးစီးဌာနအောက်မှာထားရှိမှာဖြစ်ပြီး မီးသတ်ဦးစီးဌာနရဲ့ ဝန်ထမ်းအင်အားနဲ့ ဝန်ဆောင်မှုပေးသွားပါမယ်။ ကားလေးစီးလုံးကိုတော့ သီလဝါ SEZ အတွင်းမှာသာထားပြီး ဝန်ဆောင်မှုပေးဖို့ ရည်ရွယ်ပါတယ်"ဟု ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပနိုင်ငံ ၁၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၈၃ ခု လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လက်ရှိတွင် ကုမ္ပဏီ ၃၃ ခုသည် လုပ်ငန်းများကို စီးပွားဖြစ်ဆောင်ရွက်လုပ်ကိုင်နေပြီဖြစ်သည်။ ကုမ္ပဏီ ၃၈ ခုသည် စီးပွားဖြစ် လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပြီး ကျန်ကုမ္ပဏီများသည် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။

မီးသတ်ယာဉ် လာရောက်လှူဒါန်းသူ SPJD ၏ Executive Director မစ္စတာ တာဆုရှိအိုဆာတာက "ကျွန်တော်တို့အဖွဲ့အစည်းဟာ ဂျပန်နိုင်ငံခရိုင်ဒေသအသီးသီးမှာရှိနေတဲ့ အရေးပေါ်ယာဉ်၊ မီးသတ်ယာဉ်၊ အမှိုက်သိမ်းကားစတာတွေကို ပြန်လည်ပြုပြင်ပြီးဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေကို လှူဒါန်းနေတာဖြစ်ပါတယ်။ အဲဒီလို လှူဒါန်းမှုဟာ နှစ်ပေါင်း ၂၀ တိုင်ခဲ့ပြီး နိုင်ငံပေါင်း ၆၇ နိုင်ငံကို မော်တော်ယာဉ်ပေါင်း ၉၇၅ စီး လှူဒါန်းနိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံအတွက် မီးသတ်ယာဉ်၊ အရေးပေါ်လူနာတင်ယာဉ်၊ အမှိုက်သိမ်းယာဉ်စုစုပေါင်း ၃၂ စီး လှူဒါန်းပြီးပြီဖြစ်ပါတယ်"ဟု ပြောသည်။

ဂျပန်နိုင်ငံမှနေ၍ သီလဝါအထူးစီးပွားရေးစက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုသည့် ကုမ္ပဏီပေါင်း ၄၁ ခုအထိ ရှိနေပြီဖြစ်ပြီး လက်ရှိ ရင်းနှီးမြှုပ်နှံမှုတွင် ဂျပန်နိုင်ငံက အများဆုံးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက " သီလဝါအထူးစီးပွားရေးဇုန်အတွက် လှူဒါန်းလာတဲ့ မီးသတ်ယာဉ်တွေကို ထိထိရောက်ရောက် အကျိုးရှိစွာ သုံးစွဲသွားပါမယ်" ဟုပြောသည်။

မီးသတ်ယာဉ်လေးစီးနှင့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ရာ သီလဝါအထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နီလာကျော်က လက်ခံရယူပြီး မီးသတ်ယာဉ်လေးစီး၏ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို MJTD မှ ဝန်ထမ်းများ၊ သန်လျင်နှင့်ကျောက်တန်းမြို့နယ်မှ ဌာနေမီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ဖော်ပြသခဲ့သည်။ အဆိုပါ မီးသတ်ယာဉ်များအား သီလဝါအထူးစီးပွားရေးစက်မှုဇုန်အတွင်းမှာသာထားရှိမည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရွှေကဇောင်းကျေးရွာမှ လူနေအိမ်များစွာရွှေ့ပြောင်းခဲ့ရ



**ရေတာရှည် ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ ရွှေကဇောင်းကျေးရွာသည် နှစ်စဉ်စစ်တောင်းမြစ်ရေတိုက်စားခဲ့ပြီး ကမ်းပါးများ ဆက်တိုက်ပြိုကျနေမှုကြောင့် မြစ်ရေတားသည့် တမံမြောက်ဘက်ခြမ်းမှ လူနေအိမ်ပေါင်း ၆၀ ကျော် ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။ လက်ရှိ ကျန်ရှိနေသေးသည့် နေအိမ်အချို့မှာ မြေနေရာ အခက်အခဲကြောင့် ကျန်ရှိနေခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"အခု ဒီနှစ်ပိုင်းမှာ လူနေအိမ်ငါးလုံးထပ်ရွှေ့ရတယ်။ မရွှေ့လို့လည်း မရတော့ဘူး။ မြစ်တားတမံနားရောက်လာပြီး မြစ်ကြောင်းထိန်းသိမ်းရေးအဖွဲ့တွေတော့ လာပြီးတိုင်းတာသွားတာ ရှိပေမယ့် ခုချိန်အထိ ဘာမှဆောင်ရွက်တာမရှိသေးဘူး။ သူတို့ပြောတာကတော့ မြောက်ဘက်ကမ်းသောင်ကြီးရွာခြမ်းမှာရှိတဲ့ ကမ်းပါးမပြိုအောင် အထက်ကနေ ရေကာတန်းရိုက်မယ်လို့တော့ ပြောတယ်။ ကျွန်တော်တို့ရွာခံတွေအနေနဲ့လည်း အမြန်ဆုံးဆောင်ရွက်နိုင်ပါစေလို့ပဲ မျှော်လင့်မိပါတယ်"ဟု ရွှေကဇောင်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ရွှေ့ပြောင်းခဲ့ကြသော လူနေအိမ်များမှာ ကျေးရွာအရှေ့ဘက် သုသာန်တောင်ဘက်ကွက်သစ်ရှိ လယ်မြေများကို ဧကအလိုက် ဒေသပေါက်ဈေးဖြင့် ဝယ်ယူကာ ရွှေ့ပြောင်းနေထိုင်ကြရခြင်း ဖြစ်ကာ မည်သည့်အဖွဲ့အစည်းများကမှ အကူအညီမရရှိခဲ့ကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။

မိုးရာသီကာလရောက်တိုင်း မြစ်ရေမြင့်တက်ချိန်တွင် ကမ်းပါးများ ပြိုကျလေ့မရှိသော်လည်း မြစ်ရေပြန်လည်ကျဆင်းသွားပါက ကမ်းပါးပြိုကျမှုမှာ ကြောက်ခမန်းလိလိ ဖြစ်ကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ခြင်းမရှိပါက ယခုနှစ်မိုးရာသီကာလ၌ပင် မြစ်တားတမံအနီးသို့ ရောက်ရှိနိုင်ကြောင်း ဒေသခံများက ခန့်မှန်းလျက်ရှိကာ စိုးရိမ်မှုများလည်းရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် ဇွန် ၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၃ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ သုတေသနစာပေ ဒုတိယဆု မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်) ရေးသားသည့် "ညောင်ရမ်းခေတ် ယဉ်ကျေးမှု" စာအုပ်ကို စာအုပ်အသင်း၏ (၁၄၄)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သထုံခရိုင်အတွင်းရှိ မြစိမ်းရောင်ကျေးရွာများသို့ စစ်ဆေး

**သထုံ ဇွန် ၉**

သထုံခရိုင်အတွင်းရှိ လေးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ကျိုက်ထိုမြို့နယ်မှ ကျွန်းတောကျေးရွာ၊ ဘီးလင်းမြို့နယ်မှ ကြိမ်ဖန်ကျေးရွာ၊ ပေါင်မြို့နယ်မှ ကျောက်စရစ်ကျေးရွာတို့တွင် စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ငွေစာရင်းပုံစံထည့်သွင်းမှုများကို သထုံခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြို့တွင်းပတ်ခရီးစဉ်အချို့တွင် မြို့ပြင်မှလာသော ယာဉ်လိုင်းအချို့ ဝင်ရောက်ပြေးဆွဲလာရာ မှတ်တိုင် သုံးတိုင်၊ လေးတိုင်ခရီးကိုကားခကျပ် ၁၀၀ ပေးလာရ

**ရန်ကုန် ဇွန် ၉**

ယခုလဝန်းကျင် ရန်ကုန်သို့ ရောက်ရှိလာသော ယာဉ်အသစ်များဖြင့် ယာဉ်လိုင်းအချို့တွင် ဝင်ရောက်ပြေးဆွဲရာတွင် ယာဉ်ပြောင်းလဲ၍ တစ်ဆင့်မစီးရစေရန် မြို့တွင်းပတ်ယာဉ်လိုင်း ခရီးစဉ်များတွင်ပါ တိုးချဲ့ပြေးဆွဲလာသည်ကို သတင်းမီဒီယာများတွင် ဖတ်ရှုရမှုနှင့် ခရီးသည်များ၏ ပြောကြားမှုအရ သိရသည်။

အခြားလမ်းကြောင်းအချို့ကိုလည်း မြို့တွင်းအထိ ပြေးဆွဲနိုင်ရန် ချိတ်ဆက်ပေးမည်ဟု ဇွန် ၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။ မေလကုန်မှစ၍ လှိုင်သာယာမှ ဘုရင့်နောင်-ဆင်မလိုက်-မြေနီကုန်းရွှေဂုံတိုင်-တာမွေသိမ်ဖြူလမ်းကြောင်းအတိုင်း ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းဆုံအနီးအထိ ပြေးဆွဲရာမှ ကုန်သည်လမ်း၊ ကမ်းနားလမ်းအတိုင်း သခင်မြပန်းခြံဂိတ်အထိ စတင် ပုံမှန်ပြေးဆွဲလာသည်။ အပြန်ခရီးစဉ်အဖြစ် သခင်မြပန်းခြံမှ ဗိုလ်ချုပ်လမ်းအတိုင်း သိမ်ဖြူမှလာလမ်းအတိုင်း ပြေးဆွဲသည်။

လှိုင်သာယာ-သိမ်ဖြူ ကားခကျပ် ၂၀၀၊ မြို့တွင်းပတ် ကျပ် ၁၀၀ ကောက်ခံသည်။ မြို့တွင်းပတ်ယာဉ်လိုင်းသုံးလိုင်းတွင် မှတ်တိုင် ၂၀ ဝန်းကျင်ရှိပြီး ယင်းခရီးစဉ်တွင် မည်သည့်နေရာစီးစီး ကားခ ကျပ် ၁၀၀ သာရှိသည်။ ခရီးသည်များကား ပြောင်းမစီးရရန် ချိတ်ဆက်ပြေးဆွဲနေသည်ဟု ဆိုသော်လည်း ပုံမှန်မြို့တွင်းပတ်ခရီးစဉ်တစ်ဝက်ကို ကျပ် ၁၀၀ ပေးရသည်။ လှိုင်သာယာမှ ယင်းလမ်းကြောင်းအတိုင်းလာလျှင် ဆူးလေ ဝန်းကျင်ခရီး ကျပ် ၃၀၀ ပေးရသည်။ သို့သော် လှိုင်သာယာမှ ဘုရင့်နောင် သမိုင်းလမ်းဆုံ-လှည်းတန်း-မြေနီကုန်းရွှေဂုံတိုင်လမ်းကြောင်းမှ လာလျှင် ကားစီးရချိန်နည်းပြီး ဆူးလေသို့ တိုက်ရိုက်ကားခကျပ် ၂၀၀ ဖြင့် ရောက်သည်ဟု လှိုင်သာယာကြိုးတံတားအနီးနေ NGO အဖွဲ့တွင် အလုပ်လုပ်သူ ကိုကျော်နိုင်က ဆိုသည်။

ဇွန် ၇ ရက်မှစ၍ ကမ်းနားလမ်းခြောက်ထပ်ရုံးအထိ ပြေးဆွဲလာသော ထောက်ကြန့်-စံပြခရီးစဉ်ပြေး ယခင် BRT Lite ယာဉ်အဝါလိုင်းတွင်လည်း ထောက်ကြန့်-စံပြ(သရက်တော ကျောင်းတိုက်)ကားခကျပ် ၂၀၀၊ သရက်တော ခြောက်ထပ်ရုံး ကားခကျပ် ၁၀၀၊ ခြောက်ထပ်ရုံး စံပြ ကားခကျပ် ၂၀၀ ဟု ယာဉ်အတက် တံခါးဘေးတွင် အသိ ပေးစာ မြင်တွေ့ရသည်။

ဂိတ်ဖျားကို စံပြမှ ခြောက်ထပ်ရုံးသို့ ရွှေ့သဖြင့် သရက်တောမှ ဆေးရုံကြီး-ဗိုလ်ချုပ်ဈေး-ဆူးလေ-ခြောက်ထပ်မှတ်တိုင်လေးတိုင် အပြန်ခရီးတွင် ခြောက်ထပ် လသာ-(၁၅)လမ်း-စံပြသုံးမှတ်တိုင်ခရီးကို ကားခ ကျပ် ၁၀၀ စီ နှစ်ကြိမ် ပေးရသကဲ့သို့ ရှိနေသည်ဟု ယင်းလမ်းကြောင်းစီးနေသူ ဦးမြင့်ဆွေက ပြောသည်။

ယာဉ်လိုင်းစနစ်သစ် စတင်ပြေးဆွဲပြီး ယုဇနဉယျာဉ်မှ ဆူးလေပြေးဆွဲသော ယာဉ်လိုင်းသည် သိမ်ကြီးဈေးမှ ဗိုလ်ချုပ်လမ်းအတိုင်း ယခင်လမ်းကြောင်းသို့ ပြန်ဝင်မောင်းနှင်သည်။ ယင်းသို့ တိုးချဲ့ပြေးဆွဲသော်လည်း ကားခ ကျပ် ၂၀၀ သာ ပေးရသည်။

ကားသစ်ကြီးများ ရောက်ရှိပြေးဆွဲလာချိန် ခရီးသည်များ မြို့တွင်းကားပြောင်းမစီးရဘဲ ရန်ကုန်မြို့တွင်းသို့ရောက်ရန် ချိတ်ဆက်ပြေးဆွဲလာချိန်တွင် မြို့တွင်းပတ်ကားခကျပ် ၁၀၀ ဆိုကာ မြို့တွင်းပတ်လမ်းကြောင်းကို နှစ်ပိုင်းဖြစ်ရန် ဂိတ်ဖျားများကို နေရာရွှေ့ခြင်း၊ တစ်ပိုင်းစီဖြစ်သော မြို့တွင်းပတ်ခရီးတိုမှတ်တိုင် သုံးတိုင်၊ လေးတိုင်ခရီးတွင် ကားခကျပ် ၁၀၀ ခွဲကောက်ခြင်း ရှိလာနိုင်သည်။




ယင်းဖြစ်စဉ်များလာပါက လက်ရှိပြေးဆွဲနေသော မည်သည့်နေရာစီးစီး မှတ်တိုင်ပေါင်း ၂၀ ဝန်းကျင်ရှိ မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်း စီးနင်းရာတွင် ခရီးသည်များအနေဖြင့် ကားခကျပ် ၁၀၀ အစား ပိုမိုတောင်းခံလာမည်ကို စိုးရိမ်သကဲ့သို့ မြို့တွင်းကားလမ်းမများတွင် လိုင်းကားများဖြင့် ယာဉ်ပိတ်ခြင်း များလာနိုင်သည်ဟု ပြောဆိုလာသည်။

ထောက်ကြန့်-စံပြ ခရီးစဉ် ပြေးဆွဲရာတွင် ဂိတ်ဖျားအနေဖြင့် မော်တင်၊ စံပြ၊ ခြောက်ထပ်ရုံးများသို့ သုံးကြိမ်ပြောင်းလဲခဲ့သည်။ ဇွန် ၇ ရက် လမ်းကြောင်းပြောင်းတိုးချဲ့မပြေးဆွဲမီ ဇွန် ၆ ရက် နံနက် ၁၁ နာရီ ယင်းယာဉ်လမ်းကြောင်းဖြစ်သော အနော်ရထာလမ်း၏ ဘုန်းကြီးလမ်းမှ-လမ်းမတော်အကြား ယင်းယာဉ်လိုင်းမှ ယဉ်ကြီးငါးစီးအပြင် လမ်းမတော်ဆေးရုံကြီးအရှေ့ပေါ် ရှေ့လမ်းမတော်လမ်းပေါ်တွင် ထပ်မံ၍ နှစ်စီး စုစုပေါင်း ခုနစ်စီးကို ဆက်တိုက်နီးပါး မြင်တွေ့ရသည်ဟု လမ်းမတော်လမ်းအနီး ဖြတ်သန်းသွားသူတစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

# ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်

**ဘားအံ ဇွန် ၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ကျောက်ကလပ်ဘုရားပရိဝုဏ်အတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကျောက်ကလပ်ဆရာတော်ဦးဝိမလနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကော့ကျိုက်၊ ရဲသာ၊ ကမော့ကစင်၊ တောပုံ၊ လှိုင်ရွာ၊ ကော့ထမလိန်း၊ ပိုင်ရမ်း၊ လှိုင်ကမ္ဘာ အစရှိသည့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများ စုစုပေါင်း ၁၀၀၀ ကျော်ခန့်တို့က မဟော်ဂနီအပင် ၁၀၀၀၊ ကျွန်း ၅၀၀၊ မန်ကျည်းရှားအပင် ၁၀၀၀၊ ယူကလစ်အပင် ၁၀၀၀ စုစုပေါင်း ၃၅၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြို့သာယာလှပရေးနှင့်ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**သိန္နီ ဇွန် ၉**

မန္တလေး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင်တည်ရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့ သာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သိန္နီမြို့နယ်စည်ပင်သာယာရေးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် သိန္နီမြို့ ချယ်ရီလမ်း Box Culvert အကောင်အထည်ဖော်နေမှုအခြေအနေကို သိန္နီမြို့နယ် အမှုဆောင်အရာရှိ ဦးညီညီမောင်နှင့် အင်ဂျင်နီယာ ဦးဇေယျာမင်းတို့က ဇွန် ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြော

**ကျောက်တံခါး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မှန်ချောင်း(အထကခွဲ)နှင့် အရိုင်းစု(အလကလွန်)တို့တွင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အသိပညာပေး နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၇ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာ ဆရာမကြီးတို့က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာ၊ လူကုန်ကူးခြင်းအန္တရာယ်နှင့် အသိပညာတိုးပွားဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက ပြသထားသည့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇွန် ၈ ရက် နံနက်ပိုင်းက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနန်ဟီးမင်နှင့် မြို့နယ်စိုက်ပျိုးရေးတာဝန်ခံ ဦးတောက်ထွန်းတို့က လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာများနှင့် စပါးမျိုးကောင်း မျိုးသန့်အကြောင်းအရာများကို တက်ရောက်လာသည့် တောင်သူ ၁၃၀ ကျော်အား အသိပညာပေးရှင်းလင်းစဉ်။** လွှမ်းနန်းထွေး(ပြန်/ဆက်)

▼ **Y-8 တပ်မတော်မှ**

ထို့နောက် ဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်း ၃၁ လောင်းအနက် အမျိုးအမည်ခွဲခြားနိုင်ပြီး သက်ဆိုင်ရာ မိသားစုများရောက်ရှိလာသည့် ရုပ်အလောင်းများအား ကျန်ရစ်သူမိသားစုဝင်များ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများက ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ယနေ့မွန်းလွဲပိုင်းတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည်။

ယနေ့တွင် ပင်လယ်ပြင်အတွင်း ရာသီဥတုဆိုးရွားနေသော်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ် ရှစ်စင်းနှင့် ဒေသခံငါးဖမ်းစက်လှေ အစင်း ၂၀ တို့ ပူးပေါင်း၍ ဆိုနာစနစ်အသုံးပြု၍ ရှာဖွေခြင်း၊ ကျွမ်းကျင်ရေငုပ်စစ်သည်များဖြင့် ရှာဖွေခြင်းနှင့် ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေခြင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမျိုးသားရုပ်လောင်း တစ်လောင်းကို ထပ်မံဆယ်ယူရရှိပြီး ယနေ့အထိ စုစုပေါင်း ရုပ်လောင်း ၃၂ လောင်းဆယ်ယူရရှိပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်သည် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် မိုးအောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်တို့နှင့်အတူ တပ်မတော် ပို့ဆောင်ရေး Y-8 လေယာဉ်၌ တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ စစ်သည်များ၏ ကျန်ရစ်သူမိသားစုဝင်များအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ရုံးခန်းမ၌ တွေ့ဆုံ အားပေးစကားပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ငွေများ အားပေးအပ်သည်။ **(ယာပုံ)**

အလားတူ ဇွန် ၈ ရက် မွန်းလွဲပိုင်းကလည်း ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းတပ်နယ်သို့ သွားရောက်၍ ပျက်ကျလေယာဉ်တွင် ပါရှိသွားသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်ရစ်သူ မိသားစုဝင်များအား နယ်မြေခံတပ်ရင်း၌ရိပ်သာ၌ တစ်ဦးချင်းစီ တွေ့ဆုံအားပေးစကားများ ပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် အရာရှိ၊ စစ်သည်၊ မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါရှိသွားသည့် လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုစုပေါင်း ၁၂၂ ဦးတို့၏ ကျန်ရစ်သူမိသားစုများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့တွင် စေတနာရှင် အလှူရှင်များက ထပ်မံလာရောက်လှူဒါန်းလျက်ရှိသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည့် ဦးသိန်းစိန်နှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကျပ် ၁၅၃ သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ရွှေစင်စကြာယာဉ်လိုင်းမှ ကျပ် ၁၃၅ သိန်းကျော်၊ CB Bank မှ ကျပ်သိန်း ၃၀၀၊ ဧရာဝတီဖောင်ဒေးရှင်းမှ ကျပ်သိန်း ၅၀၀၊ Bella Cosmetics မှ ကျပ်သိန်း ၅၀၀၊ MY Associate Company မှ ကျပ်သိန်း ၁၀၀၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်မိုးအောင်နှင့် ညီအစ်ကိုမောင်နှမများက ကျပ်သိန်း ၁၀၀၊ IGE Company မှ ကျပ်သိန်း ၂၀၀၊ သီရိမဥ္ဇူအုပ်စုကုမ္ပဏီနှင့် ဦးအောင်ခိုင်ဖောင်ဒေးရှင်းမှ ကျပ်သိန်း ၁၀၀၊ ကွန်းခိုရာဖောင်ဒေးရှင်းမှ ကျပ်သိန်း ၅၀၀၊ မီယာဝင်းအင်တာနေရှင်နယ်ကုမ္ပဏီမှ ကျပ်သိန်း ၃၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက စုစုပေါင်း ကျပ်သိန်းပေါင်း ၃၁၄၂ သိန်းကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဒေါ်သီရိခိုင်မိသားစု(မန္တလေးမြို့)နှင့် စေတနာရှင် အလှူရှင်များက ကျပ်သိန်း ၁၃၀ ကို ပေးအပ်လှူဒါန်းရာ ယနေ့လှူဒါန်းမှု စုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၄၃၁၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

ယနေ့အထိ လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၅၆၈၁ သိန်းကျော်ဖြစ်ပြီး ယင်းအလှူငွေများအား သက်ဆိုင်ရာ ကျန်ရစ်သူမိသားစုများ လက်ဝယ်သို့ ဆက်လက်ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၆ သန်းခန့် တင်ပို့နိုင်

**မောင်တော ဇွန် ၉**

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် ယခုနှစ် မေလအတွင်း မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၆ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်မှ မောင်တောသို့ သွင်းကုန်တင်သွင်းမှုမရှိကြောင်း မောင်တောမြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မောင်တောကုန်သွယ်ရေးစခန်းက သိရသည်။

"မောင်တောက ဘင်္ဂလားဒေ့ရှ်ဘက်ကို အခုရက်အတွင်း ငါးသလောက်၊ ဆန်၊ ချင်း၊ ငါးခြောက်နဲ့ စားသောက်ကုန်တွေပို့တယ်။ နှစ်နိုင်ငံကုန်သွယ်မှုမှာ ဒီဘက်ကပို့ကုန်က ၉၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ဘင်္ဂလားဒေ့ရှ်ကဝင်လာတာ ဒန်အိုးဒန်ခွက်နဲ့ ရေတံုကင်တွေလောက်ပဲရှိတယ်"ဟု မောင်တောကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်းက ပြောသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှာ သာမန်အခြေအနေတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရေငန်ပုစွန်၊ ငါးခြောက်၊ ဝါးနှင့် အခြားပစ္စည်း ပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ မောင်တောသို့ သွင်းကုန်မှာ ဘိလပ်မြေ၊ ဒန်အိုးဒန်ခွက်နှင့် အဝတ်အထည်ပို့ကုန် ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးအသင်းမှ သိရသည်။

"တခြားနယ်စပ်တွေနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုက မတူဘူး။ ထိုင်း၊ တရုတ်နိုင်ငံနယ်စပ်တွေမှာ အဲဒီဘက်က မြန်မာနိုင်ငံဘက်ကို သွင်းကုန်အနေနဲ့ တင်သွင်းမှုများတယ်။ ဘင်္ဂလားဒေ့ရှ်မှာက အထည်ချုပ်လုပ်ငန်းများတော့ ပို့ကုန်အနေနဲ့ ဆောင်ရွက်တာ နည်းတာကိုတွေ့ရတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သွင်းကုန်အနေနဲ့ ဒေါ်လာခြောက်သောင်းကျော်ပဲရှိတယ်"ဟု မောင်တောဒေသခံ ကုန်သည်တစ်ဦးက ပြောသည်။

နယ်စပ်ဒေသကုန်သွယ်မှုနှင့်စပ်လျဉ်းပြီး မောင်တောဒေသခံကုန်သည်တစ်ဦးက နယ်စပ်ဒေသတွင် ကုန်သည်အချင်းချင်းနားလည်မှုနှင့် အရောင်းအဝယ်လုပ်ကြပြီး ကုန်ပစ္စည်းရောင်းပြီးမှသာ ငွေချေကြကြောင်း ပြောသည်။

ဘင်္ဂလားဒေ့ရှ်မှ ကုန်ပစ္စည်းများသည် ရခိုင်ပြည်နယ်စစ်တွေနှင့်မောင်တောမြို့များမှ အဓိက ဝင်ရောက်ပြီး မောင်တောမြို့မှာ ဘင်္ဂလားဒေ့ရှ်နှင့် အဓိကကုန်သွယ်မှုပြုရာ နယ်စပ်ဂိတ်ဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးအသင်းမှ သိရသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၆၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၆ သန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၇ သန်းရှိခဲ့ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သန်း ၆၀၀၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထည့်ဝင်ငွေကျပ်သန်း ၄၀၀ စုစုပေါင်း ငွေကျပ်သန်း ၁၀၀၀ ဖြင့် မောင်တောမြို့ ကညင်ချောင်းတွင် ကုန်သွယ်ရေးဇုန်တစ်ခုတည်ဆောက်နေပြီး လက်ရှိအချိန်တွင် ပင်မရုံး၊ ကုန်လှောင်ရုံ၊ ဆိပ်ခံတံတားနှင့် ရုံးခန်းများ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း မောင်တောဒေသခံကုန်သည်များထံက သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွန်း**



# ဒေသခံစက်လှေတစ်စင်းအား လူသုံးဦးက ခြိမ်းခြောက်၍ ပစ္စည်းများဖြုတ်ယူ

**နေပြည်တော် ဇွန် ၉**

မင်းပြားမြို့နယ် လောင်မီးကျေးရွာအနီးမြစ်အတွင်း ညအိပ်ရပ်နားထားသော စက်လှေတစ်စင်းအား လူသုံးဦးက ခြိမ်းခြောက်ကာ စက်ပစ္စည်းများ ဖြုတ်ယူမှု ယမန်နေ့နံနက် အစောပိုင်းက ဖြစ်ပွားခဲ့သည်။

မြောက်ဦးမြို့ ဝသဲရပ်ကွက်နေ ဦးညွန့်သာအောင်သည် ယမန်နေ့နံနက် ၂ နာရီခန့်တွင် မင်းပြားမြို့နယ် လောင်မီးကျေးရွာအနီးတွင် စက်လှေအားရပ်၍ အိပ်နေစဉ် စက်လှေအနီးသို့ လှေတစ်စင်းကပ်လာပြီး လှေပေါ်ပါ လူသုံးဦးက တုတ်၊ ဓားလက်နက်များဖြင့် ခြိမ်းခြောက်၍ စက်လှေပေါ်ပါလာသည့် တရုတ်နိုင်ငံလုပ် ရေစုပ်စက်ငယ်တစ်လုံးနှင့် အင်ဂျင်စက်တစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀ ခန့်အား ဖြုတ်ယူသွားခဲ့သည်။

ဦးညွန့်သာမောင်သည် စက်လှေပေါ်မှ ရေထဲသို့ခုန်ချလွတ်မြောက်ခဲ့ရာမှ မြောင်းဘွေရဲစခန်းသို့ တိုင်တန်းခဲ့ပြီး တာဝန်ရှိသူများက လိုက်လံရှာဖွေရာ စက်လှေအား ငပုဂ္ဂကျေးရွာအနီးမြစ်ထဲ၌ ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆၉ စီး၊ သွင်းကုန် ၆၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက


**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Black Label၊ ပေါင်းသတ်ဆေး၊ လူသုံးကုန်ပစ္စည်းများနှင့် သယ်ဆောင်သည့်ယာဉ်အား တွေ့ရစဉ်။**

တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၅ ဒသမ ၄၀၅ သန်းခန့် ) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၈ ဒသမ ၄၀၅ သန်းခန့်)ရှိကြောင်း သိရသည်။

အလားတူ ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၈ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Yutong Express ယာဉ်အား ပဲခူးမြို့အထွက် တိုးဂိတ်အနီး၌ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးစစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Black Label (1×12) (60)Pkgs၊ ပေါင်းသတ်ဆေး (5×4) (20) Pkgs၊ လူသုံးကုန်ပစ္စည်းများနှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးကျပ် ၁၁၄ ဒသမ ၈၅၈ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကွန်တီနဲ့ ကော်စတာ ဘယ်သူ မှားခဲ့တာလဲ

မေလွဲ့သင်း ရေးသားသည်




" ကျွန်တော်က စာချုပ်ရှိတဲ့အတွက် လက်ရှိအချိန်မှာတော့ ချယ်လ်ဆီး ကစားသမားပါ။ ဒါပေမယ့် မန်နေဂျာက ကျွန်တော့်ကို အသင်းအတွက် အလိုမရှိဘူးလို့ ပြောကြားခဲ့တဲ့အတွက် အသင်းသစ်တစ်ခုကို ရှာဖွေရပါတော့မယ်" လို့ ပြောကြားခဲ့သူက တိုက်စစ်မှူး ကော်စတာပါ။ ဒီသတင်းဟာ မီဒီယာတွေထက် အတော်လေး ပျံ့နှံ့သွားခဲ့ပြီး ကော်စတာနဲ့ နည်းပြ ကွန်တီတို့ကြား ဒီလိုမျိုး အခြေအနေရောက်အောင် ဘယ်အရာကများတွန်းပို့ပေးခဲ့ပါသလဲ။ တိုက်စစ်မှူး ကော်စတာရဲ့ မဖုံးမကွယ်ဖွင့်ချခဲ့တတ်တဲ့ ညာဉ်ကြောင့်လည်း ခုချိန်မှာ ချယ်လ်ဆီး နည်းပြ ကွန်တီအနေနဲ့ လုပ်ရကိုင်ရပိုခက်တဲ့အခြေအနေ ကြုံတွေ့သွားနိုင်ပါတယ်။ ကော်စတာက သူဟာ အက်သလက်တီကိုအသင်းကို ချစ်မြတ်နိုးသလို မက်ဒရစ်မြို့ နေထိုင်မှုပုံစံကို မြတ်နိုးပေမယ့် အက်သလက်ရဲ့ ကစားသမား ခေါ်ယူခွင့် ပိတ်ပင်ခံရမှုကြောင့် အခြေအနေပိုရှုပ်ထွေးနေတယ်လို့ဆိုခဲ့သေးတာကြောင့် ကော်စတာဘယ်ကိုသွားမလဲ။ ဒါဟာလည်း နောက်ဆက်တွဲ စိတ်ဝင်စားစရာဖြစ်လာတဲ့ အကြောင်းတရားပါ။

### ကော်စတာဆိုတာ ဘယ်လိုကစားသမားလဲ

ကော်စတာဆိုတာဘရာဇီးနွယ်ဖွား စပိန်လက်ရွေးစင်ကစားသမားဖြစ်ပြီး မကြာခဏ ပြဿနာဖန်တီးတတ်သူရယ်လို့ နာမည်ကျော်သူဖြစ်ပါတယ်။ သူဟာ ဘရာဇီးလက်ရွေးစင်အသင်း ကိုယ်စားပြုကစားခဲ့ပြီးကာမှ စပိန်လက်ရွေးစင်အသင်းအတွက်သာ ကိုယ်စားပြု ကစားသမားဘဝကို ရွေးချယ်သွားတာမျိုး၊ ပြိုင်ဘက်နောက်တန်းကစားသမားတွေနဲ့ မကြာခဏ ထိပ်တိုက်တွေ့နေတာမျိုး စတဲ့ စတဲ့ ပြဿနာတွေအများကြီး ဖန်တီးခဲ့သူဖြစ်ပါတယ်။ ကော်စတာဟာ ကိုယ်တိုင် အဝါကတ်၊ အနီကတ်ရယူဖို့ ဝန်မလေးသူဖြစ်နေတတ်သလို ပြိုင်ဘက်ကစားသမားတွေကိုလည်း အဝါကတ်၊ အနီကတ်တွေ ရအောင် လုပ်ဆောင်နိုင်သူဖြစ်ပါတယ်။

ခုလည်း ကွန်တီက သူ့ကို အလိုမရှိတော့ဘူးလို့ ပေးပို့တဲ့စာတိုကို လူကြားသူကြားချပြပြီး သူ့အနေနဲ့ အသင်းသစ်ရှာရတော့မယ်လို့ ဖွင့်ချလိုက်ပြန်ပါတယ်။ ဒီတော့ ကွန်တီအနေနဲ့ သိုသိုဝှက်ဝှက်ပေးပို့ခဲ့တဲ့ စာတိုကိစ္စ လူသိရှင်ကြားဖြစ်သွားတာကြောင့် နှစ်ဖက်စလုံး နောက်ကြောင်းပြန်ဖို့ ပိုခက်သွားတဲ့ အနေအထားဖြစ်သွားပါတယ်။ တစ်ဖက်မှာလည်း ကော်စတာဟာ ချယ်လ်ဆီးကစားသမားဘဝ အဆုံးမသတ်ရဖို့ အသင်းပိုင်ရှင် အေဗရာမိုဗစ်နဲ့ ချိတ်ဆက်မှုတွေပြုခဲ့ပေမယ့် အေဗရာမိုဗစ်ကလည်း ကွန်တီဘက်ကသာ ရပ်တည်ခဲ့တယ်လို့ သိရပါတယ်။ အေဗရာမိုဗစ်ဟာ ကစားသမားအဝင်အထွက် ကိစ္စရပ်ကို နည်းပြတွေစိတ်ကြိုက်စီမံခွင့်ပေးတာ ယခင်ကတည်းကဖြစ်ပြီး ဒရော့ဘာ၊ လမ်းပတ်၊ ပီတာဆက်ချ်နဲ့ ဂွန်တယ်ရီတို့ ကိစ္စရပ်ကိုကြည့်ရင် ထင်ထင်ရှားရှား သိနိုင်မှာဖြစ်ပါတယ်။ ဒီတော့ ကော်စတာအနေနဲ့ အသင်းသစ်ရှာဖို့မှတစ်ပါး အခြားမရှိတော့ပါဘူး။

ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဖလားရရှိခဲ့ပေမယ့် အက်ဖ်အေဖလားဗိုလ်လုပွဲမှာ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့တာကြောင့် ကွန်တီက ဒါဟာ ပြည့်စုံတဲ့ အောင်မြင်မှုတစ်ရပ်လို့ မယူဆခဲ့ပါဘူး။ ဒါပေမယ့် ကော်စတာက အက်ဖ်အေဗိုလ်လုပွဲပြီးပြီးချင်း ကောက်ခါငင်ကာ ဆိုသလို အီဘီယဇာ ကျွန်းမှာပါတီပွဲသွားရောက်ဆင်နွှဲခဲ့တာပါ။ ဒီတော့ အလုပ်ကို အင်မတန်ကြိုးစားတဲ့ ကွန်တီနဲ့ ပေါ့ပေါ့ပါးပါး နေတတ်တဲ့ ကော်စတာတို့ကြား ကိစ္စတစ်ခုကို ကြည့်တဲ့ ရှုထောင့်တစ်ခုမှာပဲ ကွဲလွဲခဲ့ကြတယ်ဆိုတာ ထင်ရှားပါတယ်။

ဒါ့အပြင်ကော်စတာဟာ ချယ်လ်ဆီး ရာသီအစရလဒ်တွေ ဆိုးရွားစဉ်က ဒေါသတကြီးနဲ့ "ကျွန်တော် အက်သလက်တီကို ပြန်သွားချင်ပါတယ်။ ဒီအကြောင်းတရားကိုလည်း ဘယ်တုန်းကမှ ကျွန်တော်မဖုံးကွယ်ခဲ့ပါဘူး" လို့ ဆိုခဲ့တာမျိုးလည်း ရှိပါတယ်။ ဒါ့အပြင် အက်သလက် ပရိသတ်တွေနဲ့ နည်းပြ ဆီမြွန်နီက သူ့အပေါ် ယုံကြည်မှုအပြည့်ရှိပြီး ဒီအရာတွေကပဲသူ့ကို ခွန်အားဖြစ်စေတယ်လို့ ဆိုခဲ့ပြန်သလို ဆီမြွန်နီနဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံကို လူမှုကွန်ရက်တွေပေါ်တင်ပြီး သူနဲ့ အက်သလက်တီကိုအသင်းတို့ကြား ယခုထိရင်းနှီးသေးတဲ့ အခြေအနေတစ်ရပ်ကို လှစ်ပြတာမျိုးလည်း ပြုတတ်ပါတယ်။

ကော်စတာကို တီယန်ကျင်းကွမ်ကျင်းအသင်းက တစ်နှစ်လုပ်ခ ပေါင်သန်း ၃၀ နဲ့ ကမ်းလှမ်းမှုကြောင့် ဇန်နဝါရီဈေးကွက်အတွင်း နည်းပြ ကွန်တီနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ခွင့်ပြုမှုကို တစ်စုံတစ်ရာမရရှိဘဲ အသင်းပြောင်းဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါကြောင့် ကွန်တီက ဒေါသထွက်ပြီး ကော်စတာကို လေ့ကျင့်ရေးမှူးတစ်ဦးနဲ့သာ သီးခြားလေ့ကျင့်ခိုင်းပြီး အသင်းလူစာရင်းကလည်း ချန်လှပ်ခဲ့ပါတယ်။ ကွန်တီက ဒေါသထွက်ပြီး " မင်း တရုတ်ကိုသာသွားတော့ ဟော့ကောင်" လို့ ဒေါသတကြီး အော်ဟစ်ခဲ့တာ၊ နောက်ပိုင်းအသင်းဖော်တွေကို ပြန်တောင်းပန်ခိုင်းတာမျိုးတွေလည်း ဖြစ်ခဲ့ပါတယ်။ ဒီလို အခြေအနေမျိုး ဖြစ်ခဲ့တာတောင် ကော်စတာဟာ စည်းကမ်းပိုင်းနဲ့ ပတ်သက်ရင်လည်း အနိုင်ရတဲ့ ပွဲစဉ်တွေအပြီး အဝတ်လဲခန်းမှာပဲ ဘီယာပုလင်းကြီးကိုဖောက်သောက်တဲ့ ကိစ္စကို Live လွှင့်တာမျိုး လုပ်တတ်တာကြောင့် ကွန်တီအတွက် တကယ် စိတ်ပျက်စရာ ဖြစ်ခဲ့ပါတယ်။

### ဖာဂူဆန်လက်သစ် ကွန်တီ

ကွန်တီဟာ မန်ယူနည်းပြကြီး ဆာအဲလက်စ် ဖာဂူဆန်လို အဝတ်လဲခန်းအတွင်း ဩဇာအကြီးဆုံးက နည်းပြသာလျှင် ဖြစ်ရမယ်လို့ ခံယူချက်ထားသူပါ။ ဘယ်လောက်ပဲ ပရိသတ်ကြိုက်တဲ့ ကစားသမားဖြစ်ပါစေ ဖာဂူဆန်ကို ကျော်လုပ်ရင်တော့ မန်ယူကနေ ထွက်ခွာရတာချည်းပါပဲ။ ဥပမာအားဖြင့် ပေါလ်မက်ဂရက်၊ ပေါလ်အင့်စ်၊ ဂျပ်စတန်း၊ နစ္စတယ်ရွိုင်းနဲ့ ဘက်ခမ်းတို့ ဖြစ်ကြပါတယ်။ ကွန်တီဟာလည်း ဖာဂူဆန်ရဲ့ စီမံခန့်ခွဲပုံမျိုးနဲ့တူညီပြီး "ဘောလုံးလောကမှာ အမြဲတမ်းမိတ်ဆွေမရှိ"ဘဲ "ကောင်းရင်နေ၊ မကောင်းရင်ထွက်" ဆိုတဲ့ဝါဒကို ကိုင်စွဲထားသူပါ။ ဒီလိုပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေကြောင့်လည်း ကွန်တီဟာ ပြီးခဲ့တဲ့ရာသီက ရလဒ်တွေ အင်မတန်ဆိုးရွားခဲ့တဲ့ ချယ်လ်ဆီးကို တစ်ရာသီအတွင်း လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆွဲတင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကော်စတာဟာ ချယ်လ်ဆီးအသင်းရဲ့ အဝတ်လဲခန်းအတွင်း လူချစ်လူခင်များတဲ့ ကစားသမားဖြစ်သလို လွှမ်းမိုးမှုအားကြီးသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူလုပ်ချင်ရာကိုသာ ရွေးရှုလုပ်တတ်တာ၊ ကိုယ်နဲ့ စာချုပ်ချုပ်ဆိုထားတဲ့ အသင်းအပေါ် လေးစားမှုအားနည်းတာ၊ အသင်းရလဒ်ဆိုးနေရင် သူကိုယ်တိုင်ဒေါသတကြီး စတင်ဝေဖန်တတ်တာတွေကြောင့်လည်း စည်းကမ်းပိုင်းအသားပေးတဲ့ ကွန်တီနဲ့မကိုက်ညီတာဖြစ်ပါတယ်။ ကွန်တီဟာ ဂျူဗင်တပ်မှာ ရှိနေစဉ်က ပေါ့ဘာ၊ ဗီဒယ်လ်၊ ကွယ်ဂလီရယ်ယာတို့လို ကစားသမားတွေ လေ့ကျင့်ရေး အစီအစဉ်ကို လာရောက်ချိန်နောက်ကျရင် ဒဏ်ကြေးရိုက်တာ၊ လေ့ကျင့်ရေးကွင်းထဲ ပတ်ပြေးခိုင်းတာ စတဲ့ပြစ်ဒဏ်တွေပေးဖို့ ဝန်မလေးခဲ့သူပါ။

ကွန်တီက ကစားသမားတွေရဲ့ အစားအသောက်ကစလို့ နေထိုင်မှုပုံစံကိုပါ စည်းကမ်းတင်းကျပ်ထားသူဖြစ်ပါတယ်။ ဒီနှစ်ဆုဖလားရပြီးရင်လည်း နောက်ရာသီ ကစားသမားတွေဆီက ပိုကောင်းတဲ့ စွမ်းဆောင်ချက်မျိုး ရရှိဖို့ ဆော်ဩနေသူဖြစ်တာကြောင့် စည်းကမ်းပိုင်းအားနည်းတဲ့ ကော်စတာနေရာမှာ အဲဗာတန်တိုက်စစ်မှူး လူကာကူ၊ ရီးယဲလ်တိုက်စစ်မှူး မိုရာတာတို့ကို အစားထိုးဖို့ ကြိုးပမ်းနေပြီး လူကာကူအတွက် ပေါင်သန်း ၁၀၀ အထိ အသုံးပြုမယ်လို့ သတင်းတွေ ထွက်နေပါတယ်။

### ချယ်လ်ဆီးအခက်၊ မန်ယူ၊ အာဆင်နယ်တို့အချက်လား

ခုတော့ အပယ်ခံ ကော်စတာ တိုက်စစ်ပိုင်းပြဿနာရှိနေတဲ့ မန်ယူနဲ့ အာဆင်နယ်တို့က ခေါ်ယူနိုင်ဖို့ ကြိုးစားနေပါပြီ။ သူတို့နှစ်သင်းက ကော်စတာအတွက် ပေါင် ၁၀ သန်းလောက်သုံးရင် ရမယ်လို့မျှော်လင့်နေသလို အေစီမီလန်ကလည်း အငှားနဲ့ ခေါ်ယူဖွယ်ရှိနေပါတယ်။ ကော်စတာဟာ အက်သလက်တီကို အသင်းကိုသာ ပြောင်းရွှေ့ချင်တာကြောင့် ရေရှည်စာချုပ်နဲ့ ခေါ်ယူမယ့် အသင်းထက်ဆို အငှားနဲ့ခေါ်ယူမယ့် အသင်းတစ်သင်းဆီသာ ပြောင်းရွှေ့ချင်နေပါတယ်။ အက်သလက်ရဲ့ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရမှုဟာ ကော်စတာအတွက် ကြီးမားတဲ့ထိုးနှက်ချက်တစ်ရပ်ဖြစ်နေပြီး ဘယ်အသင်းကို ပြောင်းမယ်ဆိုတာ အဖြေထုတ်နိုင်ဖို့တော့ ခဲယဉ်းမှာဖြစ်ပါတယ်။

ကော်စတာသာ ကွန်တီပေးပို့တဲ့ စာတိုကိစ္စကို လူသိရှင်ကြား ထုတ်မပြောရင် ခုလောက်ကျယ်ကျယ်လောင်လောင်တွေဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကော်စတာ ချယ်လ်ဆီးက ထွက်ခွာမယ့်ကိစ္စရပ်ဟာ အက်သလက်တီကိုရဲ့ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရမှုနဲ့ တိုက်ဆိုင်နေခဲ့တာကလည်း ကော်စတာအတွက် ကံဆိုးမှုတစ်ရပ်ဖြစ်တာကတော့ သေချာပါတယ်။ ဒါကြောင့် ကွန်တီအနေနဲ့ ကော်စတာကို ထွက်ပေါက်မဲ့အောင် လုပ်ဆောင်ခဲ့သလား ဒါလည်းပဲ ကာယကံရှင်သာ အသိဆုံးဖြစ်မှာပါ။

အာဆင်နယ်၊ မန်ယူစတဲ့အသင်းတွေဟာ ကစားသမားတစ်ဦးကို ရေရှည်သုံးမယ့်အသင်းတွေဖြစ်တာကြောင့် အပြီးသတ်မဟုတ်ရင် ခေါ်ယူပါ့မလား၊ အေစီမီလန်ကရော ကော်စတာရရှိနေတဲ့ တစ်ပတ်လုပ်ခ ပေါင် ၁၈၀၀၀၀ ကို ပေးပါ့မလား စတဲ့ နောက်ကွယ်ကအကြောင်းတွေကလည်း ရှုပ်ထွေးနေတုန်းပါပဲ။ ဘာတွေဆက်ဖြစ်လာမလဲဆိုတာဟာ အဖြေထုတ်ဖို့ စောလွန်းပေမယ့် ကစားသမားတစ်ဦးကို မျက်နှာချင်းဆိုင်ရှင်းချက်မပေးဘဲ စာတိုနဲ့ အသင်းရဲ့ အနာဂတ်မှာ မပါဝင်တော့ဘူးလို့ပြောတဲ့ ကွန်တီပဲ မှားသလား၊ စည်းကမ်းပိုင်း လိုက်နာမှုအားနည်းပြီး စိတ်ထဲရှိတဲ့အတိုင်း တုံ့ပြန်ဖို့ ဝန်မလေးတတ်တဲ့ ကော်စတာကပဲ မှားခဲ့သလားဆိုတာ အဖြေထုတ်ရင်း . . .။

## စွန့်လွှတ်မြေများ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်

**မြစ်သား ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရွာရှည်ကျေးရွာရှိ မူလပိုင်ရှင်တောင်သူများထံစွန့်လွှတ်မြေများ ပြန်လည်လွှဲအပ်ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က စွန့်လွှတ်မြေနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးမင်းအောင်၊ ဒေါ်သင်းမြမြသင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးနိုင်၊ ဒုတိယရဲမှူး ခင်မောင်အေးတို့က ရွာရှည်ကျေးရွာအုပ်စုအတွင်း ကွင်းအမှတ် (၄၅၃/အောင်ဘက်စံကွင်း) ဦးပိုင်အမှတ် (၉/၁)၊ (၉/၂)၊ (၉/၄)၊ ၁၁တို့ရှိ မြေဧရိယာ ၃ ဒသမ ၈၂ ဧကကို မူလပိုင်ရှင်တောင်သူများဖြစ်သော ဦးချစ်အပါအဝင် တောင်သူလေးဦးထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ရာ တောင်သူများက လက်ခံရယူပြီး တောင်သူဦးတင်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ဘီးလိုမ့်ခွန်ကောက်ခံမှုလုပ်ငန်းများကြည့်ရှု



**မန္တလေး ဇွန် ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ် (မန္တလေးခြောက်မြို့နယ်) အတွင်းရှိ ဌာနဆိုင်ရာယာဉ်များ၊ အဖွဲ့အစည်းပိုင်ယာဉ်များ၊ ပုဂ္ဂလိကပိုင်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအားလုံး မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး မြို့တော်နယ်နိမိတ်အတွင်းမောင်းနှင်ခြင်းအတွက် ထမ်းဆောင်ရန်ရှိသော ဘီးခွန်များအား က-ည-န မှတ်ပုံတင်ယာဉ်သက်တမ်းအရ မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး ဝင်ပေါက်အနီးနှင့် ခရိုင်ရုံးများရှေ့တွင် ဘီးလိုမ့်ခွန်ကောက်ခံနေမှုများအား ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်၊ ဦးကျော်ဇေယျ၊ ဦးခိုင်မြဲတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

တိုးတက်လာသောယာဉ်စီးရေနှင့် လုပ်ငန်းအခြေအနေအပေါ်မူတည်၍ နှစ်စဉ်ဘီးခွန်သက်တမ်းတိုးလျှင် ယမန်နှစ်ကပေးဆောင်ခဲ့သော ဘီးခွန်ကတ်ပြား၊ စည်ပင်သာယာငွေရပြေစာနှင့်အတူ က-ည-န ယာဉ်သက်သေခံကတ်ပြား၊ ကမ-၃ စာအုပ် တစ်ပါတည်းတင်ပြ၍ ကောက်ခံပေးလျက်ရှိသည်။

က-ည-န မှတ်ပုံတင်ယာဉ်သက်တမ်းအလိုက် နှစ်နှစ်သက်တမ်း မော်တော်ဆိုင်ကယ်ဘီးခွန်ကျပ် ၁၈၀၀၊ ကတ်ပြားဖိုး ကျပ် ၁၀၀ စုစုပေါင်းကျပ် ၁၉၀၀၊ တစ်နှစ်သက်တမ်းရှိ မီနီဆလွန်း၊ ဗင်၊ လင့်ရိုဘာ၊ ဂျစ်၊မာစတာဂျစ်၊ သုံးဘီး၊ ထော်လာဂျီဘီးခွန် ကျပ် ၁၉၀၀၊ ကတ်ပြားဖိုးကျပ် ၁၀၀ ပေါင်းကျပ် ၂၀၀၀၊ ဆပ်ပရာဒို၊ ပါဂျဲရို၊ ပစ်ကပ်၊ ဗင်နတီတစ်တန်အောက် ယာဉ်ဘီးခွန်ကျပ် ၂၄၀၀၊ ကတ်ပြား ၁၀၀ ကျပ် ပေါင်း ၂၅၀၀၊ မိုက်ခရိုဘတ်၊ လင်ခရူဇာ၊ ဟိုက်အေ့စ်၊ တောင်းအေ့စ်၊ မာစတာအေ့စ်၊ ဟိုင်းလတ်ဘီးလိုမ့်ခွန်ကျပ် ၂၉၀၀၊ ကတ်ပြားကျပ် ၁၀၀ ပေါင်းကျပ် ၃၀၀၀၊ ဒိုင်နာ၊ လိုက်ထရပ်၊ တိုယိုတာအေ့စ်နှစ်တန်ယာဉ်၊ တီ-၂၀၀၀၊ အီး- ၂၀၀၀ယာဉ်များအတွက် ဘီးခွန်ကျပ် ၃၄၀၀၊ ကတ်ပြားကျပ် ၁၀၀ ပေါင်းကျပ် ၃၅၀၀၊ သုံးတန်နှင့် သုံးတန်အထက် ယာဉ်ကြီးများ ဘီးခွန်ကျပ် ၄၉၀၀၊ ကတ်ပြား ကျပ် ၁၀၀ ပေါင်း ကျပ် ၅၀၀၀၊ နှစ်နှစ်သက်တမ်းရှိ မီနီဆလွန်၊ ဗင်၊ လင့်ရိုဘာ၊ ၆(ဂ)အထက် ကိုယ်ပိုင်ယာဉ်များ ဘီးခွန်ကျပ် ၃၈၀၀၊ ကတ်ပြားကျပ် ၁၀၀ ပေါင်း ကျပ် ၃၉၀၀၊ ဆပ်၊ ပရာဒို၊ ပါဂျဲရိုး၊ ၆(ဂ) အထက်ကိုယ်ပိုင်ယာဉ်များ ဘီးခွန်ကျပ် ၄၈၀၀၊ ကတ်ပြားကျပ် ၁၀၀ ပေါင်း ကျပ် ၄၉၀၀၊ မိုက်ခရိုဘတ်စ်၊ လင်ခရူဇာ၊ ဟိုက်အေ့စ်၊ ဒဘယ်ကတ် ၆(ဂ) အထက်ကိုယ်ပိုင်ယာဉ်များ ဘီးခွန်ကျပ် ၅၈၀၀၊ ကတ်ပြား ကျပ် ၁၀၀ ပေါင်း ကျပ် ၅၉၀၀၊ သုံးနှစ်သက်တမ်းရှိ မီနီဆလွန်း၊ ဗင်၊ လင့်ရိုဘာ၊ ၆(ဂ) အထက် ကိုယ်ပိုင်ယာဉ်များ ဘီးခွန်ကျပ် ၅၇၀၀၊ ကတ်ပြား ၁၀၀ ကျပ် ပေါင်း ၅၈၀၀ ကျပ်၊ ဆပ်၊ ပါရာဒို၊ ပါဂျဲရို၊ ၆(ဂ)အထက်ကိုယ်ပိုင်ယာဉ်များ ဘီးခွန်ကျပ် ၇၂၀၀၊ ကတ်ပြားကျပ် ၁၀၀ ပေါင်း ကျပ် ၇၃၀၀၊ မိုက်ခရိုဘတ်၊ လင်ခရူဇာ၊ ဟိုက်အေ့စ်၊ ဒဘယ်ကတ်၊ ၆(ဂ)အထက်ကိုယ်ပိုင်ယာဉ်များ ဘီးခွန်ကျပ် ၈၇၀၀၊ ကတ်ပြားကျပ် ၁၀၀ ပေါင်း ကျပ် ၈၈၀၀ ကောက်ခံလျက်ရှိပြီး နှစ်အလိုက်ပေးဆောင်ထားခြင်းမရှိပါက ယာဉ်အမျိုးအစားလိုက် ဘီးခွန်နှင့် နှစ်ပြတ်ဒဏ်ကြေးများ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ပျဉ်းမနားမြို့နယ်၌ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများဆောင်ရွက်



**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများအဖြစ် ဇွန် ၉ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အကြိုလှုပ်ရှားမှုများပြုလုပ်ရာတွင် ကျေးရွာအတွင်းရှိပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရွေ့လျားစာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ မူးယစ်ဆေးဝါးပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် စာအုပ်၊ စာစောင်များကို ဖတ်မှတ်၍ စာဖတ်စွမ်းရည်၊ စာမှတ်စွမ်းရည်များကို ယှဉ်ပြိုင်စေပြီး ဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(မန္တလေး)တိုးချဲ့ဖွဲ့စည်း

**မန္တလေး ဇွန် ၉**

သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (မန္တလေး) တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရေးအစည်းအဝေးကို ဇွန် ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၃) လမ်းနှင့် (၃၄) လမ်းကြား၊ (၆၂) လမ်းရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း ဩဝါဒါစရိယဘဒ္ဒန္တတိက္ခကဩဝါဒကထာမိန့်ကြားပြီး ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်က သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးသန်းထွဋ်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ချမ်းမြသစ္စာလူမှုကူညီရေးအသင်းမှ ဦးမောင်မောင်သောင်းနှင့် ပရဟိတလူမှုကူညီရေးအသင်းမှ ဦးထွန်းထွန်းမြင့်တို့က သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းမှုနှင့် အဖွဲ့ဝင်များလျာထားမှုအမည်စာရင်းကို ဖတ်ကြားတင်ပြကာ တက်ရောက်လာကြသူများက မိမိတို့ပါဝင်ဆောင်ရွက်လိုသည့် လုပ်ငန်းအဖွဲ့ခွဲများအလိုက် အမည်စာရင်းများ ဆန္ဒပြုတင်ပြ၍ အဖွဲ့၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များချမှတ်အတည်ပြုသည်။

အဆိုပါ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ခရိုင်ခုနစ်ခရိုင်ရှိ လူမှုကူညီရေးအသင်း ၇၈ ဖွဲ့မှ အဖွဲ့ဝင် ၁၅၄ ဦး တက်ရောက်ကြသည်။

သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (မန္တလေး)ကို သဘာဝဘေးကျရောက်သည့် ဒေသများသို့ ဆောလျင်စွာ ကယ်ဆယ်ထောက်ပံ့ထူထောင်ရေးများကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန်၊ အဖွဲ့တွင်ပါဝင်သော အသင်းအဖွဲ့များအားလုံး၏ စုစည်းအင်အားဖြင့် သဘာဝဘေးကျရောက်သောဒေသများသို့ ဟန်ချက်ညီညီ တတ်စွမ်းသမျှဆောင်ရွက်ရန်ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ**

## စလင်းမြို့၌ ပထမအကြိမ် အလယ်တန်းအဆင့် ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်

**စလင်း ဇွန် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ဓမ္မစကူးကော်မတီကကြီးမှူး၍ ပထမအကြိမ်မြောက် အလယ်တန်းအဆင့် ဓမ္မစကူးဆရာဖြစ်သင်တန်းကို ဇွန် ၈ ရက် နံနက် ၈ နာရီက စလင်းမြို့ဈေးမရပ်ကွက် မဟာဝိသုတာရာမတိုက်သစ်ကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဓမ္မစကူးဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများကို ပထမတန်းမှစတင်၍ အသက်အရွယ်အလိုက် ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းအဆင့်၊ ဆဋ္ဌမတန်းမှ နဝမတန်းထိ အလယ်တန်းအဆင့်၊ ဒသမတန်းမှ ဒွါဒသမတန်းထိ အထက်တန်းအဆင့်ဟု အဆင့်သုံးဆင့် သတ်မှတ်ထားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀၊ ပြင်ပလေ့လာသူ ရှစ်ဦး၊ သံဃာတော်သုံးပါး၊ ဆရာလေးတစ်ပါး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇွန် ၆ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ကြောင်း သိရသည်။

**ဖိုးပြည့်**

## မြစိမ်းရောင်စီမံကိန်းဖြင့် မွေးမြူထားသော နို့စားနွားမများမှ ထွက်ရှိသည့် နွားနို့များအား ကလေးငယ်များအားတိုက်ကျွေး

**မကွေး ဇွန် ၉**

မကွေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်း School Milk Program ဖြင့် မကြီးကန်ကျေးရွာတွင် နို့စားနွားမွေးမြူရေးရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မွေးမြူထားသော နို့စားနွားကောင်ရေ ၃၀ မှ ထွက်ရှိသည့်နွားနို့များအား မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား တိုက်ကျွေးခြင်းကို ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီက ယင်းကျေးရွာရှိ မူတန်းကျောင်း၌ ပြုလုပ်သည်။

မြစိမ်းရောင်စီမံကိန်း School Milk Program ဖြင့် မွေးမြူထားသော နို့စားနွားကောင်ရေ ၃၀ မှ ထွက်ရှိသည့် နွားနို့ပိဿာ ၃၀၀ အား ကလေးငယ်များကို ကျန်းမာကြံ့ခိုင်စေရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်မှစတင်ပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း တိုက်ကျွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်း School Milk Program ဖြင့် မကွေးမြို့နယ်အတွင်း ပထမအကြိမ်အဖြစ် တစ်နှစ်လုံးကျောင်း ၃၆ ကျောင်းရှိကလေးငယ်များအား နွားနို့တိုက်ကျွေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## ကလေးအထူးကုဆေးရုံကြီး(နေပြည်တော်)တွင် အရိပ်ရပင်များစိုက်ပျိုး



**နေပြည်တော် ဇွန် ၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကလေးအထူးကုဆေးရုံကြီး၌ ဇွန် ၉ ရက် နံနက်ပိုင်းက မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရာ ငု၊ ပနားမငု၊ စိန်ပန်း စသည့် အရိပ်ရသစ်ပင် ၆၁ ပင်အား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာမိမိသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

# အကျိုးပြုဇာတ်ကားများ ရိုက်ကူးရန်ဆုံးဖြတ်ထားသည့် ဖွေးဖွေး

ထပ်ဆင့်အကယ်ဒမီ ဖွေးဖွေးသည် ရုပ်ရှင်ရိုက်ကူးရေးနှင့်ပတ်သက်၍ လာမည့်အနာဂတ်မှာ အချစ်ကားများထက် လူ့အခွင့်အရေးနှင့် လူငယ်အကျိုးပြု ဇာတ်လမ်းများ ဦးစားပေးရွေးချယ် ရိုက်ကူးသွားရန် ဆုံးဖြတ်ထားကြောင်း သိရှိရသည်။ လတ်တလောရိုက်ကူးရန် ပြင်ဆင်နေသည့် "သမ္မတကြီးထံ ပေးစာ" ရုပ်ရှင်ဇာတ်ကားကြီးမှာလည်း ဖွေးဖွေးသည် သတင်းထောက်တစ်ဦးအနေဖြင့် သရုပ်ဆောင်ရမည်ဖြစ်ရာ ဝါရင့်အတွေ့အကြုံရှိ သတင်းထောက်များထံ ချဉ်းကပ်လေ့လာလျက်ရှိသည်။



ဇာတ်ကားမထွက်မီကတည်းက နာမည်ကြီးနေသည်က "ရွှေကြာ"၊ ငွေသော်တာရုပ်ရှင်၏ ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားကြီး။ ပုညခင်၏ "အရှေ့တံခါးအဝင်" ဝတ္ထုကို ဒါရိုက်တာအကယ်ဒမီ ဝိုင်းက ရုပ်ရှင်အဖြစ် အသက်သွင်းပြီး မကြာမီ ရုံတင်ပြသနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုဇာတ်ကားတွင် ဖွေးဖွေးသည် တော်ရုံလူသရုပ်ဆောင်ရန်မရဲသည့် ပြည့်တန်ဆာမလေး ရွှေကြာအဖြစ် အထူးသရုပ်ဆောင်ထားရာ ပရိသတ်အရှိုက်ကိုထိစေမည့် ဘဝသရုပ်ဖော်ဇာတ်ကားတစ်ကား။ ဒါရိုက်တာဆရာကြီး ဦးသုခ၏ "ဘဝသံသရာ" သီချင်းထဲကလို ဖြစ်ချင်တာတွေမဖြစ်ရတဲ့ လောကကြီးထဲမှာ ဘဝဇာတ်ဆရာ အလိုကျ မကချင်ဘဲကခဲ့ရတဲ့ ပြည့်တန်ဆာမလေးတစ်ဦး၏ ရင်နင့်ကြေကွဲဖွယ်ရာဇာတ်လမ်း၊ ပြည့်တန်ဆာဆိုပြီး တစ်ဖက်သတ်အဆိုးမြင်ဝါဒနှင့် ပစ်ပယ်ထားရန်မသင့်၊ လူသားချင်းစာနာထောက်ထားသောအမြင်ဖြင့် နိမ့်ပါးသူကို ဖေးမကူညီသင့်ကြောင်း မီးမောင်းထိုးတင်ပြထားရာ နှံ့ပင်နစ်သော်လည်း အရောင်မညစ်သည့် "ရွှေကြာ" မကြာမီ ပွင့်လန်းလာတော့မည်မှာမလွဲဧကန် ဖြစ်သည်။

ထပ်ဆင့်အကယ်ဒမီ ဖွေးဖွေးသည် ဒါရိုက်တာကိုဇော်ဇော်ရိုက်ကူးသည့် "သမုဒယ" ရုပ်ရှင်ဇာတ်ကားတွင် ဒုတိယဇာတ်ဆောင်မင်းသမီးအဖြစ် မြန်မာ့ရုပ်ရှင်လောက၌ စတင်ခြေချခဲ့ပြီး ဒါရိုက်တာ ဝိုင်းက "လက်ပံ" ရုပ်ရှင်ဇာတ်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် တင်ရိုက်လိုက်သောအခါ တိုင်းသိပြည်သိ ရုပ်ရှင်မင်းသမီးအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်မှာ စိန်ငွေးရုပ်ရှင်ကုမ္ပဏီကထုတ်လုပ်ပြီး မြားစစ်သည်၏ ဝတ္ထုကို ရိုက်ကူးခဲ့သည့် "လက်ပံ"ဇာတ်ကားတွင် မင်းသားပြေတီဦးနှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ပထမဆုံးအကြိမ်ရရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ထားဝယ်ရုပ်ရှင်က ထုတ်လုပ်ပြီး ပုညခင်၏ဝတ္ထုကို ဒါရိုက်တာ ဝိုင်း ရိုက်ကူးခဲ့သည့် "ကျွန်မကနှင်းဆီပါမောင်" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင် အကယ်ဒမီထူးချွန်ဆု ထပ်မံရရှိခဲ့ပြန်သည်။ မြန်မာ့ရုပ်ရှင်လောကတွင် ငယ်ငယ်ရွယ်ရွယ်ဖြင့် အကယ်ဒမီနှစ်ထပ်ကွမ်း ရွှေစင်ဆုနှစ်ဆု ရင်ဝယ်ပိုက်နိုင်ခဲ့သူဖြစ်သည်။ "လက်ပံ" ဇာတ်ကားကို အမေရိကန်ပြည်ထောင်စု လော့စ်အန်ဂျလိစ်၌ ကျင်းပသည့် Asian World ရုပ်ရှင်ပွဲတော်၌ ပြသရန်ဖိတ်ခေါ်သည့်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း သွားရောက်ပြသခဲ့သည်။

မိဘများ၏ပြောပြချက်အရ ဖွေးဖွေးသည် အနုပညာရပ်မှန်သမျှ ခုံမင်တွယ်တာသူဖြစ်ပြီး ဂီတာတီးခြင်း၊ တေးရေး တေးဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ အိမ်တွင်းမှုစက်ချုပ်ဒီဇိုင်းနှင့် မိတ်ကပ်ပညာကျွမ်းကျင်သည့်အပြင် စာရေး စာဖတ် ဝါသနာပါသည်။ အချိန်ရသည်နှင့် မြန်မာရုပ်ရှင်၊ နိုင်ငံတကာရုပ်ရှင်နှင့် ဗဟုသုတရဖွယ်ရာအခွေများ ကြည့်ရှုလေ့ရှိသည်။ ရုပ်ရှင်ရိုက်ကူးရာတွင် များသောအားဖြင့် မိတ်ကပ်ကိုယ်တိုင်လိမ်းခြယ်လေ့ရှိပြီး အလှအပမဟုတ်သော သဘာဝကျကျ ပုံဖော်ရသည့် Special Effect မိတ်ကပ်အထူးပြုလုပ်ချက်များကို ကိုယ်တိုင်ဖန်တီးသည်။

ပြည်ပခရီးစဉ်အဖြစ် ရုပ်ရှင်ကိစ္စ၊ ကြော်ငြာကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စများနှင့်ပတ်သက်၍ ဖွေးဖွေးသည် အမေရိကန်နိုင်ငံ၊ ဂျပန်၊ ဩစတြေးလျ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ သွားရောက်ခဲ့သည်။

ရုပ်ရှင်ရိုက်ကူးရေးနှင့်ပတ်သက်၍ လာမည့်အနာဂတ်မှာ အချစ်ဇာတ်ကားများထက် လူ့အခွင့်အရေးနှင့် လူငယ်အကျိုးပြုဇာတ်လမ်းများ ဦးစားပေးရွေးချယ်ရိုက်ကူးသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ ပရဟိတလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံ အကျိုးဆောင်တတ်သူဖြစ်ရာ ဖွေးဖွေးသည် AIDS ဝေဒနာရှင်များ ပြန်လည်ထူထောင်ရေး၌ တက်ကြွစွာ ပါဝင်ခဲ့သည့်အတွက် UNAIDS အဖွဲ့အစည်းက ဖွေးဖွေးကို ၆-၁၂-၂၀၁၁ ရက်တွင် ဂုဏ်ပြုလွှာချီးမြှင့်ခဲ့သည်။

အဆိုဝါသနာပါသော်လည်း မအားလပ်သည့်အတွက် ဂီတဘက်သို့ ဦးမလှည့်နိုင်။ မိမိကိုယ်ကိုယုံကြည်၍ ကမ်းလှမ်းသည့် ဇာတ်ကားများနှင့်ပတ်သက်၍ ဝတ္ထု ဇာတ်လမ်းကို အခေါက်ခေါက်အခါခါဖတ်သည်။ ကိုယ်နှင့်လိုက်ဖက်ပြီး ထူးခြားဆန်းသစ်သည့် ဇာတ်လမ်းမျိုးမှ နှစ်သက်လက်ခံပြီး မိမိသရုပ်ဆောင်ရမည့်လုပ်ကွက်များကို ပီပြင်အောင် တွေးတောကြံဆကာ အပြန်ပြန်အလှန်လှန် လေ့ကျင့်သည်။ ဇာတ်ရုပ်မရွေး၊ အလှအပကို ဦးစားမပေး၊ သဘာဝကျကျဇာတ်လမ်းနှင့် အံဝင်ခွင်ကျရေးကိုသာ ဦးစားပေးလျက် ဖွေးဖွေးဆိုတဲ့ အမြင်ကိုဖျောက် ဇာတ်လမ်းထဲက ဇာတ်ကောင်နောက်သို့ ပရိသတ်ကောက်ကောက်ပါလာအောင် မှော်ဝင်နေသည့်အလား သရုပ်ဆောင်ပြလေ့ရှိသည်။

ယခုအခါ ဖွေးဖွေးသည် သူချစ်သော ကျေးဇူးရှင်မိဘနှစ်ပါး၊ မောင်လေး ဇေင်ဦးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရင်း သူမြတ်နိုးသော အနုပညာလမ်းမှာ အောင်မြင်စွာဖြင့် ဆက်လက်လျှောက်လှမ်းနေဆဲ၊ သူ့ဘဝအားကျမိသည်နှင့်အမျှ ဂုဏ်ပြုကဗျာတစ်ပုဒ်နှင့် အဆုံးသတ်လိုသည်က. . .။

## ပြည်သူချစ်တဲ့ ပန်းလေးတစ်ပွင့်

✤ အလှတွင် အယဉ်ဆင့်
တင့်လှပေဟန်၊ ပင်မြင့်စံလည်း
မာန်မဝင်သူ့အပြုံး
တစ်ပြည်လုံးကချစ်
နှစ်နှစ်ကာကာ။
✤ အုတ်တစ်ချပ် သဲတစ်ပွင့်
မြန်မာ့ရုပ်ရှင်မြင့်စေဖို့
ဆင့်ခဲ့ကြသူတွေထဲ
သူလည်းပဲပါ။
✤ ဆေးစက်ကျရာ၊ မြန်မာမှာစံတင်
ဂန္ထဝင်သတင်းမွှေး
ရွှေမင်းသမီးလေးရဲ့ဘဝ
အကယ်ဒမီများနဲ့ လှခဲ့ပြန်
လပမာအသွင်တင့်
ပြည်သူချစ်တဲ့ပန်းလေးတစ်ပွင့်။

(ထပ်ဆင့်အကယ်ဒမီ ဖွေးဖွေးအတွက် အမှတ်တရ)
တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)



# ကန်းထရီးစတားတို့ ပျော်ကြတဲ့ည



ကန်းထရီးတေးသံရှင်တွေအတွက်တော့ အကြီးကျယ်ဆုံးသော ညတစ်ညဖြစ်ခဲ့တဲ့ "Country Music Awards 2017" ဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ ဇွန် ၇ ရက်က အမေရိကန်နိုင်ငံ နက်ရှ်ဗေးလ်မှာရှိတဲ့ ဂီတမြို့တော်စင်တာမှာ ကျင်းပခဲ့ရာ ကန်းထရီးတေးသီချင်းတွေကို တစိုက်မတ်မတ်သီဆိုခဲ့ကြတဲ့ တေးသံရှင်တွေနဲ့ မိသားစုဝင်တွေ တက်ရောက်အားပေးခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွက် ရည်ရွယ်ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲဆန်ခါတင်စာရင်းမှာ ဆုအများဆုံးလျာထားခံခဲ့ရတဲ့သူတွေကတော့ ကိတ်သ်အာဘန်၊ ကယ်လ်စီးဘော်လာရီနီနဲ့ သောမတ်စ်ရက်ထ်တို့ဖြစ်ကြပြီး စုပေါင်းလေးဆုဆီအတွက် အမည်စာရင်း တင်သွင်းဖော်ပြခြင်းခံထားရတာဖြစ်ပါတယ်။ အဆိုပါနာမည်ကျော်ဂီတကြယ်ပွင့်တွေအနက် ကန်းထရီးတေးသံရှင်ကြီး ကိတ်သ်အာဘန်ကတော့ ယခုနှစ်အတွက် ဆုပေးပွဲမှာ ဆန်ခါတင်ဆုစာရင်းမှာ ပါဝင်နေတဲ့ ထူးချွန်ဆုလေးခုလုံးကို ဆွတ်ခူးသွားနိုင်ခဲ့တာ တွေ့ရပါတယ်။

ကိတ်သ်အာဘန်ဟာ ဆန်ခါတင်စာရင်းမှာ အပြိုင်ရွေးချယ်ခံခဲ့ရတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ဘလိတ်ခ်ရှယ်လ်တန်၊ အဲရစ်ချက်ဂျ်၊ ဂျင်ဆင်အယ်ဒင်း၊ သောမတ်စ်ရက်ထ်တို့ကို ကျော်ဖြတ်ကာ တစ်နှစ်တာအတွက် အကောင်းဆုံးသော တေးဗီဒီယို(အမျိုးသား)ဆုကို သူ့ရဲ့တေးသီချင်း "Blue Ain't Your Color" ရဲ့ ဗီဒီယိုနဲ့ဆွတ်ခူးသွားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆန်ခါတင်စာရင်းမှာ ဖော်ပြခြင်းခံခဲ့ရတဲ့ အခြားသောဆုအားလုံးကိုလည်း အပြိုင်တေးသံရှင်တွေကိုကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ဆုပေးပွဲရဲ့အဖွင့်မှာတော့ ကန်းထရီးကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျက်ဆင်အယ်ဒင်းက ဖျော်ဖြေပေးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်း ကွယ်လွန်သွားခဲ့တဲ့ နာမည်ကျော်ဂီတကြယ်ပွင့် ဂရက်ဂ်အောမန်းအတွက် ဂုဏ်ပြုသီဆိုခဲ့ခြင်းဖြစ်တာကြောင့် သူနှစ်သက်တဲ့ ရော့ခ်ဆန်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Midnight Rider" နဲ့ ဖျော်ဖြေခဲ့တာဖြစ်ပြီး ဂျက်ဆင်နဲ့အတူ အခြားသောတေးသံရှင်သုံးဦးကလည်း တွဲဖက်ဖျော်ဖြေပေးခဲ့တာ ဖြစ်ပါတယ်။

ဆုပေးပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြတဲ့ ကန်းထရီးကြယ်ပွင့်တွေအနက် ကာရီးအန်ဒါဝုဒ်၊ ဂျာဒါပင့်ကတ်စမစ်သ်နဲ့ မီရန်ဒါလမ်းဘာ့ထ်တို့ရဲ့ ဝတ်စုံတွေဟာတော့ အလှဆုံးသောဝတ်စုံတွေအဖြစ် မီဒီယာတွေရဲ့ ချီးကျူးဖော်ပြခြင်းခံခဲ့ရပါတယ်။ အချို့သော ကြယ်ပွင့်စုံတွဲတွေလည်း ဆုပေးပွဲကို အတူတက်ရောက်လာခဲ့တာတွေ့ရပြီး စုံတွဲတွေအနက် ချစ်စရာအကောင်းဆုံးအဖြစ် ကိတ်သ်အာဘန်နဲ့ နီးကိုးကစ်ဒ်မန်း၊ သောမတ်စ်ရက်ထ်နဲ့ လော်ရန်အေကင်စ်၊ လုခ်ဘဂရိုင်ယန်နဲ့ ကာရိုလင်းဘွိုင်ယာတို့ကို ရွေးချယ်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အေးပြည့် ရေးသားသည်



# ပြန်လည်သတိရလာပြီဖြစ်တဲ့ T.O.P

ဆေးခြောက်သုံးစွဲမှုနဲ့ ပြဿနာတက်ခဲ့ပြီးနောက် ဆေးလွန်ခဲ့တာကြောင့် ဆေးရုံတက်ရောက်နေရတဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့တေးသံရှင် T.O.P ဟာ လတ်တလောမှာတော့ သတိလစ်နေတဲ့အခြေအနေမှ လွန်မြောက်ကာ လမ်းတောင်လျှောက်နိုင်နေပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

T.O.P ဟာ ပြီးခဲ့တဲ့ ဇွန် ၆ ရက်မှာ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခဲ့တာကြောင့် သတိလစ်နေတဲ့အခြေအနေနဲ့ ဆေးရုံရောက်လာခဲ့ကာ အရေးပေါ်ဌာနမှာ ကုသမှုတွေခံယူခဲ့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၇ ရက်မှာ T.O.P ရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး သူတက်ရောက်နေတဲ့ အီဝှာအမျိုးသမီးတက္ကသိုလ်မှ တာဝန်ရှိသူတွေက သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့တာဖြစ်ပြီး အဲဒီအချိန်အထိ T.O.P ဟာ သတိကောင်းကောင်းမရသေးတာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဇွန် ၉ ရက်မှာတော့ ယင်းဆေးရုံက T.O.P ဟာ လတ်တလောမှာ သတိပြန်လည်လာပြီဖြစ်ကာ ဆေးရုံဝင်းအတွင်း ဟိုနားဒီနား လမ်းလျှောက်တာမျိုးတွေတောင် ပြုလုပ်နိုင်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဆေးရုံက T.O.Pရဲ့ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး အသေးစိတ်ပြောကြားခဲ့တာ မရှိပေမယ့် မကြာမီအရေးပေါ်ဌာနမှ ထွက်ခွာနိုင်တော့မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် T.O.P ဟာ နောက်ထပ်ကုသမှုတွေ လိုအပ်နေဆဲဖြစ်ကာ စိတ်ရောဂါကုဆရာဝန်တွေနဲ့လည်း တွေ့ဆုံကုသမှုခံယူရဦးမှာဖြစ်တယ်လို့ ပြောကြားခဲ့ကြောင်း သိရပါတယ်။

# ဒေသထွက် လက်မှုကုန်ထုတ်ပစ္စည်းပြိုင်ပွဲအခမ်းအနား ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



**လွိုင်ကော် ဇွန် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် International Trade Center(ITC)တို့ ပူးပေါင်းဆောင်ရွက်သော ကယားပြည်နယ် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ အပိုဝင်ငွေရရှိရေး၊ အလုပ်လက်မဲ့လျှော့ချရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ရွက်ပုန်းသီးလက်မှုပညာရှင်များ ဖော်ထုတ်ရေးနှင့် ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်ရေးတို့ကို ရည်ရွယ်၍ လက်မှု ကုန်ထုတ်ပစ္စည်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လက်မှုလုပ်ငန်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမောင်မောင်က ပြိုင်ပွဲကျင်းပမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန(ITC)မှ အကြံပေးပညာရှင် Mrs. UIIa Kroeber က ပြိုင်ပွဲအမှတ်တရစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရက်ကန်း၊ တောင်းရက်၊ သစ်သားပန်းပု၊ ရွှံ့စေးမြေ(မြေအိုး)၊ ဝါးလက်မှုပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင် လက်မှုထုတ်ကုန်ပစ္စည်းများနှင့် (ITC)မှ အကြံပေးပညာရှင်၏ လက်မှုထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လမ်းများအရည်အသွေးပြည့်မီခြင်း ရှိ၊မရှိ ကွင်းဆင်းစစ်ဆေး

**ပဲခူး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး စက်မှု လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းသည် ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပဲခူးခရိုင်အတွင်းရှိ လမ်းပိုင်းများ အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၁၂၇၉ ဖြင့် ဆောင်ရွက်ခဲ့သော အင်းတကော်၊ ထုံးကြီး၊ ကဝ၊ အုန်းနဲ့လမ်းမိုင်တိုင်အမှတ်(၀/၀)မှ (၇/၇)နှင့် ငွေကျပ် ၉၇ သန်းကျော်ဖြင့် ဆောင်ရွက်ခဲ့သော ဘုရားကြီး၊ ဘောနက်ကြီး၊ ဇောင်းတူ၊ တိုက်ကြီးလမ်းမိုင်တိုင်အမှတ်(၆/၆)မှ (၇/၃)တို့ အကြားရှိလမ်းပိုင်းအား လမ်းတွင်ရှိသင့်ရှိထိုက်သော အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိသိရှိနိုင်ရန် ကတ္တရာလမ်းသားများ ဖောက်ထွင်းစစ်ဆေးခြင်း၊ လမ်းအကျယ်အဝန်း၊ ထုထည်တိုင်းတာခြင်း၊ ရေစိမ့်ထွက်မှုရှိ၊မရှိ စစ်ဆေးခြင်းများပြုလုပ်ကာ လမ်းနယ်နိမိတ်အတွင်း မလွတ်ကင်းသောအဆောက်အအုံများအား ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်-ပုဇွန်မြောင်-မဒေါက်-ရွှေကျင်လမ်း၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်းနှင့်ဖြူး-အုတ်ဖြတ်-မုန်းလမ်းတို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့်အပြင် လမ်းတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်အားပေးခွဲရုံများသို့ဝင်ရောက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်တိုင်များစိုက်ထူတည်ဆောက်နေမှုနှင့် ဆက်သွယ်ရေးတာဝါတိုင်များကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**တင်စိုး(ပဲခူး)**

# ပျူမြို့ဟောင်းများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဟန်လင်း)သို့ လူနာတင်ယာဉ်တစ်စီး ကူညီပံ့ပိုး

**ဝက်လက် ဇွန် ၉**

ဂျပန်နိုင်ငံ NGOMINZOAU FORUM မှ လှူဒါန်းသည့် လူနာတင်ယာဉ်တစ်စီးအား မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(MCHT)မှ ပျူမြို့ဟောင်းများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဟန်လင်း)သို့ ကူညီပံ့ပိုးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက ဟန်လင်းပျူမြို့ဟောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကူညီပံ့ပိုးပေးအပ်သည့် အဆိုပါလူနာတင်ယာဉ်မှာ ငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ TOYOTA HIACE TRH 226 (MODEL 2008) AMBULANCE (4×4)R ယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က လူနာတင်ယာဉ် ကူညီပံ့ပိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ယင်းသို့ လူနာတင်ယာဉ်တစ်စီး ကူညီပံ့ပိုးပေးသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဟန်လင်း)ဥက္ကဋ္ဌ ဦးခင်အောင်နှင့် ကျေးရွာ ရပ်မိရပ်ဖတစ်ဦးတို့က ပြောကြားခဲ့သည်။

**နန်းမြင့်(ဝက်လက်)**



# ဝေါမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေး လုပ်ငန်းများဆောင်ရွက်

**ပဲခူး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီး၏ မြေမျက်နှာပြင် အနေအထားအရ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်နိုင်သည့်နေရာများနှင့် ရေဘေးအန္တရာယ် ကာကွယ်ရန်လိုအပ်သည့် နေရာများအတွက် ၂၀၁၇ ခုနှစ် မိုးရာသီမတိုင်မီ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေး၊ ရေဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေး၊ ရေဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပဲခူးခရိုင် ဝေါမြို့နယ်ရှိ ရှမ်းကိုင်းရေထိန်းတံခါး Outfall Channel သဲနုန်းတူးဖော်ခြင်းနှင့် ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းအား ဇွန် ၈ ရက်က ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးက လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ စက်ယန္တရားများဖြင့် အကျိုးရှိရှိ အလုပ်ပြီးမြောက်အောင် ဆောင်ရွက်ရန်၊ ဌာနဝန်ထမ်းများအနေဖြင့် လုပ်ငန်း၏ဦးတည်ချက်အား ရာနှုန်းပြည့် ထိရောက်အောင် ဆောင်ရွက်ရန်အပြင် ရေထိန်းတံခါးအား မိုးရာသီမတိုင်မီ ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း တိကျစွာဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှမ်းကိုင်းရေထိန်းတံခါးသည် ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာအနီး အဗျား-ရှမ်းကိုင်း ရေနုတ်ချောင်းပေါ်တွင် (၂၀၀၀ - ၂၀၀၁) ခုနှစ်က တည်ဆောက်ထားသော ရေတံခါးဖြစ်သည်။ ခြောက်ပေအကျယ်ရေတံခါးပေါက် ၂၇ ပေါက်ရှိ ရေထိန်းတံခါးဖြစ်ပြီး ဝေါမြို့နယ်အတွင်းရှိ စိုက်ပျိုးဧက ၂၅၀၀၀ အား မိုးရာသီ စစ်တောင်းမြစ်ရေမြင့်တက်ချိန် ကွင်းအတွင်းသို့ မြစ်ရေနှင့် သဲနုန်းဝင်ရောက်မှုမရှိစေရန်၊ နွေရာသီ ရေချိုထိန်းစိုက်ပျိုးရေပေးဝေရန်နှင့် မိုးရာသီအတွင်း စစ်တောင်းမြစ်ရေ နိမ့်ကျစဉ် ရေတံခါးမှ ကွင်းရေထုတ်နုတ်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရှမ်းကိုင်း ရေထိန်းတံခါးသည် စစ်တောင်းမြစ်နှင့် နီးကပ်စွာတည်ရှိသဖြင့် နှစ်စဉ်ပင်လယ်ဒီရေတက်ရောက်ချိန်တိုင်း ရေတံခါးအောက်ပိုင်းသို့ ဒီရေတက်ရောက်မှုနှင့်အတူ သဲနုန်းပို့ချမှုအများဆုံး နေရာတစ်ခုဖြစ်သောကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် သဲနုန်းများအားဖယ်ရှား၍ ရေလမ်းကြောင်းဖွင့်ရှင်းလင်းခြင်းကို မိုးရာသီမတိုင်မီ နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ရေတံခါးအောက်ပိုင်းရှိ ပို့ချတင်ရှိနေသောနုန်းများအား စက်ယန္တရားကြီးများ အသုံးပြု၍ အကြီးစားတူးဖော်ခြင်း၊ စစ်တောင်းမြစ်သို့ ရေထုတ်နုတ်သော ရေထွက်လမ်းအား ရေလမ်းကြောင်းဖြောင့်ခြင်း လုပ်ငန်းများမှာ အလျား သုံးမိုင်၊ မြေကျင်း ၅၀၀၀၀ ကျော်ဖြစ်ပြီး မြေတူးစက် Hydraulic Excavator လေးစီး၊ Long Arm သုံးစီး၊ ရေပေါ်မြေတူးစက် Amphibious တစ်စီး စုစုပေါင်း ရှစ်စီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြည်)**



# ကော့သောင်းမြို့တွင် မူးယစ်ဆေးဝါးရှာဖွေရေးခွေးအား လစဉ်ထောက်ပံ့ကြေးပေးအပ်

**ကော့သောင်း ဇွန် ၉**

ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စု၏ မူးယစ်ဆေးဝါးရှာဖွေရေးခွေးအတွက် FOR BRAVE DOG ပရဟိတအဖွဲ့က ယခုနှစ် မေလမှစ၍ လစဉ် ကျပ် ၃၀၀၀၀ အား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဇွန် ၇ ရက်က သိရသည်။

ကော့သောင်းမြို့တွင် မူးယစ်ဆေးဝါးပြဿနာများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးသယ်ယူရောင်းဝယ်သုံးစွဲမှုများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့စုရှိ အထူးလေ့ကျင့်ပေးထားသည့် မူးယစ်ဆေးဝါးရှာဖွေရေးခွေးဖြင့်လည်း မူးယစ်ဆေးဝါးပြဿနာများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည့် ဖြစ်စဉ်များလည်းရှိခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စု၏ ဗန်ဒိန်းအမည်ရှိမူးယစ်ဆေးဝါးရှာဖွေရေးခွေး(အထီး)အား အစားအစာ၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့် ကိစ္စများတွင်အသုံးပြုနိုင်ရန် FOR BRAVE DOG ပရဟိတအဖွဲ့က မေလနှင့် ဇွန်လအတွက် နှစ်လစာ ကျပ် ၆၀၀၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# လွမ်းမိပါသည်ငပလီ

ဇန်စိန် (ဟိုတယ်ခရီး)



"လုံးသာနှင့် မဇင်
မြပြင်နဲ့ ဂျိတ္တော
သေလာမြိုင် ရွှေဝါချိုင်
ဝါးတောင်ကွင်းရယ်နဲ့
ရွှေလင်းသာ ဇီးဖြူကုန်းမှာ
အုန်းပင်ကပေါ"

ဆရာကြီး မင်းသုဝဏ်ရဲ့ ငပလီဒေသရှိ ရွာများကို စုစည်းဖွဲ့ဆိုထားတဲ့ကဗျာလေး ဖြစ်ပါတယ်။ ငပလီဆိုတဲ့ နေရာဒေသလေးဟာ သံတွဲခရိုင် သံတွဲမြို့ရဲ့ အနောက်ဘက် လေးမိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်ကမ်းရိုးတန်းဒေသမှာ ရှိပါတယ်။

လေယာဉ်ကွင်းရှိရာ မဇင်ဒေသမှ တောင်ဘက် မရိုးဘေး လို့ခေါ်တဲ့ လုံးသာကူးတို့ဆိပ် ရွာလေးအထိ ကိုးမိုင်ခန့် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းဒေသကို ငပလီလို့ ခေါ်ပါတယ်။

၁၉၉၃ ခုနှစ် တစ်နေ့သော မတ်လမှာ ဆရာကြီး မင်းသုဝဏ်နဲ့ဇနီး ဒေါ်ကြည်ကြည် မြန်မာ့လေကြောင်း လေယာဉ်နဲ့ မနက်ပိုင်း ငပလီရောက်မည့်အကြောင်း ဆရာကြီးရဲ့သမီးက အကြောင်းကြားလာပါတယ်။ ကျွန်တော်နဲ့ ငပလီကမ်းခြေဟိုတယ် ဝန်ထမ်းများ လေယာဉ်ပေါ်ထိ တက်ရောက်ကြိုဆိုပြီး ဆရာကြီးတည်းနေကျ ဟိုတယ်အခန်းမှာ နေရာချထားပေးပါတယ်။

ဆရာကြီး ဟိုတယ်ဝင်းထဲရောက်တာနဲ့ ဆရာကြီးကို ခင်မင်ပြီးဖြစ်တဲ့ ဝန်ထမ်းများက ဆရာကြီးတို့ကို ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြပါတယ်။ အဆောင်တာဝန်ကျကတော့ ငနီအောင်နဲ့ အမျိုးသမီးတာဝန်ကျကတော့ ချင်းအမျိုးသမီး အမာကြည်တို့ ဖြစ်ပါတယ်။ ဆရာကြီးတို့နဲ့ အလွန်ရင်းနှီးသူများဖြစ်လို့ စိတ်ချမ်းသာမိပါတယ်။

ငပလီဟိုတယ်ရဲ့ စားသောက်ခန်းထဲမှာ ငပလီဒေသကမ်းခြေအလှကို ရောင်စုံပန်းချီကားနဲ့ ပုံဖော်ထားပါတယ်။ ပင်လယ်ပြာပြာ၊ သဲသောင်ဖွေးဖွေး အုန်းပင်တန်းများနဲ့ အလှဆင်ထားပါတယ်။ ရေထဲမှာ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ လိပ်၊ ရေဘဝဲ၊ ရေမြင်း၊ ရေကြက်ပုံတွေကိုပါ ထည့်သွင်းဖော်ပြထားလို့ လှပတဲ့ပန်းချီကားချပ်ရှည်ကြီး ဖြစ်နေပါတယ်။ ငပလီဒေသတစ်ခုလုံးရဲ့ ရွာများကိုလည်း သူ့နေရာနဲ့သူ အကွက်ကျကျထည့်ပြီး ရေးဆွဲထားတဲ့ မြေပုံကြီးတစ်ခုကို မြင်သူတိုင်း စိတ်ဝင်စားကြပါတယ်။

ဆရာကြီးလည်း မြေပုံပန်းချီကားကို ကြည့်ပြီး ပုံထဲမှာပါတဲ့ နေရာဒေသအားလုံးပါအောင် ရေးစပ် လိုက်ပါတယ်။

ဆရာကြီးတည်းခိုတဲ့ဘန်ဂလိုရဲ့ ပတ်ဝန်းကျင်မှာ ပုန်းညက်ပင်ကြီးတွေနဲ့ အရိပ်အလွန်ကောင်းပါတယ်။ ဘန်ဂလိုပေါ်မှာနေနေ၊ သဲသောင်ပြင်ပေါ်မှာ ထိုင်ထိုင် ပင်လယ်ပြင်ကြီးကတော့ အရမ်းကို သာယာလှပနေပါတယ်။ ပုန်းညက်ပင်ကြီးအောက်မှာထိုင်ပြီး ငပလီကမ်းခြေဟိုတယ်ရဲ့ အလှကို ဆရာကြီးက ဒီလိုရေးဖွဲ့ခဲ့ပါတယ်။

**ငပလီကမ်းခြေဟိုတယ်**

ပုန်းညက်ညို အပင်ရိပ်မှာလှ
ချွေးသိပ်လို့နားနေ
ပန်းဖြေကြသူများ
'ကမ်းခြေ' မှာ ပန်းဖြေကြတာမို့
အေးမြပျော်ပါး
ပန်းဖြေအောင် 'ကမ်းခြေ' က မ,တာမို့
အေးမြပျော်ပါး

ကျွန်တော် ဆရာကြီးနဲ့ ဆရာမကြီးတို့ကို နေ့စဉ် ဝင်ရောက်နှုတ်ဆက်ပါတယ်။ လိုအပ်တာမှန်သမျှ အားလုံးဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဟိုတယ်ဝန်ထမ်းအားလုံး ဆရာကြီးနဲ့ ဆရာမကြီးတို့ကို ချစ်ခင်လေးစားပြီး စေတနာအပြည့်နဲ့ ဝန်ဆောင်မှု ပေးကြသည်ကို ဆရာကြီးတို့ကလည်း အသိအမှတ် ပြုပါတယ်။ အားရကျေနပ်မှုလည်း ရှိပါတယ်။ နေ့လယ်စာနဲ့ ညစာကို ဆရာကြီး စိတ်ကြိုက်ဟင်းနဲ့ မှာစားပါတယ်။ ဟိုတယ်ဘက်ကလည်း နေ့စဉ် ညမနက် ဟင်းတစ်မယ် မေတ္တာနဲ့ ထပ်ဆောင်းပေးပါတယ်။

ဆရာကြီးကို ကျွန်တော် နှုတ်ဆက်ရင်း ကျွန်တော့်ရဲ့ ဇာတိက မွန်ပြည်နယ် မုဒုံမြို့နယ် ကလော့သော့ရွာက ဖြစ်ကြောင်း၊ မွန်ရွာကြီးဖြစ်ပြီး မြန်မာလို ကွမ်းခြံကုန်းလို့ ခေါ်ကြောင်း၊ တစ်ရွာလုံး ကနေ့ထိ မွန်လိုသာ ပြောဆိုကြကြောင်းပြောတော့ ဆရာကြီးကလည်း ကွမ်းခြံကုန်းဇာတိ မွန်လူမျိုးဖြစ်ကြောင်း ပြန်ပြောပါတယ်။ နေ့လယ်စာစားချိန်ရောက်တော့ ကျွန်တော့်အမျိုးသမီးက မွန်လို မရန်းသီးခြောက်နဲ့ ငါးပြုတ် လက်သုပ်လာပို့ပါတယ်။ ဆရာကြီးတို့ ဇနီးမောင်နှံအကြိုက်တွေ့ကြောင်း ပြောလို့ ဝမ်းသာမိပါတယ်။ နေ့ခင်း လက်ဖက်ရည်အချိန်မှာတော့ သံတွဲက ကြိတ်မုန့်နဲ့ ဧည့်ခံတော့ ဆရာကြီးက ရခိုင်မုန့်လည်း စားကောင်းကြောင်း ပြောပါတယ်။

ညနေပိုင်း ဆရာကြီးတို့ ဇနီးမောင်နှံ ပင်လယ်ထဲ ဆင်းပါတယ်။ ငပလီကမ်းခြေဟိုတယ်က ရေငုပ်၊ ရေကူး အကျွမ်းကျင်ဆုံး ဂျိတ္တောရွာသား ဂွတိုကို ဆရာကြီးတို့ကို ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ချထားပေးပါတယ်။ ဂွတိုဟာ ပုကွကွ၊ ဂင်တိုတို မဟုတ်ပါဘူး။ အသားညိုညို၊ ဗလကောင်းကောင်း အလွန်ကြည့်လို့ ကောင်းပါတယ်။ ဆရာဆွေလှိုင်ဦးရဲ့ ဂျက်မဝတ္ထုထဲက ဇာတ်လိုက်ပုံအတိုင်း ဖြစ်ပါတယ်။ ငပလီကမ်းခြေ ဟိုတယ်ရဲ့ အရှေ့မှာ ကျောက်ဆောင်ကြီးတစ်ခု ရှိပါတယ်။ ယခင် ဟိုတယ်လို ရေမြင်းရုပ်ပုံကို ကျောက်ဆောင်ပေါ် တင်ထားပါတယ်။ လှိုင်းဒဏ်မခံနိုင်လို့ ရေသူမပုံ ပြန်တင်ထားပါတယ်။ ကျောက်ဆောင်ရဲ့ ပင်လယ်ဘက်ခြမ်းမှာ ရေအလွန်နက်ပြီး ကျောက်ပုစွန်၊ ကျောက်ငါးတွေ ပေါပါတယ်။ ဂွတိုတို့ ရေငုပ်ပြီး ကျောက်ငါး၊ ကျောက်ပုစွန် ရှာနေကျနေရာပါ။ နေရာလေးက လူသူနဲ့လှမ်းတော့ ဝတ္ထုထဲက ဂျက်မသဘာဝအတိုင်း ရေဆင်းကူးပါတယ်။ ငါးမန်းလိုက်တော့ ဂျက်မကို ဂျိတ္တောရွာသား ဇာတ်လိုက်က ရေထဲ ဒိုင်ဗင်ထိုးဆင်းပြီး ငါးမန်းနဲ့ တိုက်ရိုက်အနိုင်ယူတဲ့နေရာလေးဟာ ငပလီကမ်းခြေဟိုတယ်ရဲ့အရှေ့မှာရှိပါတယ်။ ငပလီရောက်ရင် ဝင်ကြည့်ဖြစ်အောင် ကြည့်လိုက်ကြပါ။

ညနေထမင်းစားချိန်မှာ ငပလီဟိုတယ်ရဲ့အကောင်းဆုံး လက်ရာ ကြက်ကင်နဲ့ ဧည့်ခံပါတယ်။ ငပလီ ကြက်ကင်နာမည်ကြီးပုံကတော့ အသားကို အမွှေးအကြိုင်တွေနဲ့ နှပ်ထားပြီး ပျားရည်သုတ်ပါတယ်။ ကြက်ကို မြေပေါ်မှာ ဖြစ်ဖြစ်၊ သဲပေါ်မှာဖြစ်ဖြစ် ငုတ်စိုက်ပြီး တင်ထားပါတယ်။ လေးထောင့်သံပုံးကို ကြက်ပေါ် ဖုံးအုပ်လိုက်ပြီး ကောက်ရိုးမီးနဲ့ အပူပေးပါတယ်။ ငါးမိနစ်ဆို ကြက်ကင်ရပါပြီ။ စားဖူးသူများ ကောင်းကောင်း သိမှာပါ။ နောက်နေ့တွေမှာလည်း ကျွန်တော့်အမျိုးသမီးက မွန်လိုမရန်းပြားနဲ့ ကြက်စင်းကော လုပ်ကျွေးပါတယ်။ ပုစွန်တုပ်နဲ့လည်း မွန်လို စင်းကောလုပ်ကျွေးပါသေးတယ်။

ဆရာကြီးအနေနဲ့ နောက်ထပ်ကဗျာတစ်ပုဒ် ထပ်ရေးစပ်ပါတယ်။

**ငပလီကမ်းခြေအပန်းဖြေ**

သဲသောင်က သာယာ
ရေပြာကကြည်အေး
ရေပြာကို လေသာမှုတ်တယ်
လှိုင်းပုတ်သံ တေး
တေးသံက စဲမငြိမ်
တဲအိမ်က ဧည့်များ
တေးသံမှာ စိတ်ငြိမ်သက်တယ်
မေ့လျက် ပျော်သွား
ပျော်ရာက နိုးပြန်
တေးသံက ခေါ်ဆွဲ
တေးလာရာ ပင်လယ်စပ်မှာ
ကူးခတ်ရေထဲ
ရေထဲမှာ ကူးခတ်ခါ
ရေပြာက ခေါ်သွား
မြန်မကြာ လှိုင်းညိုတက်တယ်
ကုန်းဖက် ပြန်နား
ဆင်းကာတဲ့ တက်ကာ
လှိုင်းနိုင်အောင် အပြိုင်ကူးရ
ထူးတဲ့ကြမ္မာ။
နောက်ဆုံးတော့ လှိုင်းခမျာ
ဆုံးရှာလို့ ဘွာပြော
ဘွာဆိုတာ ပင်လယ်တွင်း
ဆင်းသက် ကျလျော
ဧည့်ဆောင်ခန်း ဝရန္တာ
ထိုအခါ ဧည့်များ
စားသောက်ဖွယ် အစုံချ
အားရအောင်စား
စားပြီးအိပ်ပြန်
နိုးပြန်တော့ လက်ငင်း
ကူးခတ်ရန်ပင်လယ်ထဲ
ဝဲထအောင်ဆင်း
ဤမျှကား စီအရီ ငပလီစခန်း
သိလိုလျှင် ခုချက်ချင်း ဆင်းလာကြစမ်း အေးမြ စိတ်ချမ်း။

၁၉၉၃ ခုနှစ် ငပလီကမ်းခြေဟိုတယ်နဲ့ ပတ်ဝန်းကျင်အခြေအနေက အခုနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရပါဘူး။ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က ငပလီဒေသမှာ အစိုးရပိုင် ငပလီကမ်းခြေ ဟိုတယ်တစ်လုံးပဲ ရှိပါတယ်။ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းတဲသာသာ ဟိုတယ်လေးပါ။ လျှပ်စစ်မီးက ည ၆ နာရီမှ ၁၀ နာရီထိ ပေးပါတယ်။ လေအေးပေးစက်၊ ပန်ကာမရှိပါ။ သို့သော် ကမ်းခြေရဲ့ အလှအပကတော့ ကမ္ဘာကျော်ပါတယ်။ ဧည့်သည်များ ရေထဲဆင်းရတာ အန္တရာယ် အလွန်နည်းပါတယ်။ ငပလီကမ်းခြေရဲ့ သဲသောင်ဟာ ဖြူဖြူဖွေးဖွေး၊ ရေအရောင်က ကြည်လင်ပြီး အပြာရောင်ရင့်ရင့်၊ တချို့နေရာတွေမှာ အစိမ်းရောင် သန်းနေပါတယ်။ သဘာဝကပေးထားတဲ့ အလှတရားတွေ အပြည့်ရှိပါတယ်။ ဟိုတယ်လေးဟာ သူ့နေရာ သူ့ဒေသမှာတော့ ရိုးရိုးလေးနဲ့ နေလို့ကောင်းပါတယ်။ ဟိုတယ်တစ်ခု အောင်မြင်မှုရဖို့ဆိုရင် ဟိုတယ်ကြီးလှပပြီး ပစ္စည်းအသုံးအဆောင် အဆင့်အတန်းမြင့်မြင့် ပြည့်ပြည့်စုံစုံ ထည့်ထားပေးဖို့ လိုပါတယ်။ ဝန်ထမ်းများကလည်း ဝန်ဆောင်မှုကောင်းကောင်းပေးရန် အထူးလိုအပ်ပါတယ်။

ဝန်ထမ်းများကို လှအောင်ဆင်ပါ။ လုပ်ငန်း ကျွမ်းကျင်ရပါမယ်။ ဝတ်စုံကို အဆင့်မြင့်မြင့် လှပအောင် ဆင်ထားသလို နှလုံးသားကိုလည်း လှပအောင် ဆင်ထားပေးရပါမယ်။ စေတနာနဲ့ အပြုံးပန်းတို့ဟာ ဟိုတယ်တစ်ခုရဲ့ အသက်ဖြစ်ပါတယ်။ ဝန်ထမ်းတွေကိုလည်း လုပ်ငန်းခွင်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်ကိုင်နိုင်စေဖို့ သူတို့ရဲ့ စားဝတ်နေရေး အဆင်ပြေအောင် ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှလည်းအောင်မြင်တဲ့ ဟိုတယ်တစ်ခု ဖြစ်လာမှာပါ။

ငပလီကမ်းခြေဟိုတယ်မှာ ကျွန်တော် မန်နေဂျာအဖြစ် တာဝန်ကျစဉ်က ဝန်ထမ်းအများစုဟာ ငပလီ ဒေသနဲ့ သံတွဲက များပါတယ်။ ဧည့်ကြိုဌာနက မောင်ပုကတော့ စံပြဝန်ထမ်းပါ။ နားရက်မယူ မနက် ၆ နာရီမှ ည ၉ နာရီထိ နေ့စဉ်အလုပ်ဆင်းပါတယ်။ အပိုအလုပ်အနေနဲ့ နေ့စဉ် လေယာဉ်လက်မှတ် ဝယ်ပေးရပါတယ်။ ယနေ့လို ဝယ်ရတာ မလွယ်ပါ။ ငနီအောင်ကတော့ အလွန်သဘောကောင်းပြီး အမြဲတမ်း ပြုံးပြုံးရွှင်ရွှင်နဲ့ ဧည့်သည်ခိုင်းသမျှ အကုန်လုပ်ပေးပါတယ်။ ငနီအောင် မကျေနပ်တာ၊ စိတ်ဆိုးနေတာ မရှိသလောက်ပါပဲ။ ဦးထွန်းမောင်ကတော့ မြန်မာ့ဟိုတယ်လောကမှာ ထမင်းချက်ကောင်း စားဖိုမှူးကြီးပါ။ မြန်မာစာ၊ ရခိုင်စာ၊ ကုလားစာ၊ ဗိုလ်စာအားလုံး ကျွမ်းကျွမ်းကျင်ကျင်နဲ့ အရသာရှိရှိ ချက်နိုင်ပါတယ်။

ကိုအောင်ကျော်မြင့်၊ ဦးကိုကိုကြီး၊ ဦးကိုလေး၊ ဦးကျော်နု၊ ဖိုးပိန်၊ ဖိုးလိန်၊ ဖိုးခွေး၊ ဖိုးအေး၊ ရေခဲ၊ ဂွတို၊ ဒေါ်လာ၊ လှခင်၊ ကိုချစ်ခင်၊ ကိုအောင်လှထွန်း၊ ကိုကျော်ဇံ၊ ကိုစိုးသိမ်း၊ ကိုသန်းမြင့်၊ မောင်ကြီး၊ ကျော်ဝင်းကြည်၊ တင်လှ၊ ထွန်းစိန်၊ ကျော်မြင့်၊ ခင်မောင်ကျော် အားလုံး လူတော်တွေပါ။ စောထွန်းရွှေနဲ့ ဦးလှစိန်ကတော့ မနက် ၅ နာရီဆို သောင်ပြင်မှာ အမှိုက်ရှင်းနေပါပြီ။ ဦးသိန်းမောင်ကတော့ မိုးတွေ လေတွေထဲမှာ ညစဉ်တောင်ပေါ်တက်ပြီး ရေတင်ရပါတယ်။ သာမန်လူ မလုပ်နိုင်၊ မလုပ်ရဲတဲ့ အလုပ်ပါ။ သူတို့တတွေ ရိုးသားကြိုးစားကြလို့ ဧည့်သည်များရဲ့ ကျေနပ်မှုကို အပြည့်ရခဲ့ပါတယ်။

ငါးပုစွန်တွေ ရှာဖွေလို့ရရင် အကြီးဆုံး အကောင်ကို ရွေးပြီး ကျွန်တော့်ကို လာပို့ပေးကြတဲ့၊ သူတို့ကိုယ်တိုင် စိုက်ပျိုးထားတဲ့ စိုက်ခင်းထဲက သီးနှံတွေထဲက ဦးဦးဖျားဖျား လာပို့ပေးကြတဲ့ ကျွန်တော့် ဝန်ထမ်းများရဲ့မေတ္တာ စေတနာကိုလည်း အမြဲသတိရလျက်ပါ။ အခုတော့ သူတို့တွေကို တွေးတွေးပြီး လွမ်းမိပါတယ်။

ဆရာကြီးမင်းသုဝဏ်နဲ့ ဆရာမကြီးတို့ ကျွန်တော့် ဝန်ထမ်းတွေနဲ့ ချစ်ခင်ရင်းနှီးပျော်ရွှင်စွာနဲ့ ဆုံတွေ့ခဲ့ရလို့ ဝမ်းသာမိပါတယ်။ ဆရာကြီးရဲ့ ငပလီကဗျာလေးကို ဖတ်မိတိုင်း ဆရာကြီးနဲ့အတူ ကျွန်တော်ဝန်ထမ်းတွေကို လွမ်းမိပါတယ်။ အထူးသဖြင့် သဘာဝအလှတရားတို့နဲ့ မပျက်စီးသေးတဲ့ ငပလီကိုတော့ အလွမ်းရဆုံးပါပဲ - လွမ်းမိပါသည် ငပလီ။ ။

# ကမ္ဘာ့အဆင့်အရေးပါသည့် မြန်မာ့ရမ်ဆာရေဝပ်ဒေသကြီးများ

စိုးစိုးနိုင်(ကြေးမုံ)

ရေဝပ်ဒေသများသည် လူသားများအသက်ရှင်ရပ်တည်ရန် အထောက်အပံ့ပေးသည့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေ၍ ဂေဟစနစ်ဝန်ဆောင်မှုများကို ပေးသည့်အပြင် သာယာလှပသည့်အတွက် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည်။ ဤသို့ ဖြည့်ဆည်းပေးနေသော ရေဝပ်ဒေသများအား ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့၏ မြောက်ဘက်ပိုင်းဒေသတို့ကို ရမ်ဆာရေဝပ်ဒေသစာရင်းဝင်အဖြစ် သတ်မှတ်နိုင်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသ လေးနေရာရှိလာပြီဖြစ်သည်။

**မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**

မိုးယွန်းကြီးအင်းသည် နိုင်ငံတကာ ရေပျော်ငှက်များ လာရောက်ကျက်စားနားခိုရာ အရေးပါသည့် ရေဝပ်ဒေသတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာရေဝပ်ဒေသထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရမ်ဆာအဖွဲ့ဝင်တစ်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်က ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော ရမ်ဆာရေဝပ်ဒေသအဖြစ် မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို သတ်မှတ်နိုင်ခဲ့သည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသည် စတုရန်း မိုင် ၄၀ ကျယ်ဝန်းပြီး ကမ္ဘာ့အဆင့်မီ ရေတိမ်ဒေသကြီး ၁၉ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အင်းကြီးအတွင်း ကြာတောပေါက်ရောက်မှု ဧရိယာ ၆၈၅ ဧကရှိပြီး ကြာသက်န်းရက်လုပ်သည့် ပဒုမ္မာကြာကိုလည်း ထုတ်ယူရရှိနိုင်သည်။

မိုးယွန်းကြီးအင်းသည် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ပဲခူးမြို့နယ် ပဲခူးမြို့မှ ၁၆ မိုင်ကျော်ဝေးသည့် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးရှိ ပျဉ်ပုံကြီးစံပြကျေးရွာ၏ အရှေ့မြောက်ဖာလုံခန့်အကွာတွင် တည်ရှိပြီး မြောက်ဘက်တွင် ဒိုက်ဦးမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဝေါမြို့နယ်တို့နှင့် ဆက်စပ်တည်ရှိနေသည့် အင်းကြီးဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် ဗြိတိသျှဘားမားသစ်ကုမ္ပဏီက စစ်တောင်းမြစ်လက်တက်မှ ပဲခူးတာဝ ရေထိန်းတံခါးထိ ၃၈ မိုင်ရှည်လျားသည့် ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို ဖောက်လုပ်ခဲ့သည်။ ၎င်းတူးမြောင်းကြီးမှတစ်ဆင့် ရန်ကုန်မြို့သို့ သစ်မျိုးစုံ သယ်ယူခဲ့သည်။ ပဲခူးစစ်တောင်းတူးမြောင်းကြီးနှင့် ဆက်နွယ်ပြီး မိုးယွန်းကြီး ရေလှောင်ကန်ကြီးကို တည်ဆောက်ခဲ့ရာ နှစ်ကာလကြာသောအခါ သဘာဝအင်းကြီးအဖြစ် မြန်မာနိုင်ငံတွင် ထင်ရှားလာသည်။ ၁၉၈၈ ခုနှစ် မတ် ၁၈ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ မိုးယွန်းကြီးရေလှောင်ကန်ကြီးအား မိုးယွန်းကြီးအင်း ဘေးမဲ့တောဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

အင်းကြီး၏ ဘေးမဲ့တောအတွင်းနေထိုင်နားခိုကြသည့် ငှက်မျိုးပေါင်း ၁၂၆ မျိုး၊ ငါးမျိုးစိတ်ပေါင်း ၄၆ မျိုးနှင့် အခြားသော သတ္တဝါများလည်း ကျင်လည်ကျက်စားနေထိုင်ကြသည်။ ထို့ပြင် အင်းကြီး၏ မိုင် ၄၀ ပတ်လည်တွင် ကျေးရွာပေါင်း ၂၀ နီးပါးတည်ရှိပြီး လယ်မြေဧကများစွာ၏ မိုးစပါး၊ နွေစပါးနှင့် အခြားဈေးကွက်ဝင် သီးနှံများစိုက်ပျိုးရေးအတွက် မိုးယွန်းကြီးအင်းမှ အကျိုးပြုလျက်ရှိသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တော၏ သဘာဝဝန်းကျင်သည် ပြည်တွင်းဧည့်သည်များသာမက ပြည်ပဧည့်သည်များကို ဆွဲဆောင်နိုင်သည့် အလှရှုခင်းများကိုလည်း တွေ့မြင်ရသည်။ ငှက်ကြည့်မျှော်စင်များမှဖြစ်စေ၊ ငှက်ကြည့်စခန်းမှဖြစ်စေ ဆောင်းခိုငှက်အပါအဝင် ငှက်မျိုးစုံတို့၏ သဘာဝအတိုင်းနေထိုင်ပုံ၊ ပျံသန်းကြပုံများကို အဝေးမှကြည့်ရှုနိုင်အောင် စီစဉ်ထားသည်။ ယခင်က ဆောင်းခိုငှက်များသည် နိုဝင်ဘာလမှ ဧပြီလအထိ မိုးယွန်းကြီးအင်းသို့ လာရောက်ခိုနားကြလေ့ရှိသည်။ ယခုအခါ ဆောင်းခိုငှက်များသည် လူများနှင့် ဝေးရာနေရာတွင်သာရှိသဖြင့် ကြည့်လိုပါက ပဲ့ထောင်စက်လှေဖြင့် သွားရောက်ကြည့်ရှုနိုင်သည်။ ထို့ပြင် တစ်နေရာနှင့် တစ်နေရာအကူး သစ်သားတံတားလေးများ၊ အပန်းဖြေဘန်ဂလိုအိမ်လေးများမှလည်း မိုးယွန်းကြီးအင်းဘေးမဲ့တော၏ သဘာဝအလှများကို တစ်ဝကြီးခံစားနိုင်ကြသည်။

ယင်းဒေသမှ မိုင် ၇၀ အကွာရှိ ရန်ကုန်မြို့ဝန်းကျင် သဘာဝရှုခင်းများကို ကြည်နူးချမ်းမြေ့စွာ လှည့်လည်ကြည့်ရှုခံစားနိုင်ပြီး ဌာနေရေပျော်ငှက်နှင့် ရွှေ့ပြောင်းငှက်များကို စောင့်ကြည့်လေ့လာနိုင်သည်။ ရေဝပ်ဒေသဂေဟစနစ်နှင့်ပတ်သက်၍ သုတေသနလုပ်ဆောင်နိုင်သည်။ မိုးယွန်းကြီးအင်းသည် မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များလာရောက်ကျက်စားချိန်၌ အဓိကရောက်ရှိသောနေရာတစ်ခုဖြစ်ပြီး ရေပျော်ငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲများစွာကို လေ့လာတွေ့ရှိနိုင်သည့် နေရာတစ်ခုဖြစ်သည်။

**အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အာဆီယံအမွေအနှစ်ဆိုင်ရာ ဥယျာဉ်စာရင်းဝင် ဘေးမဲ့တောဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က မြန်မာနိုင်ငံ၏ ဒုတိယရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခဲ့သည်။ အဆိုပါ ဘေးမဲ့တောကို ဒေသမျိုးရင်းရေကြက်နှင့် ၎င်းတို့ မှီခိုကျက်စားသည့်နေရာများ ကာကွယ်ထိန်းသိမ်းရေးအတွက် ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။



အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ကျက်စားနေသော ရေပျော်ငှက်အချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ- Myanmars. Net)

အင်းတော်ကြီးသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ တည်ရှိပြီး ဧရိယာ စတုရန်းမိုင် ၃၁၄ ဒသမ ၆၇ ကျယ်ဝန်းသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးသဘာဝအင်းကြီးဖြစ်ပြီး ကမ္ဘာ့တတိယအကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် အကြီးဆုံး ကုန်းတွင်းရေဝပ်ဒေသ ရေကန်ဖြစ်သည်။ အင်းတော်ကြီးသည် ပင်လယ်ရေမျက်နှာပြင် အထက် ၅၆၄ ပေအမြင့်၌တည်ရှိပြီး ပြန့်ပြူးညီညာသော လွင်ပြင်များနှင့်အတူ တောင်နှင့်မြောက်ရှည်လျားစွာ တည်ရှိသည်။ အလျား ၁၆ မိုင်ရှိပြီး အနံ ရှစ်မိုင်ကျယ်ဝန်းသည်။ ရေပြင်ကြီးသက်သက် အကျယ်အဝန်းသည် ၄၄ ဒသမ ၉ စတုရန်းမိုင်ရှိသည်။ အင်းတော်ကြီးကန်၏ အရှေ့ဘက်ခြမ်းတွင် ၁၁၇၅ မီတာထက်မြင့်မားသော ကျောက်ဆောင်တောင်တန်းများရှိသည်။

အင်းတော်ကြီးကန်အတွင်း အမှိုက်သရိုက်ကင်းစင်သည်။ ရေကြည်လင်သည်။ ရေပြင်ကျယ်သည် ပင်လယ်ပြင်တမျှ ရှုမဆုံးအောင်လှပလျက်ရှိသည်။ အင်းတော်ကြီးကန်သည် တောင်ရိုးတောင်စွယ်များ ဝန်းရံထားသော ချိုင့်ဝှမ်းကြီးဖြစ်သည်။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် အမြဲစိမ်းသစ်တောနှင့် ရေဝပ်ဂေဟစနစ်တို့ကို ထိန်းသိမ်းထားပြီး ဆင်၊ သမင်၊ ဆတ်၊ စိုင်၊ တောဆိတ်နှင့် ဆောင်းခိုငှက်များ နေထိုင်ကျက်စားကြသည်။

ရွှေ့ပြောင်းဆောင်းခိုငှက်များသည် အရှေ့အာရှသြစတြေးလျမှ အာရှလမ်းကြောင်းအတိုင်း ပျံသန်းလာပြီး အင်းတော်ကြီးကန်၌ နှစ်စဉ်နိုဝင်ဘာလမှ မတ်လကုန်ထိ ငှက်ကောင်ရေ နှစ်သောင်းကျော် နေထိုင်ကျက်စားကြသည်။ အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်တွင် ရှားပါးငှက်များဖြစ်သော ကြိုးကြာ၊ ခရုစုတ်၊ ငှက်ကြီးဝန်ပို၊ ဥပန်း၊ လဒစသည့် ငှက်များကို တွေ့ရှိရသည်။ တစ်ကမ္ဘာလုံး ထိန်းသိမ်းရန်လိုအပ်နေသော ငှက်မျိုးစိတ်များအပါအဝင် မျိုးစိတ်ပေါင်း ၉၇ မျိုးကျော်ကို တွေ့ရှိနိုင်သည်။

စိမ်းလန်းသော သစ်တောအတွင်း အေးဆေးစွာ လမ်းလျှောက်သွားပြီး တောရိုင်းတိရစ္ဆာန်များကို ကြည့်ရှုနိုင်သည်။ အင်းတော်ကြီးကန်အနီးဝန်းကျင်တွင် ငှက်မျိုးပေါင်းများစွာရှိသောကြောင့် သဘာဝအတိုင်း ကျက်စားနေသော ငှက်များကို တစုတဝေးတည်းစောင့်ကြည့်လေ့လာနိုင်သည့်အတွက် အလွန်ကျော်ကြားသော ဒေသတစ်ခုလည်းဖြစ်သည့်အပြင် အင်းတော်ကြီးကန်အတွင်း ရိုးရာ ငါးဖမ်းနေသည့် မြင်ကွင်းများကို လေ့လာနိုင်မည်ဖြစ်ပြီး သမိုင်းဝင်စေတီအဖြစ် ထင်ရှားသော ရွှေမဥ္ဇူစေတီတော်ကိုလည်း ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်သည်။

**မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**

မိန်းမလှကျွန်းဘေးမဲ့တောသည် သဘာဝဒီရေတောနှင့် ဒီရေတောများအတွင်း နေထိုင်ကျက်စားနေသည့် ဇီဝမျိုးကွဲများကို ထိန်းသိမ်းထားသော အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏တတိယမြောက် ရမ်ဆာရေဝပ်ဒေသအဖြစ် ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်က သတ်မှတ်ခဲ့သည်။ ဒီရေတောများသည် ဒီရေနှင့် ဆားငန်ရည်တို့၏ဒဏ်ကို ကာကွယ်ပေးသည့်အပြင် မိကျောင်း၊ မျောက်၊ ဆတ်၊ ငှက်နှင့် ရှဉ့်စသော သက်ရှိသတ္တဝါတို့၏ မှီခိုရာလည်းဖြစ်သည်။ မိန်းမလှကျွန်းကို ၁၉၉၃ ခုနှစ်က တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့သည်။ ယင်းဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် တည်ရှိပြီး ၅၃ စတုရန်းမိုင်ကျယ်ဝန်းသည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရေချိုလိပ်မျိုးနှစ်မျိုးနှင့် လင်းပိုင်များကျက်စားလေ့ရှိသည်။ ဘေးမဲ့တောတည်ထောင်ချိန်မှစ၍ မိန်းမလှကျွန်း၌ မိကျောင်းအရေအတွက် တိုးတက်များပြားလာခဲ့သည်။ မိကျောင်းများသည် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရှိ ချောင်းများအတွင်း ကျက်စားလေ့ရှိသည်။

ဘေးမဲ့တောကို လက်ကျန်လမုတောများအား ထိန်းသိမ်းကာကွယ်ရန် တည်ထောင်ခဲ့ပြီး မိကျောင်းများ၊ ဌာနေငှက်များ၊ ပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များ၊ ရေပျော်ငှက်များ၏ နားခိုရာဒေသအဖြစ်လည်းကောင်း၊ သစ်တောများကိုလည်း တောရိုင်းတိရစ္ဆာန်များ ကျက်စားရာဒေသ၊ အထူးသဖြင့် ငါးနှင့်ပုစွန်တို့အတွက် ပေါက်ပွားရာဒေသအဖြစ်လည်းကောင်း၊ လမုပင်များနှင့် တောရိုင်းတိရစ္ဆာန်များ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သုတေသနဒေသအဖြစ်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ကြားရေးစင်တာတစ်ခုအဖြစ်လည်းကောင်း ထိန်းသိမ်းထားသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် ကြီးမားသောလမုတောများကို မိန်းမလှကျွန်းတစ်ခုတည်း၌သာ တွေ့ရှိရသည်။ ဤသို့ဆွဲဆောင်မှုများစွာရှိသည့် ယင်းဒေသသည် သဘာဝအခြေခံခရီးသွားများအတွက် လေ့လာစရာ အကောင်းဆုံးနေရာတစ်ခုဖြစ်ခဲ့သည်။

**မုတ္တမပင်လယ်ကွေ့၏ မြောက်ဘက်ပိုင်းဒေသ**

မြန်မာနိုင်ငံတောင်ဘက်ရှိ မုတ္တမပင်လယ်ကွေ့၏ မြောက်ဘက်ပိုင်းဒေသကို နိုင်ငံတကာအဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသအဖြစ် ရမ်ဆာကွန်ဗင်းရှင်းမှ မေ ၁၀ ရက်တွင် သတ်မှတ်ခဲ့သည်။ အဆိုပါ ရမ်ဆာဒေသသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ရမ်ဆာရေဝပ်ဒေသဖြစ်ပြီး မွန်ပြည်နယ် စစ်တောင်းမြစ်ဝမှစ၍ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ် အရှေ့ဘက်မြစ်ဝှမ်းဒေသကမ်းခြေအထိ ဧရိယာ ၄၅၀၀၀ ဟက်တာခန့် ကျယ်ဝန်းသည်။

မုတ္တမပင်လယ်ကွေ့ဒေသသည် ကမ္ဘာပေါ်ရှိ မြစ်ဝှမ်းဒေသများအနက် အလွန်တရာမှ သက်ဝင်လှုပ်ရှား ပြောင်းလဲနေသော မြစ်ဝှမ်းဒေသတစ်ခုဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ ရွှံ့ညွန်ထူထပ်သည့် လတာပြင်များအနက် အကြီးမားဆုံးသော လတာပြင်တစ်ခုဖြစ်သည်။

မျိုးသုဉ်းလုနီးပါးဖြစ်နေပြီး တစ်ကမ္ဘာလုံးတွင် ငှက်ကောင်ရေ ၂၄၀ မှ ၄၀၀ ခန့်အတွင်းသာရှိတော့သည့် ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းဆွယ်ဒေသမှ ရေညှောင့်နှုတ်ဝိုင်းငှက်မျိုးစိတ်များသည် ရခိုင်ကမ်းရိုးတန်းနှင့် မုတ္တမပင်လယ်ကွေ့ဒေသတို့တွင် လာရောက်၍ ဆောင်းခိုကြသည်။

မုတ္တမပင်လယ်ကွေ့သည် ရန်ကုန်မြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့မှ အနည်အနှစ်များနှင့် အာဟာရဓာတ်များ ရရှိသည့်အတွက် ကျောရိုးမဲ့သတ္တဝါများ ပေါကြွယ်ဝသဖြင့် ဆောင်းခိုငှက်တစ်သိန်းခွဲခန့်ကို အစာရေစာများပေးဝေနိုင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေညှောင့်နှုတ်ဝိုင်းငှက်ကောင်ရေ၏ ထက်ဝက်ခန့် ဆောင်းခိုရာနေရာတစ်ခုဖြစ်သည့်အပြင် ရေလုပ်သားထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အပံ့ပေးသော နေရာတစ်ခုလည်း ဖြစ်သည်။

အဆိုပါရမ်ဆာဒေသ၏ထူးခြားချက်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော အစိုးရမှ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေမဟုတ်သည့် ဧရိယာတွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဒေသခံများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် Swiss Agency For Development and Cooperation (SDC)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် မုတ္တမပင်လယ်ကွေ့ဒေသရပ်ရွာအခြေပြု ကမ်းရိုးတန်း စီမံခန့်ခွဲမှုစီမံချက်ကို အကောင်အထည်ဖော်နေသော အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature - IUCN)တို့မှ အကြံပြုဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မုတ္တမပင်လယ်ကွေ့ဒေသသည် မွန်ပြည်နယ်ရှိချောင်းဆုံ၊ ပေါင်၊ သထုံ၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိခရမ်း၊ သုံးခွနှင့် ကျောက်တန်းမြို့နယ်များ၏ မြစ်ဝှမ်းဒေသကမ်းခြေများနှင့် ဆက်စပ်တည်ရှိသည်။

မွန်ပြည်နယ်သထုံ၊ ပေါင်နှင့် ချောင်းဆုံမြို့နယ်တို့ရှိ ရေဝပ်ဒေသများနှင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်နှင့် ကဝမြို့နယ်တို့ရှိ ရေဝပ်ဒေသများကိုလည်း ရမ်ဆာရေဝပ်ဒေသစာရင်းဝင်အဖြစ် တိုးချဲ့သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း IUCN မှ ထုတ်ပြန်ချက်အရ သိရသည်။ ။

Kandawgyi Palace Hotel ၌ ကျင်းပမည့် My Dream Wedding ဟု အမည်ပေးထားသည့် Wedding Promotion ပွဲကြီးတွင် ဈေးနှုန်းသင့်တင့်မျှတသော လက်ဝတ်ရတနာပစ္စည်းများကို CKC Jewelry by Win & San မှ ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေရာ - Kandawgyi Palace Hotel
(11-6-2017) (Sunday)

အချိန် - 10:00 AM to 6:00 PM

Aldersgate College ( Philippines ) မှ ပေးအပ်ချီးမြှင့်မည့်
MBA (Master of Business Administration)
MPA (Master of Public Administration)
တန်းခွဲသစ်များကို .... သင်တန်းကြေး လစဉ်အရစ်ကျ ပေးသွင်းတက်ရောက်နိုင်ပါပြီ။

၂၀၁၇၊ ဇွန်လ (၁၅) ရက်နေ့ MPA, ....
ဇွန်လ (၂၉) ရက်နေ့ MBA ဖွင့်ပါမည် ....



သင်တန်းကာလ (၁၈) လ

MPA သင်တန်းချိန်များ
ကြာသပတေး၊ သောကြာ
တနင်္ဂနွေ

MBA သင်တန်းချိန်များ
စီစဉ်နေရာ တိုးတက်ကောင်းမွန်လာတော့မည်ဖြစ်သည်။ ဘူးသီးတောင်နှင့် မောင်တောကို ချိတ်ဆက်ထားသည့် ကားလမ်းကိုလည်း ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သည့်အပြင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ကို ဆက်သွယ်သွားလာနိုင်သည့် ပန်ဇင်းချောင်းတံတားကိုလည်း တစ်ချိန်တည်းဖွင့်လှစ်နိုင်ခဲ့သဖြင့် ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုတိုးတက်လာတော့မည်ဖြစ်သည်။

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍတွင်လည်း မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်တွင် စာသင်ကျောင်း ၁၈၃ ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် စာသင်ကျောင်းပေါင်း ၂၁၉ ကျောင်း၊ ရသေ့တောင်မြို့နယ်တွင် စာသင်ကျောင်း ၁၉၀ တို့မှာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

ဒေသခံကျောင်းသားလူငယ်များအနေဖြင့် ပညာသင်ကြားရေးကို အေးချမ်းစွာ သင်ကြားနိုင်ကြနေပြီဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ယခုအစိုးရသစ် တစ်နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ မူလတန်းကျောင်းသစ် ၆၂ ကျောင်း ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး အမက(ခွဲ) ၂၉ ကျောင်း အသစ် ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ကျောင်းပေါင်း ၂၉၅ ကျောင်းအား အဆင့်တိုးမြှင့်ဖွင့်နိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိကျောင်းပေါင်း ၁၄၀ ကျော်ကို ပြည်ထောင်စုငွေလုံးငွေရင်းမှ ကျပ်ငွေသန်းပေါင်း ၅၇၀၀ ကျော်ဖြင့် ပြုပြင်ဆောက်လုပ် ဆောင်ရွက်နိုင်ခဲ့သည်။ ကျောင်းသုံးပရိဘောဂများလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ ပြည်နယ်ပညာရေးအတွက် အစိုးရသစ်၏ ကြိုးပမ်းပေးမှုတစ်ရပ်ပင်ဖြစ်သည်။

**ကျန်းမာရေးကဏ္ဍ**

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံနှင့် ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများမှာ ပုံမှန်အတိုင်းကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်နေပြီဖြစ်သည်။ မောင်တောခရိုင်အပါအဝင် ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် ဘက်စုံပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**လူဦးရေ ၃ ဒသမ ၃ သန်းကျော်**

ရခိုင်ပြည်နယ်အတွင်းရှိ လူဦးရေ ၃ ဒသမ ၃ သန်းကျော်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခုတင် (၅၀၀) ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် (၁၀၀) ဆံ့ဆေးရုံ ငါးရုံ၊ ခုတင် (၅၀) အောက် ဆေးရုံ ၅၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့ဖြင့် ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**ပို့ကုန်သွင်းကုန်ပမာဏ သုည ဒသမ ၂၇၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့**

မောင်တော ကုန်သွယ်ရေးစခန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်သွယ်မှုများ ပြုလုပ်နိုင်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပို့ကုန်သွင်းကုန်ထက် ယခုအစိုးရသစ် တစ်နှစ်တာကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း၌ ပို့ကုန်သွင်းကုန်ပမာဏ သုည ဒသမ ၂၇၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်။

မောင်တောခရိုင် ကညင်ချောင်းဒေသတွင် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ဈေးတည်ဆောက်ပေးလျက်ရှိရာ ကုန်သွယ်ရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုမြန်ဆန်လာရန် အထောက်အကူပြုစေမည်ဖြစ်သည်။

**သည်နိုင်ငံကို ချစ်မြတ်နိုးရမည်ဟူသောစိတ်**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ရာ အသားအရောင်၊ လူမျိုးဘာသာခွဲခြားမှုမရှိဘဲ သည်မြေ၊ သည်လေ၊ သည်ရေမှာနေထိုင်လျှင် သည်နိုင်ငံကို ချစ်မြတ်နိုးရမည်ဟူသောစိတ်ဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေး စိတ်ဓာတ်များကိန်းအောင်းနိုင်ရန်လည်း ကြိုးစားဖြည့်ဆည်းပေးလျက်ရှိသည်။

**အမုန်းတရားများ ပယ်ဖျောက်**

အမုန်းတရားများထက် အတူတကွလက်တွဲနိုင်သည့် စိတ်ဓာတ်များမွေးမြူကာ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့ မျက်နှာမူနိုင်ရေးဖေးမကူညီပေးလျက်ရှိသည်။

**အနောက်ဘက်တံခါး**

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်ရာ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် နယ်စပ်ခြံစည်းရိုး လုံခြုံခိုင်မာစွာတည်ဆောက် ကာကွယ်ရန်လည်း လိုအပ်လျက်ရှိရာ ပြုပြင်မှု၊ အသစ်တည်ဆောက်မှုများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်နှင့် ထိစပ်လျက်ရှိသော ရခိုင်ပြည်နယ် နယ်စပ်ခြံစည်းရိုးအား လုံခြုံခိုင်ခံ့မှုရှိရန် တည်ဆောက်ရေးအလေးထားဆောင်ရွက်လျက်ရှိသည်။

**ခေတ်မီနည်းစနစ်သုံး စောင့်ကြည့်ရေးကိရိယာများ**

နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးစိုးမိုးရန်လည်း လိုအပ်သည်ဖြစ်ရာ ခေတ်မီနည်းစနစ်သုံး စောင့်ကြည့်ရေးကိရိယာများဖြင့် ပေါင်းစပ်ပြီး ကာကွယ်စောင့်ရှောက်ရန်လည်း ကြိုးစားလျက်ရှိသည်။

**အချို့ဆက်လက်ဆောင်ရွက်လျက်ရှိ**

အစိုးရသစ်တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များကို ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အချို့ပြီးစီးနေပြီး အချို့ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံသားစိစစ်ရေးလုပ်ငန်း**

ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ပါဝင်သူများ၏ ယုံကြည်မှု၊ ဒေသခံများ၏ယုံကြည်မှု၊ နိုင်ငံသူနိုင်ငံသားများ၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှု လိုအပ်သည်ဖြစ်ရာ စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများသည် ခက်ခဲနက်နဲပြီး ရှုပ်ထွေးသည့်သဘောဆောင်နေသော်လည်း ယုံကြည်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အလွန်ကျယ်ပြန့်နက်ရှိုင်း**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် နှစ်ဖက်လူ့အဖွဲ့အစည်းတို့၏ ပြဿနာသည် နှစ်ပေါင်းရှည်ကြာဖြစ်တည်လာရာ အလွန်ကျယ်ပြန့်နက်ရှိုင်းသဖြင့် ကိုင်တွယ်ဖြေရှင်းရာတွင်လည်း စိတ်ရှည်သည်းခံပြီး စဉ်းစားဆုံးဖြတ်လုပ်ကိုင်လျက်ရှိသည်။

**အပြန်အလှန်ယုံကြည်မှု**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ အပြန်အလှန်ယုံကြည်မှုရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ လူမှုဘဝလုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အကူအညီများရရှိမှုတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

**မွန်မြတ်သောစေတနာ**

နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို မွန်မြတ်သောစေတနာဖြင့် အားသွန်ခွန်စိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်အောင်မြင်မှုများရရှိနေသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

၀၀၀



မောင်တောမြို့နယ်၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာကျောင်းတက်လာသည်ကို တွေ့ရစဉ်။



မောင်တောခရိုင်အတွင်းရှိ ငါးသားဖောက်စခန်းတစ်ခုကို တွေ့ရစဉ်။

# နေရောင်ခြည်စွမ်းအင်စနစ် ဆိုလာနည်းပညာကို လျှပ်စစ်ဓာတ်အား အရန်စွမ်းအင်အဖြစ် အသုံးပြုသင့်

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ အသုံးပြုနိုင်စေရန်အတွက် နေရောင်ခြည်စွမ်းအင်စနစ် ဆိုလာနည်းပညာသုံး လျှပ်စစ်စွမ်းအင်ကို အရန်စွမ်းအင်အဖြစ်ထုတ်လုပ်ကာ အသုံးပြုသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက် ကောင်းမွန်ရေးကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက် ကောင်းမွန်ရေးကော်မတီ အတွင်းရေးမှူး ဦးအေးကျော်ကျော်က "ဆိုလာကတော့ နေရောင်ခြည်စွမ်းအင်သုံးနည်းပညာတစ်ခုဖြစ်ပါတယ်။ ဘယ်နည်းပညာမဆို အားနည်းချက်နဲ့ အားသာချက်ဆိုတာကတော့ ရှိနေပြီးသားပါ။ ဆိုလာရဲ့အားနည်းချက်က မိုးအုံ့ပြီး အလင်းရောင်လျော့ကျလာပြီဆိုရင် လျှပ်စစ်စွမ်းအင် အထွက်နည်းလာတာတွေ့ရပါတယ်။ နေပူလို့ အလင်းများရင်တော့ စွမ်းအင်ကောင်းကောင်းထွက်ပါတယ်။ ပြီးတော့ ဆိုလာစွမ်းအင်များများရဖို့ဆိုတာကလည်း ဆိုလာပြားတွေကို နေရာကျယ်ကျယ်မှာ ထားရှိဖို့အတွက် စင်တွေတည်ဆောက်လုပ်ဆောင်ရပါတယ်။ ဆိုလာပြားတွေ ထားရှိဖို့ကလည်း ဒီဆိုလာပြားတွေအတွက် နေရာအကျယ်အဝန်း ဧရိယာပေးရပါတယ်။ ဆိုလာပြားမှာ ဓာတ်အားသိုလှောင်ပြီး ပြန်သုံးလို့ရသလို အစိုးရမီးနဲ့လည်း ပူးတွဲပြီး နှစ်မျိုးကို တစ်ပြိုင်တည်းသုံးတဲ့စနစ်နဲ့လည်း အသုံးပြုလို့ရပါတယ်။ ဒီလိုအသုံးပြုနိုင်မယ်ဆိုရင်တော့ ဓာတ်အားခက ပုံမှန်ထက် ထက်ဝက်လောက်လျော့ကျသွားမှာပါ။ ပြည်ပနိုင်ငံကြီးတွေမှာ ဆိုလာနဲ့ လေအားလျှပ်စစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါပြီ။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြတဲ့ ထိုင်းနဲ့ မလေးရှားနိုင်ငံတွေမှာဆိုရင် ဒီစနစ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တင်ဒါပေးပြီး ထုတ်လုပ်နေတာကို လေ့လာတွေ့ရှိနေရပါတယ်။ မြန်မာနိုင်ငံမှာလည်း လျှပ်စစ်စွမ်းအင်ကို လက်ရှိထက် ဓာတ်အားပိုမိုပြည့်ဝစွာ အသုံးပြုလာနိုင်စေဖို့အတွက် ဆိုလာနဲ့ လေအားလျှပ်စစ်(Wing) တို့ကို အရန်စွမ်းအင်အဖြစ် အသုံးပြုသင့်ပါတယ်"ဟု ပြောသည်။


ထိုင်းနိုင်ငံရှိ စက်ရုံ၏ခေါင်မိုးပေါ်၌ ဆိုလာပြားများအား အမိုးသဏ္ဌာန်ပြုလုပ်တပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားရယူလျက်ရှိသည်ကို တွေ့ရစဉ်။

လက်ရှိအနေအထားအရ ဂျာမနီနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်ဆိုလာနှင့် လေအားလျှပ်စစ်စွမ်းအင်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီဖြစ်ကြောင်း သိရသည်။ ဒိန်းမတ်နိုင်ငံ၏ ပင်မလျှပ်စစ်သုံးစွဲမှု ရာခိုင်နှုန်းအားလုံးတွင် ၄၀ ရာခိုင်နှုန်းကျော်မှာ (Wing) လေဒလက်အားဖြင့်ထုတ်လုပ်ကာ အသုံးပြုနေကြောင်း သိရသည်။ အမေရိကန်၊ သြစတြေးလျ၊ အင်္ဂလန်နှင့် ကနေဒါနိုင်ငံ စသောနိုင်ငံကြီးများတွင် ဆိုလာစနစ်ကို အိမ်သုံးအဖြစ်အသုံးပြုနေကြကြောင်း သိရသည်။ အဆိုပါနိုင်ငံကြီးများတွင် ဆိုလာစနစ်တပ်ဆင်အသုံးပြုနိုင်ရန်အတွက် ၎င်းတို့နိုင်ငံအစိုးရမှ ချေးငွေထုတ်ပေးကြောင်းနှင့် အဆိုပါချေးငွေကို အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးသွင်းနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။ ထို့အပြင် ရရှိလာသော လျှပ်စစ်စွမ်းအင်များမှ မိမိအသုံးပြုသည်ထက် ပိုလျှံသောလျှပ်စစ်စွမ်းအင်များကို အစိုးရနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်သည့် လျှပ်စစ်ကုမ္ပဏီကြီးများသို့ တိုက်ရိုက်ရောင်းချနိုင်ကြောင်း ဝါရင့်လျှပ်စစ်ပညာရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA)အဖွဲ့ဝင် ဦးအောင်ကျော်ဆန်းက "ထိုင်းနိုင်ငံနဲ့ အခြားပြည်ပနိုင်ငံကြီးတွေမှာတော့ စက်ရုံတွေရဲ့ ခေါင်မိုးတွေပေါ်မှာ ဆိုလာပြားတွေတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် (၁၅၀/၃၀၀/၅၀၀)ရရှိအောင် ထုတ်လုပ်နေကြတာတွေ ရှိပါတယ်။ နေရောင်ခြည်ထိတဲ့ စက်ရုံတွေရဲ့ ဘေးနံရံတွေမှာလည်း ဆိုလာဆဲလ်တွေ တပ်ဆင်ထားတာကို တွေ့မြင်ရပါတယ်။ စက်ရုံတွေကတော့ နေ့ဘက်မှာ ဆိုလာကနေထွက်လာတဲ့ စွမ်းအင်ကို အင်ဗာတာတွေနဲ့ ထိန်းချုပ်ပြီး လျှပ်စစ်ကို အသုံးပြုကြပါတယ်။ ညဘက်တွေမှာဆိုရင်တော့ အစိုးရမီးကို အသုံးပြုကြပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ဆိုလာစနစ်ရှိတဲ့ စက်ရုံတွေမှာ ဒီအတိုင်း ကျင့်သုံးနေတာကို တွေ့ရပါတယ်။ ဒီစနစ်က မြန်မာနိုင်ငံမှာလည်း ကျင့်သုံးသင့်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဆိုလာထုတ်လုပ်သူတွေထံကနေ တိကျတဲ့တန်ဖိုးတစ်ခု သတ်မှတ်ပြီး ပြန်ဝယ်ပေးဖို့မူချပေးမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။ လက်ရှိတစ်ယူနစ်ဈေးနဲ့ကတော့ ဆိုလာထုတ်လုပ်သူတွေက မရောင်းနိုင်ဘူးလေ။ အရင်းအနှီးအတွက် နိုင်ငံတကာဘဏ်တိုးတောင် မကာမိတဲ့အတွက် ဆိုလာအသုံးပြုစနစ် ရင်းနှီးမြှုပ်နှံမယ့်သူတွေက မြန်မာနိုင်ငံကို မလာတာလို့ ယူဆလို့ရပါတယ်။ စက်ရုံတွေ၊ လူနေရပ်ကွက်တွေနဲ့ စီးပွားဖြစ်လုပ်ငန်းတွေအတွက် ဓာတ်အားအပြည့်အဝအသုံးပြုနိုင်ဖို့ကို လက်ရှိယူနစ်ဈေးထက်တိုးကောက်မယ်။ ဆိုလာလျှပ်စစ်ကို ထိုက်သင့်တဲ့ဈေးနှုန်းနဲ့ အစိုးရက ကြေညာပေးပြီး ပြန်လည်ဝယ်ယူမယ်ဆိုရင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာဖြစ်ပြီး ပြည်သူများအနေနဲ့လည်း လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ လျှပ်စစ်တစ်ယူနစ်ကို ပြည်သူရောင်းဈေး ငါးဘတ်ဖြစ်ပြီး ဆိုလာသမားထံက ပြန်ဝယ်ဈေး ခုနစ်ဘတ်ရှိတယ်လို့ သိရပါတယ်။ ကုန်ကျစရိတ်က တစ်ခါပဲ ရင်းနှီးမြှုပ်နှံရမယ်။ ရေရှည် အနာဂတ်အတွက် ကောင်းမွန်ပြီး Clean & Green Energy ဖြစ်လို့ သဘာဝပတ်ဝန်းကျင်အတွက်လည်း ဘေးထွက်ဆိုးကျိုးမရှိတဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရောင်ခြည်စွမ်းအင်စနစ် ဆိုလာနည်းပညာဆိုတာ အစိုးရရဲ့ လျှပ်စစ်စွမ်းအင်ကို အရန်စွမ်းအင်အဖြစ် အထောက်အကူပြုစေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဆိုလာအသုံးပြုစနစ်အတွက် နေအိမ်သုံးအပြင် လုပ်ငန်းသုံးများကိုပါ အသုံးပြုမည်ဆိုလျှင် ဆိုလာပြားများအား ကျယ်ကျယ်ပြန့်ပြန့် ဧရိယာတစ်ခုပေးကာ ခင်းကျင်းထားရကြောင်း သိရသည်။ ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံကြီးများတွင် စက်ရုံကြီးများ၏ ခေါင်မိုးဧရိယာအားနေရာယူပြီး ဆိုလာပြားများခင်းကျင်းကာ ဆိုလာစွမ်းအင်နှင့် အစိုးရလျှပ်စစ် နှစ်မျိုးစလုံးကို ပူးတွဲပြီးအသုံးပြုနေကြောင်း သိရသည်။ ထိုစနစ်သည် လျှပ်စစ်ဓာတ်အားချွေတာရေးကို အထောက်အကူပြုသည့်အပြင် လျှပ်စစ်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်းနှင့် သယံဇာတကုန်ဆုံးမှုမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်၊ ကျောက်မီးသွေးနှင့် ဂက်စ်တို့မှ လျှပ်စစ်ထုတ်လုပ်အသုံးပြုနေသော ပမာဏသည် မဂ္ဂါဝပ် ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံနှင့်ကပ်လျက်ဖြစ်သော အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် လူဦးရေ သန်း ၇၀ နီးပါးခန့် နေထိုင်လျက်ရှိကြပြီး လျှပ်စစ်ထုတ်လုပ်မှုပမာဏမှာ မဂ္ဂါဝပ် ၃၀၀၀၀ ကျော်ထုတ်လုပ်နေကြောင်း သိရသည်။ အဆိုပါထုတ်လုပ်မှုတွင် ပင်မအခြေခံထုတ်လုပ်မှုအဖြစ် ရေအားလျှပ်စစ်၊ ကျောက်မီးသွေးစွမ်းအင်၊ ဂက်စ်တို့ဖြင့် လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာနည်းပညာနှင့် လေဒလက်များဖြင့် ထုတ်လုပ်သော လေအားလျှပ်စစ်များလည်း ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(MLA)**

# အမှိုက်ပြဿနာဖြေရှင်းရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် အမှိုက်မှ မြေဩဇာထုတ်လုပ်သောနည်းပညာကို အကြိုက်ဆုံးဖြစ်

စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အဓိကအားထားဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်သလို မြေယာများ၏ အရည်အသွေးမှာလည်း ညံ့သည်ကများသောကြောင့် အမှိုက်ပြဿနာဖြေရှင်းရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် အမှိုက်မှ မြေဩဇာထုတ်လုပ်သောနည်းပညာကို အကြိုက်ဆုံးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ထံမှ သိရသည်။

"အမှိုက်ကိစ္စနဲ့ပတ်သက်ပြီး ပြည်ပက နည်းပညာတွေနဲ့ အကူအညီပေးဖို့ လာရောက်နေတာ လက်ရှိမှာ မုံရွာမြို့အနေနဲ့ အမှိုက်တန် ၁၁၀ လောက်ထွက်နေပြီး ဧက ၇၀ လောက်ရှိတဲ့မြေနေရာမှာပစ်နေပေမယ့် မီးလောင်တဲ့အတွက် စည်ပင်က မြေ ၁၀ ဧကအကျယ်ဝယ်ထားပြီး ကျင်းတူးထည့်တဲ့စနစ်၊ မြေမြှုပ်တဲ့စနစ်၊ မီးရှို့စနစ်တွေနဲ့ ရှင်းလင်းသွားဖို့ စီစဉ်နေပါတယ်။ အကြိုက်ဆုံးနည်းပညာက အမှိုက်ကနေ မြေဩဇာထုတ်တဲ့စနစ်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးက စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်သလို မြေကလည်း အရည်အသွေးညံ့တာက များတာကြောင့် စိုက်မရတာကများတဲ့အတွက် စိုက်လို့ရအောင်လုပ်ရမှာဖြစ်ပါတယ်"ဟု ဝန်ကြီးဦးမြင့်ကြည်က ပြောကြားသည်။



မုံရွာမြို့၏ ကြီးထွားလာသော အမှိုက်ပြဿနာနှင့်ပတ်သက်၍ မည်သည့်နည်းပညာဖြင့် ဆောက်ရွက်လျှင် ကိုက်ညီနိုင်မည်နှင့် ဂျပန်နိုင်ငံအစိုးရသို့ မည်သည့်နည်းလမ်းဖြင့် အကူအညီတောင်းခံလျှင် ရနိုင်မည်များကို ဂျပန်နိုင်ငံနေ ABSDFဥက္ကဋ္ဌဟောင်း ဦးထွန်းအောင်ကျော်၏ ချိတ်ဆက်ဟောပြောပွဲကို ဇွန် ၈ ရက် နံနက်ပိုင်းက မုံရွာမြို့ အုတ်ကန်တောရကျောင်းတိုက်တွင်ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာဝန်ကြီး ဦးမြင့်ကြည်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စိတ်ဝင်စားသူများ တက်ရောက်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် မြေယာများဖော်ထုတ်ထားရာ အမှိုက်မှတစ်ဆင့် ထုတ်လုပ်မည့် မြေဩဇာများရှိလာလျှင် များစွာအကျိုးရှိနိုင်သည့်အတွက် အစိုးရ၊ ပြည်သူ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်လျှင် အမှိုက်ပြဿနာ ပြေလည်သွားစေမည်ဖြစ်ကြောင်း ဦးမြင့်ကြည်က အကြံပြုသည်။ စစ်ကိုင်းတိုင်းဒေသကြီးသို့ လာရောက်လေ့လာကမ်းလှမ်းလာသည့် ကုမ္ပဏီများစွာ ရှိသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်မှုမရှိသေးကြောင်း အမှိုက်ပြဿနာဖြေရှင်းရာတွင် မဖြစ်နိုင်သည်မှာမရှိဘဲ မဖြစ်သေးသည်သာရှိရာ အမြန်ရှင်းသည်နှင့် ဖြည်းဖြည်းရှင်းခြင်းသာ ကွာသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

"မုံရွာမှာ အမှိုက်ပုံမီးလောင်တယ်ဆိုတာကြားတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ဖိတ်ကြားတဲ့အတွက် အမှိုက်ကို ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းပညာကို အကြံပေးဟောပြောတာဖြစ်ပါတယ်။ အမှိုက်မီးရှို့တဲ့စနစ်က အနည်းဆုံး သန်း ၂၀၀ လောက်ရှိတော့ ဈေးသိပ်ကြီးပါတယ်။ ရန်ကုန်မြို့လို မြို့ကြီးမှာသာသုံးသင့်ပြီး မုံရွာမှာတော့ တစ်သန်းခွဲ၊ နှစ်သန်းလောက်တန်ဖိုးရှိတဲ့ စက်မျိုးလုပ်နိုင်မယ်ဆိုရင် အလုပ်ဖြစ်နိုင်ပါတယ်။ အဓိကက အစိုးရဘတ်ဂျက်မရှိဘူးဆိုရင် ဂျပန်အစိုးရနဲ့ညှိနှိုင်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေနဲ့ လှမ်းလျှောက်တဲ့နည်းသုံးနိုင်သလို အဓိကဖြစ်နေတာက လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေက ဘယ်နည်းလမ်းနဲ့ ဆောင်ရွက်ရမယ်ဆိုတာကို မသိဘူးဖြစ်နေတဲ့အတွက် သိတာတွေကို လာရောက်ပြောပြတာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ ဂျပန်အစိုးရရဲ့ထောက်ပံ့မှုကို လျှောက်မယ်ဆိုရင် အများကြီးရလာနိုင်ဖို့ရှိပါတယ်။ ဂျပန်ဝန်ကြီးချုပ် ပြောထားတာက တိုင်းဒေသကြီးနဲ့ ပြည်နယ် ဖွံ့ဖြိုးရေးတွေကို ဦးစားပေးလိုတယ်ဆိုတာပါပဲ။ မုံရွာရဲ့ အမှိုက်အခက်အခဲက ဘယ်လိုရှိတယ်၊ ဘယ်လိုကျော်လွှားရမယ်၊ ဂျပန်ရဲ့ အကူအညီတွေ လိုအပ်နေတယ်ဆိုတာကို တင်ပြလျှောက်ထားရင် အကူအညီရရှိဖို့ ရာနှုန်းပြည့်နီးပါး အခြေအနေမှာရှိပါတယ်"ဟု ABSDF ဥက္ကဋ္ဌဟောင်း ဦးထွန်းအောင်ကျော်က ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အအေးပတ်၍ဖြစ်သော နောက်ဆက်တွဲရောဂါများ

ကြည်လွင်မြင့်(မုံရွာ)



အအေးပတ်ခြင်းကို လွယ်လွယ်နှင့်ပြီးသွားမည်ထင်ကြသည်။ ထိုသို့မဟုတ်ပါ။ အအေးပတ်ခြင်းကြောင့် နောက်ဆက်တွဲရောဂါများစွာရှိသည်။ အခန့်မသင့်လျှင် တစ်ကြိမ်အအေးပတ်(အအေးမိ)ရုံဖြင့် အသက်ပါသွားသော ဝေဒနာရှင်များရှိပါသည်။

စာရေးသူ၏ဘေးခန်းသို့ လေဖြတ်ပြီး ခန္ဓာကိုယ်၏ ညာဘက်တစ်ခြမ်းလုံး မလှုပ်နိုင်သူတစ်ဦးရောက်လာပါသည်။ စကားလည်း ပီသအောင်မပြောနိုင်တော့ပါ။ ထိုသူသည် အသက် (၅၀) ကျော်မျှသာရှိသေးသဖြင့် အသက်ကြီးပြီဟု မဆိုသာပါ။ ညက အပေါင်းအသင်းဟောင်းများနှင့်တွေ့ပြီး စကားစမြည်ပြောရင်း ဘီယာဆိုင်ထိုင်ခဲ့သည်ဟုဆိုသည်။ ဘီယာ၏သတ္တိကြောင့် ညက သုံးကြိမ်ခန့်ဆီးထသွားရသည်။ နံနက် ၃ နာရီခွဲခန့်တွင် နောက်ဆုံးအကြိမ် ဆီးထသွားပြီးနောက် အိမ်သာအဆင်းတွင်လဲကျနေခဲ့ကြောင်းနှင့် လဲပြီး တစ်နာရီခန့်ကြာမှ အိမ်သားများနိုးလာပြီး သိရှိကြကြောင်း ပြောပါသည်။

**လေဖြတ်သူချင်းအတူတူ**

လေဖြတ်သူချင်းအတူတူ ဘယ်ခြမ်းလေဖြတ်ခြင်းနှင့် ညာခြမ်းလေဖြတ်ခြင်းမတူပါ။ လူအများစုမှာ ညာသန်များ ဖြစ်ကြသည်။ ညာသန်သူ ညာခြမ်းလေဖြတ်လျှင် စကားပြောသောလျှာပါ စောင်းရွဲ့သွားသဖြင့် စကားမပီဖြစ်သည့် အနောက်တိုင်းဆေးပညာရှင်များ၏ အယူအဆမှာ ဦးနှောက်ဘယ်ခြမ်းရှိ စကားပြောဆိုမှုထိန်းချုပ်ထားသောဧရိယာ (speak centre)ကို သွေးထောက်ပံ့မှုမရတော့သဖြင့် စကားမပီခြင်း၊ မပြောနိုင်တော့ခြင်းဖြစ်သည်ဟုဆိုသည်။ ထို့အတူပင် ဘယ်သန်သောသူ (ဘယ်သန်)၌ ဘယ်ဘက်အခြမ်းလေဖြတ်လျှင်လည်း စကားမပီဖြစ်သည်ကို တွေ့ရပါသည်။ သတိပြုကြရန် တင်ပြပါသည်။ တရေးနိုးအပေါ့သွားတတ်သည့်အကျင့်ရှိလျှင် မိမိအိပ်ရာအနီးတွင် အိုးထားပြီးသွားလျှင် အဆင်ပြေနိုင်ပါသည်။

အအေးပတ်ပြီးဖျားသူ၊ နှာစေးချောင်းဆိုးဖြစ်သူ၊ ခေါင်းအုံခေါင်းကိုက်ဖြစ်သူ အများစုမှာ ဆိုင်ကယ်စီးသူများဖြစ်ကြသည်။ နံနက်စောစော ဦးထုပ်မပါဘဲ ဆိုင်ကယ်စီးပြီး ပါးရွဲ့သူ မိန်းကလေးအတော်များများကို ကုသပေးရဖူးသည်။ သာမန်အေးသောအချိန်တွင်ပင် ဆိုင်ကယ်စီးလျှင် လေတိုးပြီး အအေးပတ်နိုင်သည်ကို သတိပြုဖို့ လိုသည်။ ယခုအခါမြန်မာပြည်တစ်ဝန်း မြို့ရောတောပါ ဆိုင်ကယ်စီးသူ သိန်းချီတိုးပွားလာသဖြင့် အအေးပတ် ရောဂါရသူလည်း ရှေးကထက်ပို၍များကြောင်း တွေ့ရသည်။

ဆိုင်ကယ်စီးလျှင် ရှေ့ရင်ဘတ်ကိုကာကွယ်သည့် အကျီမျိုးဝတ်သင့်သည်။ အလွန်အေးလျှင် လည်စည်း၊ မာဖလာ စသည်များပတ်ထားသင့်သည်။ မျက်နှာကို လေကာပါသည့်ဆိုင်ကယ်ဦးထုပ်ကို ဆောင်းသင့်သည်။ လက်များအအေးမိပြီး ကျဉ်လျှင် ဆိုင်ကယ်ကိုမထိန်းနိုင်ဖြစ်လေ့ရှိသဖြင့် လက်အိတ်ဝတ်ဆင်ခြင်းသည် ပို၍စိတ်ချရသည်။ အအေးမိပြီး လက်များကျဉ်လာရာမှ ဆိုင်ကယ်မထိန်းနိုင်ဘဲ တိမ်းမှောက်သူ၊ တိုက်ခိုက်မိသူများလည်း တွေ့ရဖူးပါသည်။

**လေဖြတ်ရောဂါနှင့် ပါးရွဲ့ခြင်း**

ပါးရွဲ့ရောဂါသည် လေဖြတ်ရောဂါနှင့် တွဲဖြစ်ခြင်းရှိသကဲ့သို့ လေမဖြတ်ဘဲ မျက်နှာအအေးပတ်ရာမှ ပါးရွဲ့ခြင်းလည်းရှိပါသည်။ အသက်ကြီးသူများတွင် လေဖြတ်ရောဂါဖြစ်သကဲ့သို့ အသက်ငယ်ရွယ်သူများမှာ ပါးရွဲ့ရောဂါ ဖြစ်လေ့ရှိသည်။ မိန်းကလေးများ ပို၍အဖြစ်များသောရောဂါဖြစ်သည်။ သွေးပေါ်နေချိန် ခေါင်းလျှော်သူ၊ ခေါင်းလျှော်ပြီး ဆိုင်ကယ်စီးသူ၊ ကားမှန်တစ်ခြမ်းဖွင့်စီးသူများတွင် ပို၍ဖြစ်နိုင်ပါသည်။ အအေးပတ်ခြင်း၏ နောက်ဆက်တွဲရောဂါတွင် ပါးရွဲ့ခြင်းမှာ အဆိုးဆုံးဖြစ်သည်။ မျက်နှာတစ်ခြမ်းရွဲ့ပြီး မျက်စိတစ်ဖက် ပိတ်မရသဖြင့် အလွန်ကြည့်ရဆိုးသည်။

**ရှောက်ရွက်ဟင်းချို**

အအေးပတ်ခြင်းကြောင့်ဖြစ်သော အစာမကြေရောဂါလည်း ရှိသေးသည်။ ခြေဖျားလက်ဖျားအေးနေသောသူများ အစာမကြေရောဂါဖြစ်လေ့ရှိသည်။ အိမ်အပြင်ထွက်ပြီး အအေးပတ်လာခဲ့လျှင် ပြန်ရောက်ရောက်ချင်း ထမင်းစားလျှင် ပူနွေးသောအစာကိုသာ စားသင့်သည်။ အေးသောအစာ ထမင်းအေး၊ ဟင်းအေး၊ ငှက်ပျောသီး၊ ပန်းသီးစသည်များစားမိလျှင် အစာမချေနိုင်သဖြင့် ချက်ချင်း ခြေဖျားလက်ဖျားအေးစက်လာပြီး နေမကောင်းဖြစ်နိုင်သည်။

အအေးပတ်ထားသူများ ထမင်းစားလျှင် အလွယ်တကူပြုလုပ်နိုင်သောဟင်းချိုမှာ ရှောက်ရွက်ဟင်းချိုဖြစ်သည်။ ရေနွေးဆူဆူကို ကြွေပန်းကန်လုံးတွင်ထည့်ပါ။ ချင်း လက်တစ်ဆစ်ခန့်ထုချေပြီးထည့်ပါ။ ကြက်သွန်နီတစ်ဥ၊ ကြက်သွန်ဖြူ ခုနစ်မွှာခန့်ကိုလည်း ဓားပြားရိုက်ပြီးထည့်ပါ။ ထို့နောက် ရှောက်ရွက်အနည်းငယ်ကို ကတ်ကြေးဖြင့် ပါးပါးညှပ်ထည့်ပြီး အုပ်ထားလိုက်ပါ။ အငွေ့လုံအောင်အုပ်ထားလျှင် ဖွင့်လိုက်သောအခါ ရှောက်ရွက်နံ့မွှန်နေသော ပူနွေးသည့် ဟင်းချိုတစ်ခွက် ရပါလိမ့်မည်။ အအေးမိကာကွယ်ပြီး အစာကြေမှုအတွက် အထောက်အကူလည်းဖြစ်၊ အလွယ်တကူ ပြုလုပ်နိုင်သော ရှောက်ရွက်ဟင်းချိုတစ်ခွက်ဖြစ်ပါသည်။

**ဆေးကြိုတင်သောက်**

အဆုတ်ပွရောဂါ၊ အဆုတ်အအေးမိရောဂါဖြစ်သူများ၏ အဆုတ်ကို ဓာတ်မှန်ရိုက်ကြည့်သောအခါ အဆုတ်အတွင်းတွင် ရေငွေ့များရောက်နေသည်ကို တွေ့ရသည်။ ရေငွေ့ကြောင့် အဆုတ်တွင် ပြင်ပမှရှူသွင်းသောလေ အပြည့်မဝင်နိုင်တော့သဖြင့် မောပြီးအသက်ရှူကျပ်သောဝေဒနာကို ခံစားရလေသည်။ ရင်ဘတ်ကိုအအေးမိသူများမှာ အဆုတ်ရောင်ရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါများပါ ဖြစ်နိုင်သည်။ အဲကွန်းနှင့် အိပ်သူများတွင် ရင်ဘတ် အအေးပတ်ခြင်း၊ အဆုတ်ပွခြင်းရောဂါများ ဖြစ်လေ့ရှိသဖြင့် အလွန်အကဲအေးအောင်မဖွင့်သင့်ပေ။

"ခြေဖျားအေးမှ နဖူးပူ . . ၊ ထိုလူဖျားမည်မှတ်"ဟု ရှေးကဗိန္ဒောဆရာကြီးများပြောသည့် လင်္ကာရှိသည်။ ရေစပ်စပ်၊ သမံတလင်း၊ ကျောက်ပြား စသည့်အေးသောနေရာတွင် ကြာကြာရပ်ပြီး အလုပ်လုပ်ရသူ၊ လမ်းလျှောက်ရသူများသည် ဖျားချင်သလိုဖြစ်ပြီဟု ထင်သောအခါ နဖူးကိုစမ်းကြည့်လေ့ရှိသည်။ နဖူးပူပြီး ခြေဖျားအေးနေလျှင် ဖျားတော့မည်၊ ဆေးကြိုတင်သောက်ဖို့လိုပြီဟုဆိုသည်။

ချင်း၊ ထန်းလျက်ပြုတ်ရည်သည် ရှေးကတည်းက မြန်မာလူမျိုးတို့အသုံးပြုခဲ့သော အအေးပတ်အဖျားကာကွယ်ဆေးဖြစ်သည်။ ငန်းဆေးခေါ် ဆေးပူတစ်မျိုးမျိုးကို ကွမ်းရွက်ပြုတ်ရည်ဖြင့်သောက်သည့် အလေ့အထလည်းရှိသည်။ ကွမ်းရွက်သည် အခိုးပွင့်စေသောအရွက်မျိုးဖြစ်သည်။

**ခြေဖျားအေးသော်**

ခြေဖျားအေးသောသူကို ဝမ်းမနုတ်ရ၊ သဘော်သီးမှည့်၊ ငှက်ပျောသီးမှည့်စသော အအေးစာများမကျွေးရ။ ဝမ်းနူးစေသည့် ပဲဟင်း၊ ချဉ်ရည်ဟင်း၊ မန်ကျည်းဖျော်ရည်၊ သံပရာရည် စသည်တို့ကို မပေးရဟု ရှေးဆရာကြီးများ မိန့်မှာလေ့ရှိသည်။ ခြေဖျားအေးသူ ဝမ်းပျက်လျှင် ထိန်းမရဘဲ အထက်လှန်အောက်လျှောရောဂါ ဖြစ်တတ်သည်။

အအေးပတ်သူသည် ဆန်ပြုတ်၊ စွပ်ပြုတ်ပူပူသောက်ပြီး စောင်ဖြင့် နွေးထွေးစေသောအခန်း၊ လေလုံသောအခန်းတွင် တစ်ရက်ခန့်အနားယူသင့်သည်။ ခြေဖျားနွေးမှ ထမင်းစားသင့်သည်။ လေတိုက်တွင်နေခြင်း၊ ရေအေးချိုးခြင်းတို့ကို ခေတ္တရှောင်ကြဉ်ခြင်းဖြင့် ပြန်လည်နေကောင်းအောင် နေထိုင်သင့်ကြောင်း တင်ပြအပ်ပါသည်။ ။

## မှူခင်းပညာပေးပြခန်းယာဉ် ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် ပညာပေးဆောင်ရွက်

**ရန်ကုန် ဇွန် ၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၈) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမပေါ်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းသို့ ဇွန် ၅ ရက် နံနက်ပိုင်းက မှူခင်းပညာပေးပြခန်းယာဉ် ရောက်ရှိလာပြီး ပညာပေးပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ခန့် ကြည့်ရှုလေ့လာခဲ့သည်။

လာရောက်ကြည့်ရှုလေ့လာသည့် ကျောင်းသား ကျောင်းသူများအား ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမော်ဦးစီးသော အဖွဲ့ဝင်များ၊ ယာဉ်ထိန်း တပ်ဖွဲ့စု (၃၀)မှ ဒု-ရဲမှူးအောင်ဝင်းနှင့်အဖွဲ့၊ လူကုန်ကူးမှုရဲတပ်ဖွဲ့တပ်ဖွဲ့စု(၆)မှ ရဲအုပ် သိန်းငွေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၄၁)မှ ရဲအုပ်မြတ်ဖုန်း ဦးစီးသောအဖွဲ့တို့သည် မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို သိရှိစေရန်၊ ပြစ်မှုကျူးလွန်ခြင်းမခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မှုခင်းကြိုတင်ကာကွယ်ရေး အကြံပြုချက်များ ရေးသားထားသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ကျော်စိုးမိုး**

■

## သုံးရေကန်အတွင်း ငါးအများအပြား ထူးဆန်းစွာသေဆုံး

**ဆိပ်ကြီးခနောင်တို ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ဇွန် ၈ ရက် နံနက် ၇ နာရီခွဲခန့်တွင် ဆိပ်ကြီးအနောက်ရပ်ကွက် အမက ၂ ကျောင်းလမ်း ကျောင်းအနောက်ဘက်ရှိ အကျယ်ပေ ၁၂၀၊ အနံပေ ၈၀၊ အနက် ကိုးပေခန့်ရှိ သုံးရေကန်အတွင်းမှ ငါးအများအပြား သေဆုံး၍ ရေပေါ် ပေါ်နေပြီး သေဆုံးသည့်ငါးများမှာ ပါးဟက်ညိုဝမ်းဗိုက်နီပြီး သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် ငါးသေများအားစားသုံးမှုမရှိစေရေး ထိန်းသိမ်းလျက်ရှိသည်။

ရေကန်မှာ နုန်းများပြီး နှစ်ကြာရေများဖြစ်ကာ ရေအရောင်မှာ စိမ်းညိုရောင်ဖြစ်နေ၍ ရေအပေါ်ပိုင်းမှာရေမှော်များနှင့်ပြည့်နေသဖြင့် အဆိုပါကန်ရေမှာ သုံးစွဲရန်မသင့်သည့်အနေအထားတွေ့ရှိရ၍ မြို့နယ်ဒေသန္တရဆေးပေးခန်းမှ ကျေးလက်ကျန်းမာရေးမှူး ဒေါက်တာ ဇင်နွယ်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးမှ AEO ဦးဝင်းထွန်းတို့ လာရောက်ကြည့်ရှုကာ ကန်ရေနမူနာအား ဓာတ်ခွဲစစ်ဆေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဝေယံ (ဆိပ်ကြီးခနောင်တို)

# ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဟားခါး၌ကျင်းပ



**ဟားခါး ဇွန် ၉**

ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ချင်းပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဒါလ်းဇခမ်က ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ဆွေးနွေးအကြံပြုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ့၊ ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းရွှေနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(ဟားခါးခရိုင် ပြန်ဆက်)**

# မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်ဖွင့်

**မိုးကောင်း ဇွန် ၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှေ့၌ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှုက ရုံးမြေနေရာအလှူရှင် ဦးမျိုးလွင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းတို့ကရုံးသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



အဆိုပါရုံးသစ်သည် အလျား ၆၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၂ ပေခွဲရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၃၁၉၅ သန်း အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(၄၉၉)**

# ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ယင်းမာပင် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး ကျော်အောင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ပညာရေးဌာနမှ အလက ခွဲ-၂ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာရွှေဦးဆောင်သော ဆရာ၊ ဆရာမများနှင့်ပူးပေါင်းကာ ပြည်သူ့အကျိုးပြုလုပ်အားပေးပွဲကို ဇွန် ၉ ရက် နံနက် ၇ နာရီမှ ၈နာရီခွဲအထိ ယင်းမာပင်မြို့ အလက ခွဲ-၂ ကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်အားပေးပွဲတွင် ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး ကျော်အောင်၏အနီးကပ်ကြီးကြပ်မှုဖြင့် ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် အင်အား ၅၁ ဦးနှင့် ပညာရေးဌာနမှ အလက ခွဲ-၂ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာရွှေ ဦးဆောင်သော ဆရာ ဆရာမများ စုစုပေါင်းအင်အား ၆၄ ဦးတို့က ကျောင်းဝင်းအတွင်းပညာသင်ကြားသင်ယူနေကြသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူလေး များအတွက် ခြင်အန္တရာယ်မဖြစ်ပွားရေးနှင့် အခြားရောဂါများ မဖြစ်စေရေးကို အထူးဂရုပြုအလေးထားကာ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပလနကျေးရွာအုပ်စု၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မြစ်ကြီးနား ဇွန် ၉**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ မှုခင်းအသိပညာပေးဟောပြောပွဲကို ဇွန် ၉ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ပလန)ရှိ အေးမြသီတာခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်က မှုခင်းကြိုတင်ကာကွယ်ရေး မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး လုပ်ငန်းစဉ်များအား အသိပေး ရှင်းလင်းပြောကြားပြီး အမှတ်(၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်စိုးရန်လင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးစွဲသူများတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် နောက်ဆက်တွဲဆိုးကျိုးများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ် ရဲမျိုးသန့်က နေ့စဉ်နှင့်အမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ ယာဉ်မတော်တဆမှု ဖြစ်ပွားကာ လူသားအရင်းအမြစ်များ အသက်ဆုံးရှုံးဒဏ်ရာရမှုဖြစ်စဉ်များ၊ ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးစေရေး သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် အမှတ်(၁၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်နေမျိုးခန့်က လူကုန်ကူးမှု ဖြစ်ပွားရသည့် အခြေခံအကြောင်းအရင်းများ၊ လူကုန်ကူးမှု ဖြစ်ပွားရာတွင် ပြစ်မှုကျူးလွန်ခံရသူများတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ထိခိုက်ဆုံးရှုံးမှုများနှင့် လူကုန်ကူးမှု မဖြစ်ပွားစေရေးအတွက် သိရှိထားရမည့် ဆောင်ရန်၊ ရှောင်ရန်များအား Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။ **ဦးလေးကြီး**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျရှိစေရေး အဝေးပြေးယာဉ်မောင်းသူများအား ရှောင်တခင်စစ်ဆေး

**ကလေး ဇွန် ၉**

ကလေးခရိုင် ကလေးမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျရှိစေရေးနှင့် ခရီးသွားပြည်သူများအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်စေရေးကို ရည်ရွယ်လျက် ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီက ကလေးမြို့အထွက် ကလေး- ဂန့်ဂေါကားလမ်းတွင် တာဝန်ရှိသူများပူးပေါင်း၍ အဝေးပြေးခရီးသည်တင် ယာဉ်ကြီး၊ ယာဉ်ငယ်မော်တော်ယာဉ်များအား ပညာပေးကာလအဖြစ် ရှောင်တခင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ကြကြောင်း သိရသည်။



အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးနှင့်ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရန် ယာဉ်မောင်းသူများအားသတ်မှတ်လိုင်စင်များပြည့်စုံမှန်ကန်မှုရှိ၊ မရှိ၊ အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာ၍ အရက်သေစာသောက်စားထားခြင်းရှိ၊ မရှိ၊ မော်တော်ယာဉ်များတွင် ထိုင်ခုံခါးပတ် (Seat Belt) တပ်ဆင်ထားခြင်းရှိ၊ မရှိ၊ မော်တော်ယာဉ်သတ်မှတ် လိုင်စင်များ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်းရှိ၊ မရှိစစ်ဆေးခဲ့ကြရာ သတ်မှတ်စည်းကမ်းနှင့်မညီညွတ်သည့် ယာဉ်နှင့် ယာဉ်မောင်းများအား သတ်မှတ်စည်းကမ်းဖြင့် ညီညွတ်စွာမောင်းနှင်ကြရန် အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ခရိုင်မီးသတ်တပ်ဖွဲ့နှင့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကော်မတီတို့ ပူးပေါင်း၍ရှောင်တခင်စစ်ဆေးခဲ့ကြခြင်းဖြစ်ပြီး ယင်းသို့ ပူးပေါင်းရေးအဖွဲ့များဖြင့် မကြာခဏ ရှောင်တခင်စစ်ဆေးသွားမည်ဖြစ်ရာ သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှုမရှိပါက ၂၀၁၅ ခုနှစ်မော်တော်ယာဉ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကလေးမြို့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဂျိုးနက်**

# အငြိမ်းစားဝန်ထမ်းများ Mobile Payment ဖြင့် ပင်စင်လစာထုတ်ယူနိုင်ပြီ

**နိုင်ငံ့ဝန်ထမ်း အငြိမ်းစားလစာငွေများကို Mobile Payment ဖြင့် ထုတ်ယူနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဒေါ်ဆင့်ဆင့်အောင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်တို့ အမေးအဖြေပြုလုပ်သည့် Mobile Payment စနစ် ဝန်ဆောင်မှုအကြောင်းကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။ ပထမဆုံး ဆရာမအမည်နဲ့ တာဝန်ယူထားတဲ့ အပိုင်းကို မိတ်ဆက်ပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်မကတော့ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စာရင်းဌာန၊ သုတေသန၊ လေ့ကျင့်ရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန ဌာနနှစ်ခုကို တာဝန်ယူဆောင်ရွက်နေတဲ့ အထွေထွေမန်နေဂျာ ဒေါ်ဆင့်ဆင့်အောင်ဖြစ်ပါတယ်။

အခု Mobile Payment စနစ်ကို သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနရှိ ICT ဌာန စိတ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money (MMM)နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။Mobile Payment စနစ်ကို ဘယ်နေ့က စတင်ဆောင်ရွက်ပြီး ဘယ်လိုဆောင်ရွက်ပေးတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ Mobile Payment စနစ်ဖြစ်တဲ့ မိုဘိုင်းဖုန်း အသုံးပြုပြီး ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ တယ်လီဖုန်းပြောဆိုခ ဖြည့်တင်းခြင်းတို့ကို (၁၅. ၁၀. ၂၀၁၅) ရက်နေ့က စတင်ဆောင်ရွက်ပေးပြီး အငြိမ်းစားလစာထုတ်ပေးခြင်းကိုတော့ (၂၂. ၂. ၂၀၁၆) ရက်နေ့က စတင် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အငြိမ်းစား ၁၄၆ ဦး Mobile Payment စနစ်နဲ့ အငြိမ်းစားလစာ ထုတ်ယူလျက်ရှိပါတယ်။

**မေး။ ။ အရင်က အသုံးပြုတဲ့ အငြိမ်းစားစာအုပ်၊ E-pension ကတ်စတဲ့စနစ်တွေကိုရော ဆက်လက်အသုံးပြုလို့ ရနိုင်ပါသလား။**

ဖြေ။ ။ အငြိမ်းစားများဆန္ဒရှိတဲ့အတိုင်း ပင်စင်စာအုပ်၊ E-pension ကတ်၊ ATM ကတ်(သို့မဟုတ်) မိုဘိုင်းဖုန်း နှစ်သက်ရာအသုံးပြုပြီးအငြိမ်းစားလစာထုတ်ယူနိုင်ပါတယ်။

**မေး။ ။ အခု ဆောင်ရွက်ပေးနေတဲ့ Mobile Payment စနစ်က အရင်ဆောင်ရွက်ခဲ့တဲ့စနစ်နဲ့ ကွာခြားချက်၊ အားသာချက်များရှိရင် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ Mobile Payment စနစ်ရဲ့ အားသာချက်ကတော့-

(၁) ဥပမာအနေနဲ့ဆိုရင် ရန်ကုန်ဘဏ်ခွဲ တစ်ဘဏ်ဘဏ်မှာ အငြိမ်းစားလစာထုတ်ယူနေတဲ့ အငြိမ်းစားဟာ ခရီးသွားနေရင်းဖြစ်စေ မန္တလေးရောက်ရှိတဲ့အခါ မန္တလေးမှာရှိတဲ့ မည်သည့်မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ MMM ကခန့်အပ်ထားတဲ့ ပြင်ပအေးဂျင့်တွေမှာ အငြိမ်းစားလစာထုတ်ယူနိုင်ပါတယ်။

ယခုလိုနီးစပ်ရာမှာ ထုတ်ယူနိုင်တဲ့အတွက် အငြိမ်းစားများအနေနဲ့ သွားလာရတဲ့ အခက်အခဲကင်းဝေးစေသလို အချိန်ကုန်လည်း သက်သာစေပါတယ်။

(၂) ယခင် E-pension ကတ်နဲ့ထုတ်မယ်ဆိုရင် အငြိမ်းစားလစာငွေကျပ် ၁၀၀၀၀၀ ရရင် ငွေကျပ် ၁၀၀၀၀၀ လုံးအပြည့်ထုတ်ယူရပါတယ်။

Mobile Payment ကတော့ အငြိမ်းစားလစာငွေကျပ် ၁၀၀၀၀၀ အပြည့် ဖုန်းအတွင်း ထည့်သွင်းပေးထားပေမယ့် ဆန္ဒရှိတဲ့ငွေပမာဏကို အလီလီထုတ်ယူနိုင်ပါတယ်။

**မေး။ ။ ဒီစနစ်ကို ဆောင်ရွက်ပေးရတဲ့ ရည်ရွယ်ချက်ကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ဒီစနစ်ဆောင်ရွက်ပေးရတဲ့ ရည်ရွယ်ချက်တွေကတော့-

(၁) အငြိမ်းစားအနေနဲ့ မိမိတို့ရဲ့ အငြိမ်းစားလစာကို မိုဘိုင်းဖုန်းအသုံးပြုပြီး လွယ်ကူလျင်မြန်စွာထုတ်ယူနိုင်ခြင်း။

(၂) ခေတ်မီဘဏ်လုပ်ငန်းစနစ်ကို အသုံးပြုစေလိုခြင်း။

(၃) မိမိတို့ကြိုက်နှစ်သက်ရာ မည်သည့်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌မဆို ထုတ်ယူနိုင်သလို နီးစပ်ရာ MMM မှ ခန့်အပ်ထားတဲ့ ပြင်ပအေးဂျင့်များ၌လည်း ထုတ်ယူနိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

**မေး။ ။ ပင်စင်ထုတ်ယူမယ့် ဝန်ထမ်းအနေနဲ့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ မိုဘိုင်းဖုန်းနဲ့ အငြိမ်းစားလစာထုတ်ယူလိုတဲ့ အငြိမ်းစားအနေနဲ့ MPT, MecTel Sim Card အသုံးပြုထားတဲ့ ဖုန်းတစ်လုံးရှိရန် လိုအပ်ပါတယ်။ အဲဒီအပြင် Mobile Payment System အသုံးပြုလိုကြောင်း မိုဘိုင်းဖုန်းနဲ့ မှတ်ပုံတင်ရပါမယ်။

**မေး။ ။ အငြိမ်းစားဝန်ထမ်းများ Mobile Payment စနစ်အသုံးပြုနိုင်ဖို့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ Keypad ဖုန်း အသုံးပြုတဲ့ အငြိမ်းစားဖြစ်ပါက ၁၆၆၆ သို့ Join စာသားကို SMS ပေးပို့နိုင်သလို *666# USSD Code အသုံးပြု၍ မှတ်ပုံတင်နိုင်ပါတယ်။

Touch Screen ဖုန်းအသုံးပြုတဲ့ အငြိမ်းစားဖြစ်ပါက ဘဏ်မှထည့်သွင်းပေးသော Application မှတစ်ဆင့် ကြိုက်နှစ်သက်ရာ အင်္ဂလိပ်၊မြန်မာဘာသာဖြင့် မှတ်ပုံတင်နိုင်ပါတယ်။

လုပ်ငန်းစဉ်အနေနဲ့ကတော့ လစဉ် လဆန်း ၁၈ ရက်နေ့မှာ မိုဘိုင်းဖုန်းထဲကို အငြိမ်းစားလစာထည့်သွင်းပြီးကြောင်း အငြိမ်းစားများထံ SMS ပေးပို့ပါမယ်။ အဲဒီနောက်မှာတော့ ၂၀ ရက်မှာ မိုဘိုင်းဖုန်းနဲ့ အငြိမ်းစားလစာလွယ်ကူစွာ ထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။

မေး။ ။ နောက်ထပ် ဖြည့်စွက်ပြောကြားလိုပါက ဖြည့်စွက်ပြောကြားပေးပါ။

ဖြေ။ ။ အခုဆိုရင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ပြည်သူများအကြား Mobile Payment စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နဲ့ နားလည်သဘောပေါက်စေရန် နိုင်ငံပိုင်သတင်းစာများ၌ သတင်းစဉ်ထည့်သွင်းခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိတာပါတယ်။ အငြိမ်းစားတွေအနေနဲ့လည်း Mobile Payment စနစ်နဲ့ ATM စနစ်တို့ကို အသုံးပြုသူပိုမိုများပြားလာစေရန်နဲ့ နိုင်ငံတော်မှ အကောင်အထည်ဖော်နေသော Financial Inclusion တွင် တစ်စိတ်တစ်ဒေသအနေဖြင့် ပါဝင်ခြင်း ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။


မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)အထွေထွေမန်နေဂျာ ဒေါ်ဆင့်ဆင့်အောင်။

**မျိုးဇာဇာဦး(မြန်မာ့အသံရေဒီယို)**

# ၂၀၁၇- ၂၀၁၈ ခုနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ်ဘီလီယံ ၁၉၈၀ ဒသမ ၆၇ ထုတ်ချေးပေးမည်



**ရွှေဘို ဇွန် ၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးအတွက် ချေးငွေနှင့် စိုက်ဧကပမာဏ၌ သီးနှံအမျိုးအစား သုံးမျိုးတွင် လယ်ယာမြေဧကပေါင်း ၁၇ ဒသမ ၀၁ သန်းလျာထားလျက်ရှိရာ ချေးငွေပမာဏ ကျပ်ဘီလီယံပေါင်း ၁၉၈၀ ဒသမ ၆၇ ဘီလီယံဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စပါးစိုက်ဧကသန်းပေါင်း ၁၁ ဒသမ ၂၃ အတွက် ချေးငွေပမာဏ ကျပ်ဘီလီယံပေါင်း ၁၆၈၅ ဒသမ ၀၅၊ အခြားသီးနှံစိုက်ဧကသန်းပေါင်း ၅ ဒသမ ၆၅ အတွက် ချေးငွေပမာဏ ကျပ်ဘီလီယံပေါင်း ၂၈၂ ဒသမ ၃၇၊ ချက်ကြံစိုက်ဧကသန်းပေါင်း သုည ဒသမ ၁၃ အတွက် ချေးငွေပမာဏ ကျပ်ဘီလီယံပေါင်း ၁၃ ဒသမ ၂၅ ဖြစ်သည်။၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် မိုး၊ ဆောင်း၊ မိုးကြို ထုတ်ချေးရန်လျာထားမှုမှာ မိုးချေးငွေကျပ် ၁၅၇၉ ဒသမ ၇၄ ဘီလီယံ၊ ဆောင်းချေးငွေကျပ် ၃၆၀ ဒသမ ၀၆ ဘီလီယံ၊ မိုးကြိုချေးငွေကျပ် ၄၀ ဒသမ ၈၇ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၉၈၀ ဒသမ ၆၇ ဘီလီယံဖြစ်သည်။

ချေးငွေအပေါ်အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတွက် ရှစ်ရာခိုင်နှုန်း အတိုးနှုန်း ကောက်ခံမည်ဖြစ်ပြီး တစ်လလျှင် သုည ဒသမ ၆၇ ပြားသာကျသင့်ပါသည်။ ချေးငွေအမျိုးအစားမှာ နှစ်ချင်းဆပ်ချေးငွေဖြစ်သည်။

ချေးငွေထုတ်ပေးမည့်အစီအစဉ်မှာ မိုးချေးငွေကို ယခင်နှစ်အတိုင်း မြို့နယ်ဘဏ်ခွဲသို့ တောင်သူများကိုယ်တိုင် လာရောက်ချေးယူရန်ဖြစ်ပြီး ဆောင်းချေးငွေမှစ၍ ကျေးရွာအုပ်စုအရောက် ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခင်နှစ် ချေးငွေအရင်း၊ အတိုးကျေစွာ ပေးဆပ်ပြီးသူဖြစ်ရမည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိပြီးသူဖြစ်ရမည်။ လုပ်ကွက်ငယ် တောင်သူလယ်သမားများအား ဦးစားပေးသည့်အနေဖြင့် သီးနှံ ၁၀ ဧကအထိ လုပ်ကိုင်သူများကို ထုတ်ချေးပေးမည်။ ဘဏ်တွင် ငွေစုစာရင်းဖွင့်လှစ်ထားပြီးသူ ဖြစ်ရမည်။ ဆန္ဒအရ ပါဝင်သော တောင်သူသုံးဦးပါဝင်သည့် အဖွဲ့ဖြင့် ထုတ်ချေးမည်။ ချေးငွေအရင်း၊ အတိုးပေးဆပ်ခြင်းအား မြို့နယ်ဘဏ်ခွဲတွင် လာရောက်ပေးဆပ်ရမည်။ တောင်သူများ၏ ချေးငွေအပေါ်မှ မည်သည့်အကြောင်းနှင့်မျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြတ်တောက်ခြင်း၊ တောင်းယူခြင်း၊ ကောက်ခံခြင်း၊ ခုနှိမ်ခြင်းမပြုရဟူ၍ ထုတ်ပြန်ချက်များအရ သိရသည်။

ချေးငွေနှုန်းထားမှာ စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း(ယခင်နှစ်အတိုင်း)၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း(ယခင်နှစ်က တစ်ဧက ၂၀၀၀၀ နှုန်း)၊ ချက်ကြံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း(ယခင်နှစ်အတိုင်း) ဖြစ်သည်။ ယခင်က ချေးငွေထုတ်ချေးသည့်ပုံစံမှာ ကျေးရွာဘဏ်စနစ်ဖြင့် ကျေးရွာများအရောက် ၁၉၅၃-၁၉၅၄ ခုနှစ်မှ ၁၉၉၆-၁၉၉၇ ခုနှစ်အထိ ထုတ်ချေးခဲ့သည်။

ဝိုင်းကြီးချုပ်စနစ် ငါးဦး အာမခံသည့်စနစ်ဖြင့် ၁၉၉၇-၁၉၉၈ ခုနှစ်မှ ၁၉၉၈-၁၉၉၉ ခုနှစ်အထိ ထုတ်ချေးခဲ့သည်။ ဝိုင်းကြီးချုပ်စနစ် ငါးဦးမှ ၁၀ ဦးအထိ အာမခံသည့်စနစ်ဖြင့် ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ထုတ်ချေးခဲ့သည်။ မြို့နယ်ဘဏ်ခွဲများသို့ တောင်သူများမှ ကိုယ်တိုင်လာရောက်ထုတ်ယူသည့်စနစ်ဖြင့် ၁၉၉၇-၁၉၉၈ ခုနှစ်မှ ယနေ့အထိ ထုတ်ချေးခဲ့သည်။

ချေးငွေထုတ်ချေးသည့်ကာလနှင့် ပြန်ဆပ်သည့်ကာလမှာ မိုးချေးငွေကို မေလမှ စက်တင်ဘာလကုန်အတွင်း ထုတ်ချေးပေး၍ နောက်နှစ် ဧပြီ ၁၅ ရက်အတွင်း၌ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ဆောင်းချေးငွေကို အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ထုတ်ချေးပေး၍ နောက်နှစ် ဇွန်လအတွင်း၌ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

မိုးကြိုချေးငွေကို ဇန်နဝါရီလမှ မတ်လအတွင်း ထုတ်ချေးပေး၍ နောက်နှစ် ဖေဖော်ဝါရီလအတွင်း၌ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေမှ ယခုနှစ် မေ ၂၄ ရက်ထိ အကြွေးကျန် အမျိုးအစားပေါင်း ကိုးမျိုးမှ ရရန်ကြွေးကျန် ငွေကျပ်သိန်းပေါင်း ၈၁၅၇၄ ဒသမ ၁၀ သိန်းရှိနေကြောင်း ယင်းမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးခင်မောင်ကျော်က ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို အဆင်ပြေချောမွေ့စေရေးနှင့် ပိုမိုတိုးမြှင့်၍ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေထုတ်ယူကြသော တောင်သူများကလည်း တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်ဆပ်ကာလတွင် တာဝန်ကျေပြွန်စွာ ထမ်းဆောင်သင့်လှပေသည်။ **(ရောင်နီတင်ဝင်း)**


## တိုးချဲ့ရွာလယ်လမ်းဖောက်လုပ်ခြင်းနှင့် လမ်းမီးဓာတ်တိုင်များစိုက်ထူ

**နေပြည်တော် ဇွန် ၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဒိုးနွယ်အုပ်စု ရွာသစ်ကျေးရွာ ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် အဖွဲ့ဝင်များ၊ ကျေးရွာလူမှုစည်ပင်အဖွဲ့၊ မီးလင်းရေးကော်မတီနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းသော တိုးချဲ့ရွာလယ်လမ်းကို ဇွန် ၇ ရက်က ဖောက်လုပ်ကြသည်။

အဆိုပါ ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းသော တိုးချဲ့ရွာလယ်လမ်းမှာ အလျားပေ ၁၀၀၀ နှင့် အနံပေ ၂၀ ရှိကြောင်း၊ အရင်ကလမ်းဟောင်းမှာ ကျဉ်းမြောင်းသဖြင့် လမ်းပိုကျယ်လာအောင် အလှူရှင်များက ဝိုင်းဝန်းလှူဒါန်းခြင်းဖြစ်ကြောင်း၊ လမ်းမပေါက်သေးသော နေရာများကိုလည်း အလှူရှင်ရှိသဖြင့် ဖောက်ပေးခြင်းဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ပြီးပါက ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းကော်မတီမှ လမ်းမီးဓာတ်တိုင် ၂၂ တိုင်၊ မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများဖြင့် မီးလင်းသည်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဝေက ပြောသည်။

ရွာသစ်ကျေးရွာ ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ်တွင် လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၅၀ ကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ရေလောင်းအိမ်သာ နှစ်လုံးနှင့် အဝီစိသောက်ရေတွင်းတစ်တွင်း ပြုလုပ်ပေးပြီးဖြစ်ကြောင်း၊ ယခုအခါ လမ်းမီးဓာတ်တိုင် ၂၂ တိုင်၊ မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ၉၅ သိန်းကျော်အထိ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ကျေးရွာခန်းမ ခြံစည်းရိုးကိုလည်း ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**


09730688865, 095012536, 094202507778


edexcel
CAMBRIDGE International Examinations
ကျောင်းချိန်လွတ် Evening & Sat-Sun
IGCSE SPECIAL CLASS
2018 MAY-OCT IGCSE EXAM
1. Accounting
2. Business Studies
3. Biology
4. Chemistry
5. Economics
6. English
7. Physics
8. Mathematics
9. Additional Mathematics
2017 JUNE
09 45040 7041
09 45040 7042
Institute of International Professionalism


STANFORD
Prestige English School
Age 3-5 English Pre School
Age 6-13 Weekday/Weekend English Class
All Age Weekday/ Weekend 4 Skills 50% off
Foreign Teachers/ New Classroom
like us on facebook
Tel : +95 9773529386
Stanford Prestige English School
Address:No.44 Si sone st. Sanchaung Township


ချောင်းဆိုးရင်ကျပ်ရောဂါများအတွက် အထူးကောင်းမွန်သော
ဆင်ရိုး
အမှတ်တံဆိပ်
ချောင်းဆိုးရင်ကျပ်သောက်ဆေး
TMR008014(0115)
အမှတ် ၉၉၊ မာလာမြိုင် (၃)လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
:01-522356, :09-73012063


ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
Mathematics
ပထမအကြိမ်ထုတ်
ဝယ်ယူအားပေးထားကြသော ကျောင်းသား/သူများ
မိမိတို့ဝယ်ယူထားသည့်ဆိုင်တွင် အခမဲ့ရယူနိုင်ပါပြီ။


MYANMAR GOLF FEDERATION
MYANMAR GOLF TOUR
PROFESSIONAL GOLFERS ASSOCIATION MYANMAR
MYANMAR GOLF TOUR 2017
Presented by
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
၁၅ - ၁၈၊ ဇွန်လ၊ ၂၀၁၇
ဟံသာဝတီဂေါက်ကွင်း၊ ပဲခူး။
Organized by





# ကံ့ကော်ရိပ် အင်္ဂမတန်း [၅၁] ခုံ

၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေး စည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ဓာတုဗေဒ | ဒေါက်တာမမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

**Student's Review**

အင်္ဂမတန်း ၂၀၁၅ / ၂၀၁၆ / ၂၀၁၇ ခုနှစ်

ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၇)ခုတွင် စစ်ဆေးခဲ့သော မေးခွန်း (၅၁) ခုံ

အင်္ဂလိပ်စာ မေးခွန်းဟောင်း(မေးခွန်းပုံစံ) နှင့် အဖြေများ UTA (ရန်ကုန်တက္ကသိုလ်)

သင်္ချာ မေးခွန်းဟောင်း(မေးခွန်းပုံစံ) နှင့် အဖြေများ Dr.TW(Maths.)

ဧကာရီစာပေ ၆/၃၄၊ နေပြည်တော်လမ်း၊ ... ရန်ကုန်မြို့။ ...၊ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။



အကောင်းဆုံး သင်ကြားပြသမှုကို ဝန်ဆောင်မှုပေးမည်

ဦးညာဏ်လှိုင် (ရူပဗေဒ)
ဦးညီညီ (ဓာတုဗေဒ)
ဒေါက်တာဝင်း (ဇီဝဗေဒ)
သင်ကြားတည်ဆောက်ခွင့်လုပ်သော

**N-3**

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဆော်ဒါ

ကျောင်းကြိုတင်အပ်လက်ခံပြီ

၅ တန်း မှ ၁၀ တန်း အထိ

အမှတ်(၁၃၄)လှည်းတန်းလယ်ရေးလမ်း... အင်းစိန်မြို့နယ်။

Ph: 01-577874, 09-73180267, 09-421167047, 09-420046938



သို့ ရောင်းရန်ရှိသည်။

90' x 90' (R.C)၊

စက်မှုဇုန် (၂) ၊ လှိုင်သာယာ

(နေရာအလွန်ကောင်း)

Ph : 09787200511



မမော် အိမ်၊ခြံ၊မြေ ဝန်ဆောင်မှု

ထောက်ကြံ့၊ မှော်ဘီ၊ မင်္ဂလာဒုံ

Ph : 09-43113406, 09-32306670, 09-780365890

| | | | |
|---|---|---|---|
| ၁။ | ၂၅' × ၆၀' | မြေသီးသန့် | ၁၉၀ |
| ၂။ | ၁၀၀' × ၁၀၀' | မြေသီးသန့် | ၄၅၀ |
| ၃။ | ၅၀' × ၁၀၀' | မြေသီးသန့် | ၂၅၀ |
| ၄။ | ၄၀' × ၁၂၀' | ထောက်ကြံ့တိုက်တန်း | ၅၅၀ |
| ၅။ | ၄၀' × ၆၀' | ရွှေနှင်းသာ ဂရန် | ၄၂၀ |
| ၆။ | ၁၆၅' × ၄၀၀' | ရွှေနှင်းသာ(ဂရန်) | ၂၅၀၀ |
| ၇။ | ၄၀' × ၆၀' | မြေသီးသန့် | ၁၃၀ |
| ၈။ | ၂၅' × ၁၀၀' | အဆောက်(၂)ခန်းတွဲအသစ် | ၂၇၀ |
| ၉။ | ၄၀' × ၆၀' | တစ်ထပ်တိုက်အသစ် | ၁၀၀ |

အမှတ်(၃/၁၁)... ရပ်ကွက်အမှတ်(၃) ... မင်္ဂလာဒုံမြို့နယ်။


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ... အမှတ်( ၃၄ ) ...

လွှဲအပ်သူ ... ဒေါ်ခိုင်ခိုင်စိန်း

(LL.B , D.B.L , D.I.L) (စဥ်-၇၇၉၄၇)

ဖုန်း - 09-5080073 , 09-453367863, 09-442700828 , 09-401602800

Email- aungmyayrealestate@gmail.com

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ... ကန့်ကွက်လိုသူရှိပါက ... အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးထွန်းအောင်

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၂၅)

ဖုန်း- ၀၉-...

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-ကုလားတန်း၊ ကွင်း/အကွက်အမှတ်-(၁၂၄-အေ)၊ လှေလမ်းကွင်း၊ ဦးပိုင်အမှတ် (၁၈/၂)၊ ဧရိယာ(၈. ၁၃)ဧကရှိ လယ်ယာမြေနှင့် ယင်းလယ်ယာမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသောင်းမြင့်[၁၂/တတန(နိုင်)၁၀၃၉၂၈]ထံမှ ကျွန်တော်ဦးဇော်လင်း[၁/မကန(နိုင်)၀၁၂၅၅၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လင်း**

**[၁/မကန(နိုင်)၀၁၂၅၅၆]**

**ဖုန်း-၀၉-၄၂၀၀၈၄၅၅၅**

